# ကြေးမုံ

The Mirror Daily

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

Established in 1957


**လောကကို ထွန်းလင်းတောက်ပ**

အချင်းချင်း ခိုက်ရန်ဖြစ်ပွားခြင်းသည် မကောင်း။ ရန်ပြုတတ်သူတို့အလယ်တွင် ရန်မပြုဘဲနေခြင်းသည်လည်းကောင်း၊ ကိလေသာအနှိပ်စက်ခံရသူတို့အလယ်၌ ကိလေသာ အနှိပ်အစက်မခံရဘဲနေခြင်းသည်လည်းကောင်း၊ ကာမဂုဏ်ကို ကြောင့်ကြစိုက်ကုန်သောသူတို့အလယ်၌ ကြောင့်ကြမစိုက်ကုန်ဘဲနေခြင်းသည်လည်းကောင်း ချမ်းသာ၏။

လောကဝင်(ဓမ္မပဒ-၁၇၃)


၁၃၈၃ ခုနှစ်၊ တပေါင်းလဆန်း ၁၂ ရက်၊ တနင်္လာနေ့။ Monday, 14 March 2022 ၁၀၆၇၇


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅)ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများ စစ်ဆေးခြင်းများ အပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

---

## အဋ္ဌမအကြိမ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ စတုတ္ထအစည်းအဝေး ဒုတိယနေ့ကျင်းပ

စာမျက်နှာ » ၃

## စိုက်သုမြေမှ သန္ဓေတည်လာသည့် နေကြာသီးနှံ သုတေသနရလဒ်များမှသည် တောင်သူအများ ဝင်ငွေတိုးတက်ရေးဆီသို့ . . .



စာမျက်နှာ » ၆

တပ်မတော်နေ့အကြို ဂုဏ်ပြုဆောင်းပါး

## တပ်မတော်သားမျိုးဆက်လေးဆက်



စာမျက်နှာ » ၈

## တရုတ်နိုင်ငံပြည်မကြီး၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၁၈၀၇ ဦးတွေ့ရှိ



စာမျက်နှာ » ၁၃



## ရသစုံလင် ပြုံးပျော်ရွှင်

စာမျက်နှာ » ၂၀၊ ၂၁

## လျှပ်စစ်ကြောင့် မီးလောင်ခြင်းမှ သတိပြုကာကွယ်

စာမျက်နှာ » ၂၃

---

## ထူးခြားသည့် နေ့အပူချိန်များ

| နေပြည်တော် မတ် ၁၃ | | |
|---|---|---|
| ချောက် | ၄၃ | ဒီဂရီစင်တီဂရိတ် |
| တံတားဦး | ၄၂ | ဒီဂရီစင်တီဂရိတ် |
| မကွေး | ၄၂ | ဒီဂရီစင်တီဂရိတ် |
| အောင်လံ | ၄၂ | ဒီဂရီစင်တီဂရိတ် |
| တောင်တွင်းကြီး | ၄၂ | ဒီဂရီစင်တီဂရိတ် |
| ဘောလခဲ | ၄၂ | ဒီဂရီစင်တီဂရိတ် |
| စစ်ကိုင်း | ၄၁ | ဒီဂရီစင်တီဂရိတ် |
| ညောင်ဦး | ၄၁ | ဒီဂရီစင်တီဂရိတ် |
| လှိုင်းတက် | ၄၁ | ဒီဂရီစင်တီဂရိတ် |
| မင်းဘူး | ၄၁ | ဒီဂရီစင်တီဂရိတ် |
| ပေါက် | ၄၁ | ဒီဂရီစင်တီဂရိတ် |

မိုး/ဇလ

# ပဲခူးတိုင်းဒေသကြီး ဖြူးမြို့နယ် ဖြူး-အုတ်ဖြတ်-မုန်းလမ်းပေါ်ရှိ စစ်တောင်းမြစ်ကူးတံတား(အုတ်ဖြတ်) မကြာမီ ဖွင့်လှစ်မည်



မကြာမီ ဖွင့်လှစ်တော့မည့် စစ်တောင်းတံတား (အုတ်ဖြတ်)ကို တွေ့ရစဉ်။

ရန်ကုန် မတ် ၁၃

ပဲခူးတိုင်းဒေသကြီး ဖြူးမြို့နယ် ဖြူး-အုတ်ဖြတ်-မုန်း ကားလမ်းပေါ်တွင် ဆောက်လုပ်ရေးဝန်ကြီးဌာန တံတားဦးစီးဌာန တံတားအထူးအဖွဲ့(၁၀) က တာဝန်ယူတည်ဆောက်ခဲ့သော စစ်တောင်းမြစ်ကူးတံတား(အုတ်ဖြတ်)မှာ ယခုအခါ တည်ဆောက်ခြင်းလုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးသွားပြီဖြစ်၍ ပြည်သူများ အသုံးပြုနိုင်ရန် မကြာမီ ဖွင့်လှစ်တော့မည်ဖြစ်သည်။

အဆိုပါ စစ်တောင်းမြစ်ကူးတံတား(အုတ်ဖြတ်)၏ တံတားကိုယ်ထည်မှာ သံကူကွန်ကရစ်ဖြစ်သည်။ တံတားအရှည်ပေ ၆၂၀၊ တံတားအကျယ် ၂၉ ပေ၊ ရေလမ်း ကင်းလွတ်အမြင့် ၂ ဒသမ ၄၄ မီတာ၊ ရေလမ်းကင်းလွတ်အကျယ် ၂၄ ဒသမ ၉၉ မီတာရှိပြီး တံတားခံနိုင်ဝန်မှာ ယာဉ်တစ်စီးချင်း တန် ၆၀ ဖြစ်ကြောင်း သိရသည်။

စာမျက်နှာ ၇ ကော်လံ ၅ သို့ ❒

ကြေးမုံ

# ကိုဗစ်-၁၉ ရောဂါကို တက်ညီလက်ညီတုံ့ပြန်ကြိုးပမ်း

မြန်မာနိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါ တတိယလှိုင်းကြုံတွေ့ရစဉ်က ကုသရေး ပိုင်းဆိုင်ရာနှင့် အောက်ဆီဂျင်လိုအပ်ချက် စသည့်အခက်အခဲများကြောင့် ရောဂါ ကူးစက်ခံရသည့် ပြည်သူများကြား စိုးရိမ်ဖွယ်ရာအခြေအနေများနှင့် ကြုံခဲ့ရသည်။ သို့သော်နိုင်ငံတော်အစိုးရ၏ စီမံညွှန်ကြားဆောင်ရွက်မှုများ၊ ကျန်းမာရေးဝန်ထမ်း များ၏ ကြိုးပမ်းအားထုတ်မှုနှင့် ပြည်သူများ၏ ပူးပေါင်းပါဝင်လိုက်နာဆောင်ရွက် မှုများကြောင့် ကိုဗစ်-၁၉ ရောဂါကူးစက်မှုမှာ တစ်နေ့တခြားကျဆင်းလာပြီး ရောဂါကူးစက်မှုနှုန်း တစ်ရာခိုင်နှုန်းဝန်းကျင်သာရှိခဲ့သည်။

ကိုဗစ်-၁၉ ရောဂါသည် ကမ္ဘာပေါ်တွင် ဆက်လက်ဖြစ်ပွားနေပြီး နိုင်ငံအများ အပြားတွင် ဆက်လက်ကူးစက်လျက်ရှိရာ စတုတ္ထလှိုင်းကို ထပ်မံကြုံတွေ့နေရ သည်။ ကိုဗစ်-၁၉ ရောဂါ စတုတ္ထလှိုင်းအတွင်း မြန်မာနိုင်ငံ၌ ရောဂါကူးစက်ဖြစ်ပွား မှုမှာ ၂၀၂၂ ခုနှစ် ဖေဖော်ဝါရီလဆန်းပိုင်းမှစတင်၍ ရောဂါကူးစက်မှု သိသာစွာ မြင့်တက်လာခဲ့သည်။ ကိုဗစ် - ၁၉ စတုတ္ထလှိုင်း ဖြစ်ပွားမှုနှင့်ပတ်သက်၍ ထိုကာလ အတွင်း ရောဂါကူးစက်မှုနှုန်း တစ်နေ့ထက်တစ်နေ့ မြင့်တက်လာသဖြင့် နေ့စဉ် ရောဂါကူးစက်ခံရသူ ၃၀၀၀ ကျော်၊ ၄၀၀၀ ခန့်ဖြင့် ကူးစက်မှု ၁၀ ရာခိုင်နှုန်းအထက် ရောက်ရှိလာရာ ပြည်သူများမှာ စိုးရိမ်ပူပန်မှုဖြစ်လာကြသည်။

သို့သော် ရောဂါဖြစ်ပွားနှုန်းသည် ယခုမတ်လဆန်းမှစတင်၍ ရောဂါကူးစက်မှု နှုန်း ပြန်လည်ကျဆင်းလာသသည်။ မတ်လ ၈ ရက်နေ့ညမှ မတ်လ ၉ ရက်နေ့ ညအထိ ရောဂါစစ်ဆေးတွေ့ရှိမှုထုတ်ပြန်ချက်အရ ဓာတ်ခွဲအတည်ပြုလူနာ ၁၃၀၁ ဦးရှိ၍ ပိုးတွေ့ရာခိုင်နှုန်း ၆ ဒသမ ၁၄ ရာခိုင်နှုန်းရှိသည်။ မတ်လ ၁၀ ရက် နေ့ညအထိ တစ်နေ့တာတွေ့ရှိထုတ်ပြန်မှုအရ ဓာတ်ခွဲအတည်ပြုလူနာ ၉၄၂ ဦး ရှိပြီး ရာခိုင်နှုန်းအားဖြင့် ၄ ဒသမ ၇၈ ရာခိုင်နှုန်းရှိသည်။ မတ်လ ၁၁ ရက်နေ့ည တစ်နေ့တာစစ်ဆေးတွေ့ရှိချက်အရ ဓာတ်ခွဲအတည်ပြုလူနာ ၉၅၆ ဦးရှိပြီး ရာခိုင် နှုန်းအားဖြင့် ၄ ဒသမ ၉၃ ရာခိုင်နှုန်းရှိသည်။ ကိုဗစ်-၁၉ စတုတ္ထလှိုင်းတွင် မြန်မာ နိုင်ငံ၌ ရောဂါဖြစ်ပွားနှုန်း မြင့်တက်လာရာမှ တစ်လအတွင်း ပြန်လည်ကျဆင်း သွားပြီး ရောဂါကြောင့် သေဆုံးမှုနှုန်းမှာလည်း သုည ဒသမ ၁ ဝန်းကျင်ခန့်ရှိ၍ ဝမ်းမြောက်ဖွယ်ဖြစ်သည်။

ရောဂါဖြစ်ပွားနှုန်း လျင်မြန်စွာကျဆင်းလာခြင်းနှင့် ရောဂါကြောင့် သေဆုံးမှု လျော့ကျလာခြင်းသည် ကိုဗစ်-၁၉ ရောဂါ စတုတ္ထလှိုင်းမဖြစ်ပွားမီကတည်းက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ လမ်းညွှန်မှုဖြင့် ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများကို ကြိုတင်ပြင်ဆင်ဆောင်ရွက်နိုင်ခဲ့ခြင်း၊ နိုင်ငံ အတွင်း အသက် ၁၈ နှစ်အထက် ဦးတည်အုပ်စုများတွင် ကာကွယ်ဆေးလွှမ်းခြုံမှု ၆၀ ရာခိုင်နှုန်းကျော်ရရှိအောင် ဆောင်ရွက်ထားနိုင်ခြင်း၊ အသက် ၁၂ နှစ်မှ ၁၈ နှစ်အရွယ် အခြေခံပညာကျောင်းသား ကျောင်းသူ ၁ ဒသမ ၅ သန်းခန့်ကို ကာကွယ်ဆေးအကြိမ်ပြည့်ထိုးနှံနိုင်ခဲ့ခြင်း၊ ရောဂါကာကွယ်ထိန်းချုပ်ရေး လုပ်ငန်းများကို အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်ခဲ့ရာတွင် ရောဂါနှင့်ပတ်သက်၍ ပြည်သူများ သိလိုသည်များကို ၂၄ နာရီပတ်လုံး အချိန်ပြည့် ဖြေကြားပေးနိုင်သည့် အရေးပေါ်တုံ့ပြန်ရေးအဖွဲ့များ ထားရှိခြင်းတို့ကြောင့်ဖြစ်သည်။

ထို့အပြင် ရောဂါနှင့်ပတ်သက်၍ တိုင်ပင်ဆွေးနွေးနိုင်သည့် အထူးကု ဆရာဝန်ကြီးများ ပါဝင်သောအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်နိုင်ခဲ့ခြင်း၊ ရောဂါဓာတ်ခွဲ စစ်ဆေးရေးနှင့် ရောဂါကုသရေးအတွက် အဓိကလိုအပ်သည့် အောက်ဆီဂျင်အပါ အဝင် ဆေးဝါးနှင့် ဆေးပစ္စည်းများဖြည့်ဆည်းပေးနိုင်ခြင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် အရေးပေါ်တုံ့ပြန်ရေးအဖွဲ့များ၊ တာဝန်ရှိသူများ၊ စေတနာ့ ဝန်ထမ်းများ၊ အလှူရှင်များနှင့် ပြည်သူလူထု၏ ပူးပေါင်းပါဝင်ဆောင်ရွက်နိုင်မှုများ ကြောင့် အခြားနိုင်ငံများ၌ ရောဂါကူးစက်နှုန်းမြင့်မားနေချိန်တွင် မြန်မာနိုင်ငံ၌ ရောဂါကူးစက်နှုန်းကျဆင်းလာခြင်းဖြစ်သည်။

သို့ဖြစ်ရာ မြန်မာနိုင်ငံတွင် ကိုဗစ်-၁၉ ဒုတိယလှိုင်း၊ တတိယလှိုင်းကြောင့် ပြည်သူများ ထိခိုက်ခံစားခဲ့ရပြီး ကိုဗစ်-၁၉ တတိယလှိုင်းအပြီး စတုတ္ထလှိုင်းတွင် နိုင်ငံတော်အစိုးရ၏ လမ်းညွှန်စီမံမှု၊ ကျန်းမာရေးဝန်ထမ်းများ၏ စေတနာအပြည့် ကြိုးပမ်းမှု၊ ပြည်သူများ၏တက်ကြွစွာပူးပေါင်းဆောင်ရွက်မှုတို့ကြောင့် ကိုဗစ်-၁၉ ရောဂါဖြစ်ပွားနှုန်း သိသာစွာကျဆင်းလာခြင်းဖြစ်ပါကြောင်း။ ။

## (၇၇)နှစ်မြောက် တပ်မတော်နေ့ဦးတည်ချက်များ

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)ကို ကာကွယ်စောင့်ရှောက်လျက် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသော ပြည်ထောင်စုကြီး ပေါ်ထွန်းလာစေရေးအတွက် အမျိုးသား နိုင်ငံရေးဦးဆောင်မှုအခန်းကဏ္ဍတွင် တပ်မတော်က ပါဝင်ကူညီဆောင်ရွက်ရေး။

၂။ နိုင်ငံတော်အစိုးရ၏ အမျိုးသားရေးလုပ်ငန်းစဉ်အဖြစ် အဓိကဆောင်ရွက်လျက်ရှိသည့် တိုင်းပြည်သာယာ ဝပြောရေးနှင့် စားနပ်ရိက္ခာပေါများဖူလုံရေးလုပ်ငန်းစဉ်များတွင် တပ်မတော်အနေဖြင့် ကျရာအခန်းကဏ္ဍမှ တစ်တပ်တစ်အား တာဝန်ယူဆောင်ရွက်ရေး။

၃။ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များတွင် တပ်မတော်က တိုင်းရင်းသား ပြည်သူအားလုံးနှင့် လက်တွဲပူးပေါင်းဆောင်ရွက်ရေး။

၄။ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကြီးပေါ်ထွန်းလာစေရေး၊ အရေးပေါ်ကာလ ဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပနိုင်ရေး တပ်မတော်က လိုအပ်သည်များ ကူညီဆောင်ရွက်ပေးရေး။

၅။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်ရန် အင်အားတောင့်တင်းပြီး စွမ်းရည် ထက်မြက်သော ခေတ်မီမျိုးချစ်တပ်မတော်တည်ဆောက်ရေး။

## ပြည်ထဲရေးဝန်ကြီးဌာန မိသားစုများက ဆွမ်းဆန်တော် လှူဒါန်း



နေပြည်တော် မတ် ၁၃

ပြည်ထဲရေးဝန်ကြီးဌာန တပ်ဖွဲ့ဝင်/ ဝန်ထမ်း အရာထမ်း၊ အမှုထမ်းမိသားစု များက မြို့နယ်အသီးသီးရှိ ဘုန်းတော် ကြီးကျောင်းများသို့ ဆွမ်းဆန်တော်များ ဆက်ကပ်လှူဒါန်းခြင်းကို ဆောင်ရွက် လျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ ယနေ့ တွင် နေပြည်တော်ကောင်စီနယ်မြေ ပျဉ်းမနားမြို့နယ်ရှိ နန္ဒဝန်ကျောင်းတိုက် သို့လည်းကောင်း၊ ကချင်ပြည်နယ် မိုးမောက်မြို့နယ်ရှိ နိသောကာရာမ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းသို့ လည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့နယ်ရှိ မဟာသန္တာရုံကျောင်း တိုက်သို့လည်းကောင်း၊ ပဲခူးတိုင်းဒေသ ကြီး တောင်ငူမြို့နယ်ရှိလှသိန်းတန်စာသင် တိုက်သို့လည်းကောင်း၊ ရခိုင်ပြည်နယ် စစ်တွေမြို့နယ်ရှိ ကျားရုပ်ကျောင်းတိုက် သို့လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ်ရှိ ရွာမပရိယတ္တိစာသင် တိုက်သို့လည်းကောင်း၊ ဧရာဝတီတိုင်း ဒေသကြီး ပုသိမ်မြို့နယ်ရှိ ခါတော်မှီ ပရိယတ္တိစာသင်တိုက်သို့လည်းကောင်း ဆရာတော်၊ သံဃာတော်များအတွက် ဆွမ်းဆန်တော်များကို တာဝန်ရှိသူများက သွားရောက် ဆက်ကပ်လှူဒါန်းခဲ့ကြ ကြောင်း သိရသည်။

သတင်းစဉ်

## ကိုဗစ်-၁၉ ရောဂါ ကုသရေးဆိုင်ရာပစ္စည်းများ ပြည်ပမှ အဆင်ပြေချောမွေ့စွာ တင်သွင်းနိုင်ရေး ဆောင်ရွက်ပေးလျက်ရှိ

နေပြည်တော် မတ် ၁၃

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေ ဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ပစ္စည်းများကို လေကြောင်း၊ ပင်လယ်ရေကြောင်းနှင့် နယ်စပ် ကုန်သွယ်ရေးစခန်းများမှ နှောင့်နှေးကြန့်ကြာမှုမရှိ တင်သွင်း နိုင်ရေးအတွက် အချိန်နှင့်တစ်ပြေးညီ စီစဉ်ဆောင်ရွက်ပေး လျက်ရှိရာ ယနေ့တွင် ချင်းရွှေဟော်ကုန်သွယ်ရေးစခန်းမှ ကုမ္ပဏီသုံးခု ယာဉ်စီးရေ လေးစီးဖြင့် အောက်ဆီဂျင်အိုးခွံ ၂၀၀၊ အောက်ဆီဂျင်ထုတ်သည့်စက် တစ်ခု၊ နှာခေါင်းစည်း ၂၅ ဒသမ ၂၉ တန်ကို တင်သွင်းခဲ့ကြောင်း သိရသည်။ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာပစ္စည်းများကို သက်ဆိုင် ရာဌာနများနှင့် ညှိနှိုင်းထားသည့် SOP များနှင့်အညီ ဦးစားပေး တင်သွင်းခွင့်ပြုပေးလျက်ရှိကြောင်းနှင့် ဆေးဝါးနှင့် ဆက်စပ် ပစ္စည်းများတင်သွင်းခြင်းနှင့် ဆက်စပ်သည့် အသိပေးကြေညာ ချက်များကိုလည်း အများပြည်သူသိရှိစေရန် ဝန်ကြီးဌာန၏ ဝက်ဘ်ဆိုက်ဖြစ်သည့် www.commerce.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ရေး စီစဉ်ဆောင်ရွက်ပေးထားကြောင်း သိရသည်။

သတင်းစဉ်


ကြေးမုံ

| | | | |
|---|---|---|---|
| စာတည်းမှူးချုပ် - ဦးစိုးစိုးနိုင် | | အကြီးတန်း | - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဦး၊ |
| စာတည်းမှူး - ဦးဝင်းနိုင် | | သတင်းထောက်များ | ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး |
| စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး | | အငယ်တန်း သတင်းထောက်များ | - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင် |
| | | သုတေသန | - ဒေါ်ဇင်မာဝင့် |
| ဘာသာပြန် - ဦးနိုင်လင်းကြည်၊ | | စာပြင် | - ဒေါ်ခင်နှင်းယုနှင့်အဖွဲ့ |
| စာတည်းများ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ | | စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | - ဒေါ်နွယ်နွယ်ထွန်းနှင့်အဖွဲ့ |
| | | အီးမေးလ်နှင့် အွန်လိုင်း | - ဦးစိုးချစ်ဦးနှင့်အဖွဲ့ |



ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

Gmail themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# အဋ္ဌမအကြိမ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ စတုတ္ထအစည်းအဝေး ဒုတိယနေ့ကျင်းပ

**ရန်ကုန် မတ် ၁၃**

အဋ္ဌမအကြိမ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ စတုတ္ထအစည်းအဝေး ဒုတိယနေ့ကို ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေ ဆဋ္ဌသင်္ဂါယနာ မဟာပါသာဏလိုဏ်ဂူသိမ်တော်ကြီး၌ ယနေ့နံနက် ၈ နာရီတွင် ကျင်းပသည်။

အဆိုပါအစည်းအဝေးသို့ နိုင်ငံတော်ဩဝါဒါစရိယဆရာတော်ကြီးများ၊ နိုင်ငံတော်သံဃမဟာနာယကဆရာတော်ကြီးများ၊ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်ဆရာတော်ကြီးများ၊ သာသနာရေးဦးစီးဌာနညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ တိုင်းဒေသကြီး/ပြည်နယ် သာသနာရေးမှူးများ တက်ရောက်ကြည်ညိုကြသည်။

**ဆောင်ရွက်တော်မူ**

အစည်းအဝေးတွင် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ဥက္ကဋ္ဌ အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဒေါက်တာဘဒ္ဒန္တကုမာရာဘိဝံသက သဘာပတိအဖြစ် ဆောင်ရွက်တော်မူပြီး တွဲဖက်အကျိုးတော်ဆောင် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တသီဟနာဒက အခမ်းအနားမှူးဆရာတော်အဖြစ် ဆောင်ရွက်တော်မူသည်။

ထို့နောက် အခမ်းအနားမှူးဆရာတော်က အစည်းအဝေးစတင်ကြောင်းနှင့် ကြွရောက်တော်မူလာကြသော နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်ဆရာတော်များအရေအတွက်ကို ဖတ်ကြားလျှောက်ထားပြီး ၈၇ ရာခိုင်နှုန်းရှိသဖြင့် အစည်းအဝေးထမြောက်အောင်မြင်ကြောင်း ကြေညာပြီး ဖြန့်ဝေဆက်ကပ်ထားသည့် အစီအစဉ်တွင်ပါရှိသည့်အတိုင်း အစည်းအဝေးကို ဆက်လက်ကျင်းပသည်။

ယင်းနောက် နိုင်ငံတော်သီးခြားဝိနည်းဓိုရ်အဖွဲ့နှင့် နိုင်ငံတော်သံဃဝိနိစ္ဆယအဖွဲ့ဝင် ဆရာတော်များအား နိုင်ငံတော်ဝိနည်းဓိုရ်လက်မှတ်များ ဆက်ကပ်တော်မူသည်။

**လက်မှတ်ရေးထိုး**

ထို့နောက် အဋ္ဌမအကြိမ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ တတိယနှင့် စတုတ္ထအစည်းအဝေးတွင် ချမှတ်ခဲ့သည့် အစားထိုးရွေးချယ်မှုများ၊ ဆုံးဖြတ်ချက်များ၊ အတည်ပြုချက်များ၊ မှတ်တမ်းတင်ချက်များကို သာသနာ့သမိုင်းဝင် မှတ်တမ်းစာအုပ်၌ ဩဝါဒါစရိယဆရာတော် ၁၅ ပါး၊ ဥက္ကဋ္ဌဆရာတော်၊ အကျိုးတော်ဆောင်ဆရာတော်၊ ဂိုဏ်းအသီးသီးနှင့် တိုင်းဒေသကြီး/ပြည်နယ်အသီးသီးတို့မှ ကိုယ်စားလှယ်တစ်ပါးစီတို့က လက်မှတ်ရေးထိုးတော်မူကြသည်။

ယင်းနောက် သဘာပတိ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ဥက္ကဋ္ဌ ဒေါက်တာဘဒ္ဒန္တကုမာရာဘိဝံသ၏ နိဂုံးချုပ် ဥယျောဇနကထာကို နာယူတော်မူကြပြီး အစည်းအဝေးသို့ ကြွရောက်တော်မူလာကြသည့် ဆရာတော်အားလုံးက "ဇယန္တော ဗောဓိယာမူလေ" အစချီ(၂)ဂါထာကို သုံးကြိမ်ရွတ်ဆိုတော်မူကြပြီး သာဓုသုံးကြိမ်ခေါ်ဆိုကာ အဋ္ဌမကြိမ်နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ တတိယနှင့် စတုတ္ထအစည်းအဝေးကို အောင်မြင်စွာကျင်းပပြီးစီးခဲ့သည်။



နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ဥက္ကဋ္ဌ ဆရာတော် ဒေါက်တာဘဒ္ဒန္တကုမာရာဘိဝံသ(အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက)က နိုင်ငံတော်သီးခြားဝိနည်းဓိုရ်အဖွဲ့နှင့် နိုင်ငံတော်သံဃဝိနိစ္ဆယအဖွဲ့ဝင် ဆရာတော်အား နိုင်ငံတော်ဝိနည်းဓိုရ်လက်မှတ် ဆက်ကပ်စဉ်။

**တစ်နေ့တာဆွမ်းဆက်ကပ်**

ယနေ့အစည်းအဝေးသို့ ကြွရောက်တော်မူလာကြသည့် ဆရာတော်ကြီးများကို အလှူရှင်များဖြစ်ကြသည့် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ(ငြိမ်း)ဇနီး ဒေါ်ကြိုင်ကြိုင်မိသားစု၊ ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေး(ငြိမ်း)ဇနီး ဒေါ်မြမြစန်းမိသားစု၊ အဂ္ဂမဟာသရေစည်သူ၊ အဂ္ဂမဟာသီရိသုဓမ္မ-ဦးသိန်းစိန် နိုင်ငံတော်သမ္မတ(ငြိမ်း) ဇနီး ဒေါ်ခင်ခင်ဝင်းမိသားစု၊ မဟာသရေစည်သူ (ဗိုလ်ချုပ်ကြီးစိုးဝင်း-ငြိမ်း)ဇနီး ဒေါ်သန်းသန်းနွဲ့ မိသားစု၊ မဟာသရေစည်သူ ဒုတိယဗိုလ်ချုပ်ကြီးတင်အေး-(ငြိမ်း) ဇနီး (ဒေါ်ကြည်ကြည်အုန်း)မိသားစု၊ ဧယျကျော်ထင် ဗိုလ်ချုပ်တင်ငွေ(ငြိမ်း) ဒေါ်နန်းခင်လှဝင်း မိသားစု၊ မဟာသရေစည်သူ ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်း-(ငြိမ်း) ဇနီး ဒေါ်မာလာတင့် မိသားစု၊ မဟာသရေစည်သူ ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေး-(ငြိမ်း) ဇနီး ဒေါ်ခင်နှင်းဝေမိသားစု၊ မဟာသရေစည်သူ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို-(ငြိမ်း) ဇနီး ဒေါ်ခင်လေးမြင့်မိသားစု၊ မဟာသရေစည်သူ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်-(ငြိမ်း) ဇနီး ဒေါက်တာဒေါ်တင်လင်းမြင့် မိသားစုတို့က တစ်နေ့တာဆွမ်းဆက်ကပ်လှူဒါန်းခဲ့ကြသည်။

**သတင်းစဉ်**



အဋ္ဌမအကြိမ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ စတုတ္ထအစည်းအဝေး ဒုတိယနေ့ ကျင်းပစဉ်။

# ဆေးဝါးတင်သွင်း ထုတ်လုပ်သူများအတွက် ပို့ကုန်သွင်းကုန်နှင့် ငွေကြေးဆိုင်ရာကိစ္စရပ်များ လုပ်ငန်းညှိနှိုင်း အစည်းအဝေးကျင်းပ

**နေပြည်တော် မတ် ၁၃**

ကုန်စည်ကူးသန်းရေးတွင် ကိုဗစ် – ၁၉ ရောဂါ ပြန့်ပွားမှု ထိန်းချုပ်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးညွန့်အောင်သည် ယနေ့မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI) အစည်းအဝေးခန်းမ၌ Zoom Meeting ဖြင့်ကျင်းပသည့် ဆေးဝါးတင်သွင်းထုတ်လုပ်သူများအတွက် ပို့ကုန်၊ သွင်းကုန်နှင့် ငွေကြေးဆိုင်ရာကိစ္စရပ်များ လုပ်ငန်းညှိနှိုင်း အစည်းအဝေးသို့ တက်ရောက်သည်။

ရှေးဦးစွာ ကုန်စည်ကူးသန်းရေးတွင် ကိုဗစ်–၁၉ ရောဂါပြန့်ပွားမှု ထိန်းချုပ်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဦးညွန့်အောင်က အဖွင့်အမှာစကားပြောကြားပြီး ကုန်သွယ်မှုနှင့် ကုန်စည်စီးဆင်းမှုများ မှန်ကန်မြန်ဆန်စေရေးဗဟိုကော်မတီ တွဲဖက်အတွင်းရေးမှူး ဗိုလ်မှူးချုပ်ရန်နောင်စိုး၊ ကုန်သွယ်မှုနှင့် ကုန်စည်စီးဆင်းမှုများ မှန်ကန်မြန်ဆန်စေရေးလုပ်ငန်းကော်မတီအတွင်းရေးမှူး၊ ကိုဗစ်–၁၉ ရောဂါကာကွယ်၊ ကုသရေး၊ ဆေးနှင့် ဆေးပစ္စည်းများ ပြည်ပမှတင်သွင်းမှု လွယ်ကူလျင်မြန်မှန်ကန်ချောမွေ့စေရေး(Task Force) လုပ်ငန်းအဖွဲ့ (ရန်ကုန်)ဥက္ကဋ္ဌ ဦးမိုးမြင့်၊ မြန်မာနိုင်ငံ ဆေးနှင့် ဆေးပစ္စည်းလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌနှင့် တာဝန်ရှိသူတို့က ဆေးဝါးတင်သွင်းထုတ်လုပ်သူများအတွက် ပို့ကုန်သွင်းကုန်နှင့် ငွေကြေးဆိုင်ရာကိစ္စရပ်များ၊ ဘဏ်များနှင့် လုပ်ငန်းဆောင်ရွက်ရာတွင် ကြုံတွေ့နေရသည့်အခက်အခဲများနှင့်ပတ်သက်၍ ဝိုင်းဝန်းဆွေးနွေးကြသည်။



ရှင်းလင်းဆွေးနွေးမှုများနှင့်စပ်လျဉ်း၍ ကုန်စည်ကူးသန်းရေးတွင် ကိုဗစ်–၁၉ ရောဂါ ပြန့်ပွားမှု ထိန်းချုပ်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဦးညွန့်အောင်က ဌာနဆိုင်ရာများနှင့် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆွေးနွေးပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ရှမ်းပြည်နယ်အစိုးရအဖွဲ့က နောင်တောင်းပရဟိတတပ်ဦး ဘုန်းတော်ကြီးကျောင်းသို့ ဆွမ်းဆန်တော်လှူဒါန်း



ဟိုပုံး မတ် ၁၃

ရှမ်းပြည်နယ်အစိုးရအဖွဲ့က ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟိုပုံးမြို့ နောင်တောင်းပရဟိတတပ်ဦးဘုန်းတော်ကြီးသင်ပညာရေးကျောင်းသို့ ဆွမ်းဆန်အိတ် ၁၃၀ နှင့် နဝကမ္မအလှူငွေ ၁၀ သိန်းပေးအပ်လှူဒါန်းခြင်းကို ယမန်နေ့ နံနက် ၉ နာရီခွဲက အဆိုပါဘုန်းတော်ကြီးကျောင်း၌ ကျင်းပသည်။

ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ လှူဒါန်းသော ဆန်အိတ် ၁၃၀၊ နဝကမ္မအလှူငွေကျပ် ၁၀ သိန်းတို့ကို ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာကျော်ထွန်းက ပေးအပ်လှူဒါန်းရာ ဂေါပကအဖွဲ့ဝင် ဦးခွန်မောင်ဖြူက လက်ခံရယူ၍ ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများက သံဃာတော်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများနှင့် တာဝန်ရှိသူများသည် နောင်တောင်းပရဟိတတပ်ဦး ဘုန်းတော်ကြီးသင်ပညာရေးကျောင်းတွင် ဖွင့်လှစ်ထားသော ရှမ်းပြည်နယ် ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ အလုပ်အကိုင်အခွင့်အလမ်းများရရှိရေးအတွက် ဆောင်ရွက်ပေးသည့် ဂျပ်ခုတ်သင်တန်းနှင့် စားသောက်ကုန်ထုတ်လုပ်မှုနည်းပညာသင်တန်းတို့အား သွားရောက်ကြည့်ရှုရာ တာဝန်ရှိသူများက ရှင်းလင်းပြီး ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ထောက်ပံ့ငွေကျပ် ၁၀ သိန်းကို ပြည်နယ်ဝန်ကြီးချုပ်က ပေးအပ်ရာ တာဝန်ရှိသူတစ်ဦးက လက်ခံရယူခဲ့ကြောင်း သိရသည်။

အဆိုပါ ဆောင်ရွက်ပြီးသော သင်တန်းများမှာ လျှပ်စစ်ကျွမ်းကျင်မှု၊ အခြေခံစက်ချုပ်၊ ဆိုင်ကယ်ပြုပြင်ထိန်းသိမ်းနည်း၊ ဂျပ်ခုတ်၊ လူသုံးကုန်ထုတ်လုပ်မှုနှင့် စားသောက်ကုန်ထုတ်လုပ်မှု နည်းပညာသင်တန်းများ ပို့ချသင်ကြားပေးလျက်ရှိကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)

# နိုင်ငံ့ဂုဏ်ကိုဆောင်နိုင်သော အားကစားသမားများဖြစ်အောင် စနစ်တကျလေ့ကျင့်မွေးထုတ်ပေးကြရန် မှာကြား

ရန်ကုန် မတ် ၁၃

ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် တိုင်းဒေသကြီးဝန်ကြီးများသည် အာရှအဆင့်နှင့် ဆီးဂိမ်းပြိုင်ပွဲများတွင် မြန်မာနိုင်ငံကိုယ်စားပြု အားကစားနည်း ခုနစ်မျိုးဖြင့် ပါဝင်ယှဉ်ပြိုင်ကြမည့် မသန်စွမ်း အားကစားအဖွဲ့များမှ နည်းပြများ၊ အားကစားသမားများအား ယမန်နေ့ မွန်းလွဲပိုင်းက သွားရောက်တွေ့ဆုံအားပေးစကားပြောကြားသည်။

တိုင်းဒေသကြီး ဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ (ကိုယ်စား) မြန်မာနိုင်ငံမသန်စွမ်း အားကစားအဖွဲ့ချုပ် တာဝန်ရှိသူများထံသို့ အလှူငွေကျပ် ၁၅ သိန်းကို ပေးအပ်လှူဒါန်းသည်။

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် အားကစားခန်းမတွင် အသင်းနည်းပြများ၊ အားကစားသမားများနှင့် တွေ့ဆုံပြီး လူမှုဘဝပတ်ဝန်းကျင်တွင် အားကစားနှင့်ယှဉ်တွဲပြီး မသန်သော်လည်း စွမ်းသည်ဆိုသည့်အတိုင်းကမ္ဘာ့နိုင်ငံများနှင့်ယှဉ်ပြီး နိုင်ငံတော်အတွက် ဆုတံဆိပ်များရရှိလာအောင် စွမ်းဆောင်နိုင်ခဲ့သည့်အပေါ် ဂုဏ်ယူဝမ်းမြောက်မိပါကြောင်း၊ အဖွဲ့ချုပ်တာဝန်ရှိသူများအနေဖြင့်လည်း လာမည့် အာရှအဆင့်နှင့် ဆီးဂိမ်းပြိုင်ပွဲများတွင်လည်း နိုင်ငံ့ဂုဏ်ကိုဆောင်နိုင်သော အားကစားသမားများ ဖြစ်အောင် စနစ်တကျ လေ့ကျင့်မွေးထုတ်ပေးကြရန် မှာကြားလိုကြောင်း၊ အားကစားသမားများအနေဖြင့်လည်း အသင်းအဖွဲ့စိတ်ဓာတ်၊ စုစည်းအားများဖြင့် နိုင်ငံတော်အတွက် အောင်ပွဲများထပ်မံရယူနိုင်ပြီး နိုင်ငံ့ဂုဏ်ကိုဆောင်နိုင်ရန် အထူးကြိုးစားလေ့ကျင့်သွားကြရန် ပြောကြားသည်။

မြန်မာနိုင်ငံ မသန်စွမ်း အားကစားအဖွဲ့ချုပ်အနေဖြင့် (၁၁)ကြိမ်မြောက် အရှေ့တောင်အာရှ မသန်စွမ်းနှင့် (၄)ကြိမ်မြောက် အာရှအားကစားပြိုင်ပွဲများအတွက် ပြေးခုန်ပစ်၊ ဂိုလ်းဘော၊ မြားပစ်၊ ထိုင်လျက်ဘော်လီဘော၊ ရေကူး၊ အလေးမ၊ 7-a side ဘောလုံးပြိုင်ပွဲများအတွက် အမျိုးသား ၅၉ ဦး၊ အမျိုးသမီး ၃၅ ဦးတို့အား နည်းပြ ၂၂ ဦးဖြင့် စခန်းဝင်လေ့ကျင့်ပြင်ဆင်ပေးလျက်ရှိကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)



# ကချင်ပြည်နယ်အတွင်း ဝေးလံခက်ခဲသော မြို့နယ်များအပါအဝင် နယ်စပ်ဒေသများရှိ ပြည်သူများအားလုံး ကိုဗစ်ကာကွယ်ဆေးထိုးနှံပေးနိုင်ရေး ညှိနှိုင်းပေါင်းစပ်ပေး

မြစ်ကြီးနား မတ် ၁၃

ကချင်ပြည်နယ် အတွင်း အင်ဂျန်းယန်မြို့နယ်အပါအဝင် ဝေးလံခက်ခဲသော ဆော့လော်မြို့နယ်၊ ခေါင်လန်ဖူးမြို့နယ်၊ နယ်စပ်တစ်လျှောက်ရှိ ဖီမော်၊ ကမ့်ဖန်၊ ပန်ဝါဒေသတို့ရှိ ပြည်သူများအား ကိုဗစ်-၁၉ ကာကွယ်ဆေး လွှမ်းခြုံထိုးနှံပေးနိုင်ရေးအတွက် ပြည်နယ်ဝန်ကြီးချုပ်သည် ကျန်းမာရေးဌာနနှင့် လူမှုပရဟိတ အသင်းအဖွဲ့များနှင့် ယနေ့ နံနက် ၁၀ နာရီတွင် ပြည်နယ်ဝန်ကြီးချုပ် အိမ်ရာဝင်း၌ ညှိနှိုင်းဆွေးနွေးခဲ့ကြသည်။

ပြည်နယ် ဝန်ကြီးချုပ် ဦးခက်ထိန်နန်က ကိုဗစ်-၁၉ ရောဂါကာကွယ်ထိန်းချုပ်ရာတွင် ကိုဗစ်ကာကွယ်ဆေး လူတိုင်းထိုးနှံပေးနိုင်ရေးသည် အရေးကြီးသည့်ကိစ္စဖြစ်သလို အမျိုးသားရေး တာဝန်တစ်ရပ်အနေဖြင့် ဆောင်ရွက် သွားရမည်ဖြစ်ကြောင်း၊ ယနေ့ ပြည်နယ်အတွင်းရှိ ဝေးလံခက်ခဲသော နေရာဒေသများသို့ မိမိတို့ အစိုးရအဖွဲ့အစည်းများနှင့်အတူ ပူးပေါင်းဆောင်ရွက်ကြမည့် လူမှုပရဟိတအသင်းအဖွဲ့များအား ပြည်နယ်ကိုယ်စား မှတ်တမ်းတင်ဂုဏ်ပြုပါကြောင်း၊ ထို့အပြင် ကာကွယ်ဆေးထိုးလုပ်ငန်းအတွက် လိုအပ်သည့် အစီအမံများနှင့် ပေါင်းစပ်ညှိနှိုင်းပေးရမည့်ကိစ္စရပ်များကိုလည်း အပြည့်အဝ ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရေး စီမံဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် မြစ်ကြီးနားခရိုင်စီမံခန့်ခွဲရေးအဖွဲ့ ဥက္ကဋ္ဌ ဦးခေါင်လန်ဒီး၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဒုတိယပြည်နယ်ဦးစီးမှူး ဒေါက်တာ လှိုင်လှိုင်ဌေးနှင့် တာဝန်ရှိသူများ၊ ကချင်ပြည်နယ် အခမဲ့ဆေးဝါးကုသရေးဖောင်ဒေးရှင်း၊ ပေးဆပ်သူ လူမှုပရဟိတ ကူညီရေးအသင်း၊ ရောဝတီ ကရုဏာဖောင်ဒေးရှင်း၊ မျိုးဆက်သစ်၊ ရွှေပန်းမြိုင်လူမှုကူညီရေးအသင်းများမှ တာဝန်ရှိသူများနှင့်အတူ ဆော့လော်မြို့နယ်အတွင်း ဆော့လော်၊ ဖီမော်၊ ကမ့်ဖန်ဒေသများ၊ ခေါင်လန်ဖူးမြို့နယ်အတွင်း ခေါင်လန်ဖူး၊ ရှိန်းခေါင်ဒေသများနှင့် အင်ဂျန်းယန်မြို့နယ်အတွင်းရှိ မြို့ပြနှင့် ကျေးလက်ဒေသနေ ဒေသခံပြည်သူများအား ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံပေးနိုင်ရေး စီမံဆောင်ရွက်သွားမည့် အစီအစဉ်များ၊ ကျန်းမာရေးဌာနဝန်ထမ်းများနှင့် လူမှုပရဟိတ အသင်းများ စနစ်တကျ စုဖွဲ့၍ ခရီးစဉ်ဒေသအလိုက် သွားရောက်ဆောင်ရွက်ကြမည့် အသေးစိတ်အစီအစဉ်များ၊ ကာကွယ်ဆေး သယ်ယူနိုင်ရေး လိုအပ်သည့် အစီအမံများနှင့် စပ်လျဉ်း၍ ညှိနှိုင်းဆွေးနွေးခဲ့ကြသည်။

ယင်းနောက် ဆွေးနွေးမှုများအပေါ် ပြည်နယ်ဝန်ကြီးချုပ်က ကိုဗစ်-၁၉ ကာကွယ်ဆေး အောင်မြင်စွာ ထိုးနှံပေးနိုင်ရေးအတွက် အောင်မြင်ရေးကော်မတီ ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ပြီး ခရီးစဉ်အလိုက် ဒေသခံအုပ်ချုပ်ရေးအဖွဲ့အစည်းများ၊ တပ်မတော်၊ ဒေသပြည်သူ့စစ်အဖွဲ့များနှင့် ပေါင်းစပ်ပြီး အုပ်ချုပ်/ ထောက်ပံ့မှုဆိုင်ရာ ကိစ္စရပ်များကို ဖြည့်ဆည်းပေါင်းစပ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ ပြည်နယ်(ပြန်/ဆက်)

# မြို့နယ်သုံးမြို့နယ်၌ ဆီထွက်သီးနှံဧက ၃၀၀၀ စိုက်ပျိုးရန် လျာထား

အင်္ဂပူ မတ် ၁၃

ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် ဆောင်းသီးနှံ (နေကြာ) စိုက်ပျိုးမည့် တောင်သူများ တွေ့ဆုံပွဲကို ယမန်နေ့ မွန်းလွဲပိုင်းက အင်္ဂပူမြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်းက အမှာစကားပြောကြားပြီး တက်ရောက်လာသည့် ဆီထွက်သီးနှံ (နေကြာ) မျိုးစေ့ထုတ်စိုက်ပျိုးမည့်တောင်သူများက သိလိုသည်များကို မေးမြန်းကြရာ တာဝန်ရှိသူများက ရှင်းလင်းပြောကြားခဲ့ပြီးလိုအပ်သည်များကို တိုင်းဒေသကြီးဝန်ကြီးချုပ်က မှာကြားသည်။

လာမည့်မိုးရာသီတွင် ဆီထွက်သီးနှံ(နေကြာ) မျိုးစေ့ထုတ် စိုက်ပျိုးခြင်းကို အင်္ဂပူမြို့နယ်တွင် ဧက ၇၀၀၊ မြန်အောင်မြို့နယ်တွင် ဧက ၁၃၀၀၊ ကြံခင်းမြို့နယ်တွင် ဧက ၁၀၀၀ စုစုပေါင်းဧက ၃၀၀၀ စိုက်ပျိုးရန် လျာထားကြောင်းနှင့် တောင်သူများအား လိုအပ်သည့်စိုက်ပျိုးရေးနည်းပညာများ ပံ့ပိုးပေးသွားမည်ဖြစ်ကြောင်း သိရသည်။ မြို့နယ်(ပြန်/ဆက်)

# ခရမ်းချဉ်သီးများ ဈေးကျ၍ တောင်သူများ အခက်ကြုံ

မင်းဘူး မတ် ၁၃

စိုက်ပျိုးရေးလုပ်ငန်းကို အဓိကထားပြီး လုပ်ကိုင်ကြသော မင်းဘူး(စကု)မြို့နယ် ကျောက်တန်းရွာမှ တောင်သူများသည် ခရမ်းချဉ်သီးဈေးများ ကျနေသဖြင့် အရှုံးပေါ်ပြီး အခက်ကြုံနေကြကြောင်း သိရသည်။

"ခရမ်းချဉ်သီးက မီးဖိုချောင်သုံး စားစရာ ရောင်းကုန်အဖြစ်နဲ့ အဓိကရောင်းချရတာပါ။ စောစောပိုင်းက ခရမ်းချဉ်သီးဈေး ကျပ် ၁၀၀၀/၁၂၀၀ ဈေးကနေ တဖြည်းဖြည်းတက်လာကာ တစ်ပိဿာ ကျပ် ၂၅၀၀ ဈေးအထိ မြင့်တက်လာခဲ့တာကြောင့် ခရမ်းချဉ်စိုက်တောင်သူတွေ အတော်အဆင်ပြေခဲ့ပါတယ်။ အခု ဆောင်းအကုန် နွေအကူး နွေခရမ်းချဉ်သီးများ ပေါ်ချိန်မှာတော့ အရင်နှစ်ကဈေးအတိုင်း လက်လီဈေး တစ်ပိဿာ ကျပ် ၁၅၀/၂၀၀ အထိ ဈေးကျသွားတဲ့အတွက် အငှားသမားတွေနဲ့ စိုက်ပျိုးကြတဲ့ ကျွန်တော်တို့ တောင်သူတွေအနေနဲ့ အရင်းရဖို့တောင် အနိုင်နိုင် ရောင်းချနေကြရပါတယ်" ဟု ခရမ်းချဉ်စိုက်တောင်သူ ကိုဘအေးက ပြောသည်။

နွေရာသီမှာ အပူရှိန်ပြင်းလို့ အပင်ဖြစ်ထွန်းမှုနည်းသလို ပိုးမွှားကျရောက်မှုလည်း နည်းပါးပြီး မိုးတွင်းကာလမှာတော့ အပင်ငယ်ငယ်အချိန်မှာ မှိုရောဂါကျရောက်ပြီး ပျက်စီးဆုံးရှုံးမှုတွေနဲ့ ကြုံတွေ့ရသူတွေရှိသဖြင့် အထူးဂရုစိုက်ပြီး မှိုရောဂါအတွက် ပိုးသတ်ဆေးဖျန်း အပင်ကြီးလာတဲ့အခါမှာလည်း ရွက်လိပ်ပိုးနှင့် မှိုရောဂါတွေ ကျရောက်တတ်တာကြောင့် အထူးဂရုပြုစိုက်ပျိုးရပြီး ဝါနေတဲ့အရွက်တွေနဲ့ လိပ်နေတဲ့အရွက်တွေကို လှီးဖြတ်ပေးရကြောင်းလည်း ခရမ်းချဉ်စိုက်ပျိုးလုပ်ကိုင်သူများထံမှ သိရသည်။

ဇေယျာထက် (မင်းဘူး)

■

## စားအုန်းဆီ လက်ကားရည်ညွှန်းဈေးနှုန်း ထုတ်ပြန်ကြေညာ

**နေပြည်တော် မတ် ၁၃**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးဆီတင်သွင်း သိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီအနေဖြင့် စားအုန်းဆီ ကမ္ဘာ့ဈေးနှုန်း ဖြစ်ပေါ်ပြောင်းလဲမှုနှင့်အညီ ပြည်တွင်း၌ ဖြစ်သင့်ဖြစ်ထိုက်သည့် ဈေးနှုန်းများ ဖြစ်ပေါ်စေရေး ထိန်းကျောင်းဆောင်ရွက်လျက်ရှိပြီး စားအုန်းဆီ အဓိကထုတ်လုပ်တင်ပို့သည့် မလေးရှားနိုင်ငံနှင့် အင်ဒိုနီးရှားနိုင်ငံတို့တွင် ဖြစ်ပေါ်နေသည့် FOB ဈေးနှုန်းများကို နေ့စဉ်စောင့်ကြည့်ကာ သယ်ယူပို့ဆောင်ခ ကုန်ကျစရိတ်များ၊ ဘဏ်စရိတ်များ၊ အခွန်အခများ ထည့်သွင်းတွက်ချက်၍ ပြည်တွင်းဈေးကွက်၌ ရောင်းဝယ်ဖောက်ကားရမည့် အခြေခံလက်ကား ရည်ညွှန်းဈေးနှုန်းကို အပတ်စဉ် ထုတ်ပြန်ပေးလျက်ရှိသည်။

နိုင်ငံတကာတွင် ဖြစ်ပေါ်နေသည့် လက်ရှိအခြေအနေများအရ ကမ္ဘာ့စားအုန်းဆီ ထုတ်လုပ်တင်ပို့သည့် နိုင်ငံများတွင် စားအုန်းဆီဈေးနှုန်းများ မြင့်တက်လျက်ရှိပြီး တစ်ပတ်အတွင်းဖြစ်ပေါ်ခဲ့သည့် FOB ဈေးနှုန်းများအပေါ် အခြေခံ၍ တွက်ချက်မှုအရ မတ် ၁၄ ရက်မှ ၂၀ ရက်အထိ ရန်ကုန်အထိုင်ဈေး အခြေခံလက်ကား ရည်ညွှန်းဈေးနှုန်းမှာ စားအုန်းဆီ တစ်ပိဿာလျှင် (အနိမ့်ဆုံး ငွေကျပ် ၅၉၄၀ မှ အမြင့်ဆုံး ငွေကျပ်၆၅၇၆ ကျပ်) ဖြစ်ကြောင်း ထုတ်ပြန်ကြေညာထားကြောင်း သိရသည်။

အဆိုပါ အခြေခံလက်ကား ရည်ညွှန်းဈေးနှုန်းများကို စားသုံးသူရေးရာဦးစီးဌာန၏ Website: www. doca.gov.mm နှင့် မြန်မာနိုင်ငံ ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း၏ Facebook Page တွင် ဝင်ရောက်ကြည့်ရှုနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

## မိဘပြည်သူများသို့ အသိပေး ကြေညာခြင်း

အသက်(၁၆)နှစ်နှင့်အထက် အကျုံးဝင်သူများအား ဥပဒေအရ ကိုင်ဆောင်သင့်သည့် ကတ်တစ်မျိုးမျိုးထုတ်ပေးရေးအတွက် **“ပန်းခင်း”**စီမံချက်ဖြင့် ရုံးတွင်ဆောင်ရွက်ပေးခြင်း၊ ကွင်းဆင်းဆောင်ရွက်ပေးခြင်း၊ လိုအပ်သည့်နေရာများတွင် တစ်အိမ်တက်ဆင်းဆောင်ရွက်ပေးခြင်းများအား (၃-၅-၂၀၂၁) မှ(၃-၁၁-၂၀၂၂)နေ့အထိ နိုင်ငံတစ်ဝန်းလုံးတွင် နေ့စဉ်ရက်ဆက်ဆောင်ရွက်ပေးလျက်ရှိပါသည်။

ယခုအခါ လိုအပ်ချက်အရ ပြည်သူများအနေဖြင့် ခရီးသွားလာရာတွင်လည်းကောင်း၊ တည်းခိုနေထိုင်ရာနေရာများတွင်လည်းကောင်း၊ နိုင်ငံသားကတ်(မှတ်ပုံတင်)ပြသဆောင်ရွက်ရသည့် လုပ်ငန်းများတွင်လည်းကောင်း တရားဝင်ထုတ်ပေးထားသော နိုင်ငံသားကတ်(မှတ်ပုံတင်)အား (၁-၄-၂၀၂၂) နေ့ (၀၆:၀၀)နာရီမှစ၍ ပြသစစ်ဆေးခံရမည်ဖြစ်ပါသည်။

နေ့စဉ်ရက်ဆက်ဆောင်ရွက်ပေးနေမှုကြောင့် နိုင်ငံသားကတ်(မှတ်ပုံတင်)အစား ထောက်ခံစာများအား ပြသ၍ ခရီးသွားလာခြင်း၊ အစစ်ဆေးခံခြင်းများအား ခွင့်ပြုတော့မည်မဟုတ်ပါ။

နိုင်ငံသားကတ်(မှတ်ပုံတင်)အတုကိုင်ဆောင်ခြင်းနှင့် ကတ်အပိုထားရှိ ကိုင်ဆောင်ခြင်းများသည် တည်ဆဲဥပဒေများအရ ပြစ်မှုမြောက်ပါကြောင်းလည်း အသိပေးအပ်ပါသည်။

**လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန**

## ပဲခူးတိုင်းဒေသကြီး၌ ဆီထွက်သီးနှံနေကြာ ဧက ၈၅၀၀၀ ကျော် တိုးချဲ့စိုက်ပျိုးမည်

**နေပြည်တော် မတ် ၁၃**

အာဟာရပြည့်ဝပြီး ကျန်းမာရေးနှင့် ညီညွတ်သည့် စားသုံးဆီများကို ကာလတိုအတွင်း တိုးတက်ထုတ်လုပ်နိုင်ရေးအတွက် တစ်ဧက၏ ဆီထုတ်လုပ်နိုင်မှု အများဆုံးဖြစ်သည့် စပ်မျိုးနေကြာသီးနှံကို ပဲခူးတိုင်းဒေသကြီးအတွင်း တိုးချဲ့စိုက်ပျိုးနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို မတ် ၁၂ ရက် နံနက်ပိုင်းက ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

**တက်ရောက်ဆွေးနွေး**

အစည်းအဝေးသို့ ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းနှင့် တိုင်းဒေသကြီး ဝန်ကြီးများ၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီးနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ဆွေးနွေးခဲ့ကြသည်။

ဆွေးနွေးပွဲတွင် ဒေသ ရေ၊ မြေနှင့်ကိုက်ညီသည့် နေကြာမျိုးသန့်များ အသုံးပြုနိုင်ရေး၊ တောင်သူများအတွက် ဝင်ငွေအကျိုးအမြတ်ရှိစေမည့် အထွက်နှုန်းရရှိရေး၊ သွင်းအားစုအပါအဝင် လိုအပ်ချက်များ ထိရောက်စွာ ဖြည့်ဆည်းပေးနိုင်ရေး၊ ပုဂ္ဂလိကလုပ်ငန်းရှင်များနှင့် အကျိုးတူ ကန်ထရိုက်လယ်ယာစနစ် ဆောင်ရွက်နိုင်ရေး၊ ထွက်ရှိလာမည့် နေကြာသီးနှံများကို စားသုံးဆီအဖြစ် ထုတ်လုပ်နိုင်ရေးအတွက် ဆီစက်လုပ်ငန်းရှင်များနှင့် ကြိုတင်ညှိနှိုင်းဆောင်ရွက်ရန် လိုအပ်ချက်များကို ပြည်ထောင်စုဝန်ကြီးဌာန အပိုင်းနှင့် တိုင်းဒေသကြီးအစိုးရပိုင်းတို့မှ သက်ဆိုင်ရာကဏ္ဍများအလိုက် ဆောင်ရွက်နိုင်ရေး ဆွေးနွေးခဲ့ကြသည်။



ပဲခူးတိုင်းဒေသကြီး၌ ၂၀၂၁-၂၀၂၂ခုနှစ်အတွင်း မိုးစပါး နွေစပါး စုစုပေါင်း ဧက သိန်း ၃၀ ခန့်၊ ပဲမျိုးစုံ ဧက သိန်း ၂၀ ကျော်၊ ဆီထွက်သီးနှံ ဧက လေးသိန်းခန့်နှင့် သီးနှံစုံစိုက်ပျိုးထုတ်လုပ်လျက်ရှိပြီး လာမည့် စိုက်ပျိုးရာသီတွင် ဆီထွက်သီးနှံနေကြာကို ဧက ၈၅၀၀၀ ကျော် တိုးချဲ့စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

ထိုမှတစ်ဆင့် ဒုတိယဝန်ကြီးနှင့် အဖွဲ့သည် ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ် သဇင်ရေကျော်ကျေးရွာအုပ်စုရှိ ပုဂ္ဂလိက ငါး၊ ပုစွန် မွေးမြူရေးစခန်း၏ ရေချိုပုစွန်တုပ်ကြီးမျိုး သားဖောက်ခြင်း၊ မွေးမြူရေးတောင်သူများသို့ ဖြန့်ဝေခြင်းလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

အလားတူ ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ပန်းတနော်မြို့နယ် ကျုံတုံးကြီးကျေးရွာ နွေစပါးမျိုးစေ့ထုတ်တောင်သူစိုက်ကွင်းတွင် ဆင့်ပွားမိဘမျိုးစေ့ (RS) မှ စီးပွားဖြစ်စိုက်ပျိုးရန် (CS) ဆင်းသုခစပါးမျိုး စိုက်ပျိုးထားရှိမှုကို ကြည့်ရှုစစ်ဆေးပြီး တောင်သူများနှင့်တွေ့ဆုံကာ သဘာဝမြေဩဇာ ဘိုကာရှီ ထုတ်လုပ်သုံးစွဲရေး၊ တောင်သူအချင်းချင်း နည်းပညာဖလှယ်ရေးနှင့် သီးနှံစိုက် စွမ်းအားပြည့် ထုတ်လုပ်နိုင်ရေး ပူးပေါင်းဆောင်ရွက်ရန် လိုအပ်ချက်များကို ဆွေးနွေးမှာကြားသည်။

ထိုမှတစ်ဆင့် ဒုတိယဝန်ကြီးသည် မြောင်းမြမြို့ စိုက်ပျိုးရေးသိပ္ပံကျောင်း၌ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံကာ စိုက်ပျိုး၊ မွေးမြူရေးကို အခြေခံသည့် အသက်မွေးဝမ်းကျောင်းပညာရပ် ကျွမ်းကျင်သူများ တိုးပွားရေး ကြိုးပမ်းဆောင်ရွက်ကြရန်နှင့် ဒေသ ရေမြေရာသီဥတု အခြေခံကောင်းများကို ဖော်ထုတ်အသုံးချနိုင်သဖြင့် စိုက်ပျိုး၊ မွေးမြူရေးလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်ရေး စွမ်းဆောင်နိုင်သူများအဖြစ် ရပ်တည်နိုင်ရေး လေ့လာသင်ယူကြရန် လိုအပ်ချက်များကို ဆွေးနွေးမှာကြားသည်။ ထို့နောက် ဒုတိယဝန်ကြီးက ကျောင်းသား ကျောင်းသူများအတွက် စားသောက်ဖွယ်များကို ပေးအပ်ရာ ကျောင်းသား ကျောင်းသူ ကိုယ်စားလှယ်များက လက်ခံရယူခဲ့ကြသည်။

ဆက်လက်၍ မြောင်းမြမြို့ စိုက်ပျိုးရေး သုတေသနဦးစီးဌာန ဒေသသုတေသနဇုတ်ဌာနသို့ ရောက်ရှိကြပြီး ဒေသ၏ သီးနှံစိုက်ပျိုးထုတ်လုပ်မှုအတွက် လိုအပ်သော သီးနှံမျိုးများ၊ နည်းပညာနှင့် ဈေးကွက်သတင်းအချက်အလက်ဆိုင်ရာ သုတေသနလုပ်ငန်း ဆောင်ရွက်နေမှု၊ သဘာဝနှင့် ဓာတ်မြေဩဇာ ထည့်သွင်းမှုနည်းစနစ် အမျိုးမျိုး၏ အထွက်နှုန်းနှင့် အရည်အသွေးပေါ် အကျိုးသက်ရောက်မှု သုတေသနပြု စိုက်ခင်းများ၊ မျိုးယှဉ်ပြိုင်စမ်းသပ်ကွက်များကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ဒုတိယဝန်ကြီး ဦးရဲတင့် မကွေး၊ ပဲခူးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့၌ ပြန်ကြားရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

**နေပြည်တော် မတ် ၁၃**

ပြန်ကြားရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရဲတင့်သည် မတ် ၁၂ ရက် နံနက်ပိုင်းတွင် မကွေးတိုင်းဒေသကြီး သရက်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးရုံး၌ ခရိုင်လက်ထောက်ညွှန်ကြားရေးမှူးနှင့် ဝန်ထမ်းများ၊ ဆင်ပေါင်ဝဲ၊ ကံမနှင့် မင်းတုန်းမြို့နယ်တို့မှ မြို့နယ်ဦးစီးမှူးများအား တွေ့ဆုံ၍ လိုအပ်သည်များ မှာကြားပြီး ကံမမြို့နယ်ရုံးကို ကြည့်ရှုစစ်ဆေးသည်။



**ဆွေးနွေးမှာကြား**

မွန်းလွဲပိုင်းတွင် ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးရုံး၌ ခရိုင်လက်ထောက်ညွှန်ကြားရေးမှူးနှင့် ဝန်ထမ်းများ၊ ပေါက်ခေါင်း၊ ရွှေတောင်၊ ပန်းတောင်း၊ သဲကုန်းနှင့် ပေါင်းတည်မြို့နယ်တို့မှ မြို့နယ်ဦးစီးမှူးများ၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်ရုံများမှ တာဝန်ခံများနှင့် ဝန်ထမ်းများအား တွေ့ဆုံ၍ လုပ်ငန်းပိုင်း ဆိုင်ရာများကို ရှင်းလင်းဆွေးနွေးမှာကြားသည်။

ဒုတိယဝန်ကြီး ဦးရဲတင့်သည် မတ် ၁၃ ရက် နံနက်ပိုင်းတွင် ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးရုံး၌ ခရိုင်လက်ထောက် ညွှန်ကြားရေးမှူးနှင့် ဝန်ထမ်းများ၊ နတ်တလင်း၊ ဇီးကုန်း၊ ကြို့ပင်ကောက်၊ မင်းလှ၊ လက်ပံတန်း၊ အုတ်ဖိုနှင့် မိုးညိုမြို့နယ်တို့မှ မြို့နယ်ဦးစီးမှူးများ၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား မင်းလှ ထပ်ဆင့်လွှင့်စက်ရုံမှူးတို့ကို တွေ့ဆုံ၍ လုပ်ငန်းပိုင်းဆိုင်ရာများကို ရှင်းလင်းဆွေးနွေး မှာကြားသည်။ **(အောက်ဝဲပုံ)**

မွန်းလွဲပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ်ရှိ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးရုံးအား ကြည့်ရှုစစ်ဆေးပြီး တိုင်းဒေသကြီး ညွှန်ကြားရေးမှူး၊ ရန်ကုန် မြောက်ပိုင်းခရိုင် လက်ထောက်ညွှန်ကြားရေးမှူးနှင့် ဝန်ထမ်းများ၊ အင်းစိန်၊ ရွှေပြည်သာ၊ တိုက်ကြီး၊ မှော်ဘီ၊ ထန်းတပင်၊ လှည်းကူးနှင့် မင်္ဂလာဒုံမြို့နယ်တို့မှ မြို့နယ်ဦးစီးမှူးများအား တွေ့ဆုံ၍ လုပ်ငန်းပိုင်းဆိုင်ရာများ ဆွေးနွေး မှာကြားသည်။

ဝန်ထမ်းများနှင့် တွေ့ဆုံစဉ် ဒုတိယဝန်ကြီးက မိမိတို့ ဝန်ထမ်းများအနေဖြင့် နိုင်ငံ၏ လက်ရှိအခြေအနေများကို မှန်မှန်ကန်ကန် သိရှိနားလည် သဘောပေါက်ပြီး ပြည်သူလူထုအား နိုင်ငံတော်အနေဖြင့် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်နေမှုများ သိရှိအောင် ပြည်သူ့ဆက်ဆံရေးနည်းလမ်းများဖြင့် ဆောင်ရွက်ရေး၊ ကျောင်းသား ကျောင်းသူလူငယ်များအား အသိပညာဖွံ့ဖြိုးတိုးတက်ရေး၊ အတွေးအခေါ်မှန်ကန်စေရေး၊ ဗလငါးတန်နှင့် ပြည့်ဝသော လူငယ်များဖြစ်အောင် ပြုစုပျိုးထောင်ရေး၊ ဝန်ထမ်းများကိုယ်တိုင် စာပေများ လေ့လာဖတ်ရှုပြီး အသိပညာ ဗဟုသုတများ တိုးပွားအောင် ကျင့်ကြံဆောင်ရွက်ကြရန်၊ မိမိတို့ သိရှိနားလည်သည်များကို ပြည်သူများအား အသိပညာမျှဝေပေးကြရန်နှင့် မိမိတို့လုပ်ငန်းများကို စေတနာထားပြီး အောင်မြင်အောင် ဆောင်ရွက်ကြရန် မှာကြားပြီး ဝန်ထမ်းများ၏ တင်ပြချက်များအပေါ် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့သည်။

**သတင်းစဉ်**

# စိုက်သုမြေမှသန္ဓေတည်လာသည့် နေကြာသီးနှံ သုတေသနရလဒ်များမှသည် တောင်သူအများ ဝင်ငွေတိုးတက်ရေးဆီသို့ . . .

နန်းပပဝင်း(စိုက်ပျိုးရေးသုတေသနဦးစီးဌာန)



နေကြာသီးနှံသည် ကမ္ဘာ့စားသုံးဆီ အများဆုံးထုတ်လုပ်နိုင်သော သီးနှံများတွင် တစ်ခုအပါအဝင်ဖြစ်ပါသည်။ နေကြာ၏ မူရင်းဒေသသည် မြောက်အမေရိကတိုက်ဖြစ်သည်။ နေကြာပင်သည် စုပေါင်းမျိုးရင်း Asteraceae တွင် ပါဝင်ပြီး ကမ္ဘာအနှံ့အပြားတွင် စိုက်ပျိုးကြသည်။ နေကြာကို အင်္ဂလိပ်အမည် Sunflower ခေါ်ပြီး လက်ရှိစိုက်ပျိုးနေသောမျိုးစိတ်သည် Helianthus annuus မျိုးစိတ်ဖြစ်သည်။ Helius မှာ ဂရိဘာသာစကားဖြစ်ပြီး နေဟု အဓိပ္ပာယ်ရသည်။ anthos မှာ ပန်းဟု အဓိပ္ပာယ်ရသည်။ နေကြာဟု အမည်တွင်ခြင်းမှာ နေသွားရာလမ်းအတိုင်း လှည့်ပတ်သည့်သတ္တိ (Heliotropism)ရှိခြင်းကြောင့်ဖြစ်သည်။ အပင်များသည် နေ့အခါတွင် အရှေ့ဘက်မှ အနောက်ဘက်သို့ လှည့်သွားပြီး ၁၈၀ ဒီဂရီ လှည့်လည်သွားပြီးနောက် အနောက်ဘက်မှ အရှေ့ဘက်သို့ ပြန်လှည့်သွားသည်။ နေကြာသီးနှံသည် ပင်ကိုသဘာဝအားဖြင့် သမပိုင်းဇုန်သီးနှံဖြစ်သော်လည်း သမအနွေးပိုင်းဒေသများတွင် စီးပွားဖြစ် စိုက်ပျိုးကြသည်။ နေကြာသီးနှံကို တောင်လတ္တီတွဒ် ၄၀ နှင့် ၅၀ ဒီဂရီအတွင်း စိုက်ပျိုးနိုင်သည်။ သို့သော် မြောက်လတ္တီတွဒ် ၂၀ နှင့် ၅၀ ဒီဂရီအတွင်း၌ ပိုမိုဖြစ်ထွန်းသည်။ အမြင့် မီတာ ၂၅၀၀ အထိ ဖြစ်ထွန်းသော်လည်း မီတာ ၁၅၀၀ အောက်တွင် စိုက်ပျိုးပါက ဆီထွက်နှုန်း ပိုမိုများသည်။

**ဆီပါဝင်မှုနှင့် ဆီအရည်အသွေး**

နေကြာသည် အပူချိန် ၂၀ – ၂၅ ဒီဂရီစင်တီဂရိတ်အတွင်း ကောင်းစွာဖြစ်ထွန်းသည်။ အနိမ့်ဆုံး ၈ ဒီဂရီစင်တီဂရိတ်မှ အမြင့်ဆုံး ၃၄ ဒီဂရီစင်တီဂရိတ်အထိ အထွက်နှုန်းသိသာစွာ မထိခိုက်ဘဲ ပေါက်ရောက်နိုင်သည်။ အပူချိန်မြင့်လျှင် ရင့်မှည့်မှုမြန်ပြီး သက်တမ်းတိုသွားသည်။ အပူချိန်မြင့်မားလျှင် အစေ့တွင် ဆီပါဝင်မှုနှင့် ဆီအရည်အသွေးကို ထိခိုက်သည်။ ယေဘုယျအားဖြင့် ပန်းပွင့်ချိန်တွင် အပူချိန် ၂၅ ဒီဂရီစင်တီဂရိတ်အထက်ရှိပါက အစေ့အထွက်နှုန်းနှင့် ဆီပါဝင်မှုကို လျော့နည်းစေသည်။ မိုးရေချိန် ၃၀၀ မီလီမီတာရွာလျှင် သင့်တင့်သော အထွက်နှုန်းကို ရနိုင်သည်။ မိုးရေချိန် ၅၀၀ နှင့် ၇၅၀ မီလီမီတာအတွင်း အပင်ကြီးထွားဆဲကာလ၌ ညီညာမျှတစွာ ရွာသွန်းပြီး ပန်းပွင့်ချိန်တွင် မိုးမရွာလျှင် အထွက်နှုန်း အမြင့်မားဆုံးရနိုင်သည်။ နေကြာပင်ကို သဲနုန်းမြေစေး၊ နုန်းမြေနှင့် သဲနုန်းတို့တွင် စိုက်ပျိုးပါက အထူးသန်စွမ်းကောင်းမွန်ပါသည်။ မြေချဉ်ငန်ဓာတ် ၆-၇ တို့သည် နေကြာစိုက်ပျိုးရန် အသင့်တော်ဆုံးဖြစ်သည်။

**သဘာဝဝတ်မှုန်ကူးမျိုး**

နေကြာသီးနှံတွင် အဓိကအားဖြင့် အစေ့စားနေကြာနှင့် ဆီစားနေကြာဟူ၍ နှစ်မျိုးရှိပါသည်။ မြန်မာနိုင်ငံတွင် ဆီထွက်သီးနှံများအနက် နေကြာသီးနှံသည် စိုက်ပျိုးရသော မျိုးစေ့ပမာဏနှင့် ထွက်ရှိသော မျိုးစေ့ပမာဏအချိုးအစား (Seed to Seed) မြင့်မားခြင်း၊ စိုက်ပျိုးစရိတ်သက်သာခြင်း၊ တစ်ဧကဆီထွက်နှုန်းကောင်းခြင်း၊ ပိုးမွှား၊ ရောဂါနှင့် ရာသီဥတုဖောက်ပြန်သည့်အခါတွင်မှု ပျက်စီးမှုနည်းခြင်းတို့ကြောင့် တောင်သူများ ကြိုက်နှစ်သက်ကြသည်။ နေကြာသီးနှံတွင် သဘာဝဝတ်မှုန်ကူးမျိုး (Open Pollinated Variety) နှင့် စပ်မျိုးနေကြာ (Hybrid Variety) ဟူ၍ မျိုးအုပ်စုနှစ်ခု ခွဲခြားနိုင်သည်။ သဘာဝဝတ်မှုန်ကူးမျိုး (Open Pollinated Variety) သည် မိဘမျိုးများစွာ ဝတ်မှုန်ကူးခြင်းမှ ရရှိလာသောမျိုးဖြစ်သည်။ အခြားမျိုးများနှင့် မျိုးကူးစက်ခြင်းမရှိစေရန် မျိုးတစ်မျိုးတည်းကိုသာထားရှိစိုက်ပျိုးပြီး စနစ်တကျ မျိုးသန့်ထိန်းသိမ်းစိုက်ပျိုးပါက ငါးနှစ်မှ ၁၀ နှစ်အထိ မျိုးသန့်အဖြစ်စိုက်ပျိုးနိုင်ပါသည်။ (ဥပမာ – ဆင်းရွှေကြာ – ၂)။ နေကြာသီးနှံသည် ပင်ကြားဝတ်မှုန်ကူးသည့် သီးနှံဖြစ်ပြီး အဓိကအားဖြင့် ပျားနှင့် ဝတ်မှုန်ကူးခြင်းဖြစ်ပါသည်။ တောင်သူများအနေဖြင့် သဘာဝဝတ်မှုန်ကူးနေကြာမျိုးများအား စိုက်ပျိုးမည်ဆိုပါက နေကြာစိုက်ခင်း တစ်ဧကလျှင် ပျားအုံ တစ်အုံမှ နှစ်အုံထားသင့်သည်။ မျိုးစေ့ရယူမည့် တောင်သူများအနေဖြင့် သဘာဝဝတ်မှုန်ကူး နေကြာမျိုးများစိုက်ပျိုးမည်ဆိုပါက မျိုးတစ်မျိုးတည်းကို တစ်ကွင်းတစ်စပ်တည်း စိုက်ပျိုးသင့်ပါသည်။ စပ်မျိုးနေကြာမျိုးသည် မျိုးမတူသော မိဘမျိုး နှစ်မျိုးအားမျိုးကူးစက်၍ ရရှိလာသော စပ်မျိုးစွမ်းအား (Hybrid Vigour) ကောင်းမွန်သည့်မျိုးဖြစ်သည်။ စပ်မျိုးနေကြာမှ ထွက်ရှိလာသော မျိုးစေ့ကို နောင်နှစ်တွင် မျိုးအဖြစ် အသုံးမပြုသင့်ပါ။ (ဥပမာ – ရေဆင်းစပ်မျိုးနေကြာ – ၁)။

**စပ်မျိုးနေကြာမျိုး နှစ်မျိုး**

မြန်မာနိုင်ငံတွင် ဆီစားနေကြာကို ၁၉၇၆ – ၇၇ ခုနှစ်မှစ၍ စိုက်ပျိုးခဲ့ပါသည်။ စိုက်ပျိုးသောမျိုးအများစုမှာ သဘာဝဝတ်မှုန်ကူးမျိုးများဖြစ်ကြသည်။ ၁၉၈၄ ခုနှစ်တွင် စိုက်ပျိုးရေးသုတေသနဦးစီးဌာနက ဆင်းရွှေကြာ – ၂ သဘာဝဝတ်မှုန်ကူးမျိုး (Open pollinated Variety) ကို ထုတ်လုပ်နိုင်ခဲ့ပါသည်။ ရုရှားမျိုးဖြစ်သည့် CHAKINSKYI – 269 အား Mass Selection နည်းဖြင့် ရွေးချယ်ထားသောမျိုးဖြစ်ပါသည်။ ဆင်းရွှေကြာ – ၂ နေကြာမျိုးသည် အသက်လျင်၍ ရွက်ခြောက်ရောဂါ (Alternaria Leaf Blight) အတော်အသင့် ခံနိုင်ရည်ရှိပါသည်။ တစ်ဧက အထွက်နှုန်း ၂၅ – ၃၀ တင်း ထွက်ရှိပြီး ဒေသမရွေး စိုက်ပျိုးဖြစ်ပါသည်။ စပ်မျိုးနေကြာမျိုးများသည် သဘာဝဝတ်မှုန်ကူးမျိုးများထက် အထွက်နှုန်းကောင်းမွန်ခြင်းနှင့် ဆီထွက်ရာခိုင်နှုန်း မြင့်မားခြင်းတို့ကြောင့် စပ်မျိုးနေကြာထုတ်လုပ်ရေးသုတေသနလုပ်ငန်းများကို ကမ္ဘာတစ်ဝန်း ဆောင်ရွက်ခဲ့ကြပါသည်။ မြန်မာနိုင်ငံတွင် ၁၉၈၆ ခုနှစ်၌ ပြည်ပစပ်မျိုးနေကြာ Hysun – 33 ကို မှာယူတင်သွင်း၍ စိုက်ပျိုးခဲ့ရာ အထွက်နှုန်း ၄၀ – ၅၀ တင်းထိ ထွက်ရှိသဖြင့် တောင်သူများ များစွာအကျိုးရှိပြီး ဆီထွက်ထုတ်လုပ်မှုလည်း တိုးတက်ခဲ့ပါသည်။ သို့ရာတွင် စပ်မျိုးနေကြာမျိုးစေ့ကို နှစ်စဉ်နိုင်ငံခြားမှ ဝယ်ယူတင်သွင်းပါက နိုင်ငံခြားငွေများစွာ ကုန်ကျခြင်း၊ တောင်သူများအတွက် မျိုးစရိတ်ကြီးမားခြင်းတို့ကြောင့် ပြည်တွင်းတွင် စပ်မျိုးနေကြာ ထုတ်လုပ်နိုင်ရန် သုတေသနလုပ်ငန်းများအား စိုက်ပျိုးရေးသုတေသနဦးစီးဌာန ရေဆင်းတွင် ၁၉၉၃–၉၄ ခုနှစ်မှစတင်၍ ဆောင်ရွက်ခဲ့ပြီး စပ်မျိုးနေကြာမျိုး နှစ်မျိုးကို အောင်မြင်စွာထုတ်လုပ်နိုင်ခဲ့ပါသည်။ ရေဆင်းစပ်မျိုးနေကြာ –၁ သည် အသက်ရက် ၈၀ – ၈၅ ရက်ရှိပြီး အပင်အမြင့် ၄ ဒသမ ၅ ပေ– ၅ ပေရှိကာ အပွင့်အချင်း ၅ လက်မမှ ၉ လက်မထိရှိ၍ တစ်ပွင့်ပါအောင်စေ့ ၅၀၀–၉၀၀ ပါရှိပြီး အစေ့တစ်ထောင် အလေးချိန်မှာ ၄၅–၅၀ ဂရမ်နှင့် ဆီထွက်ရာနှုန်း ၄၈–၅၁ ရာခိုင်နှုန်းရှိကာ တစ်ဧကအထွက်နှုန်း ၅၅–၆၀ တင်း ထွက်ရှိနိုင်သည်။ ရေဆင်းစပ်မျိုးနေကြာ – ၁ သည် တစ်ဧကအထွက်နှုန်းနှင့် ဆီထွက်နှုန်းကောင်းခြင်းတို့ကြောင့် မြန်မာနိုင်ငံတစ်ဝန်းရှိ နေကြာစိုက်တောင်သူများ အများဆုံးစိုက်ပျိုးသော ပြည်တွင်းစပ်မျိုးတစ်မျိုးဖြစ်သည်။

**နေကြာသီးနှံသုတေသနလုပ်ငန်းများ**

စိုက်ပျိုးရေးသုတေသန ဦးစီးဌာနအနေဖြင့် ပြည်တွင်း ဆီစားသုံးမှုဖူလုံစေရန်အတွက် နေကြာသီးနှံသုတေသနလုပ်ငန်းများကို ဆောင်ရွက်ရာတွင် အထွက်ကောင်းနှင့် ဆီထွက်ကောင်း စပ်မျိုးနေကြာမျိုးသစ်များအား မွေးမြူထုတ်လုပ်ခြင်း သုတေသနလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ အဓိကလုပ်ငန်းစဉ်များဖြစ်သည့် သန္ဓေသန့်လိုင်းများ မွေးမြူခြင်းသုတေသန၊ စပ်မျိုးမိဘလိုင်း (အမလိုင်းများ) မွေးမြူခြင်းသုတေသန၊ စပ်မျိုးမိဘလိုင်း (အဖိုလိုင်းများ) မွေးမြူခြင်းသုတေသန၊ စပ်မျိုးမိဘလိုင်းများ၏ ပေါင်းစပ်စွမ်းရည်စစ်ဆေးခြင်းသုတေသန၊ စမ်းသပ်စပ်မျိုးများ အထွက်ယှဉ်ပြိုင်ခြင်း သုတေသန၊ စမ်းသပ်စပ်မျိုးများ တောင်သူ့ကွက်တွင် သရုပ်ပြစိုက်ပျိုးခြင်း သုတေသနလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသလို ထုတ်ဝေပြီး နေကြာမျိုးများ၏ အရည်အသွေးကျဆင်းမသွားအောင် မျိုးသန့်ထိန်းသိမ်းခြင်းများကိုလည်း ဆောင်ရွက်လျက်ရှိပါသည်။ စပ်မျိုးနေကြာမျိုးစေ့၏ အရည်အသွေးမကျဆင်းစေရန် စပ်မျိုးနေကြာ ထုတ်လုပ်သည့် မိဘလိုင်းများအား စနစ်တကျ မျိုးသန့်ထိန်းသိမ်းခြင်းသည် အလွန်အရေးကြီးပါသည်။ သဘာဝဝတ်မှုန်ကူး နေကြာမျိုးများအား မျိုးစေ့များကို မူလဗီဇလက္ခဏာများ ယုတ်လျော့မသွားစေရန် စနစ်တကျ မျိုးသန့်ထိန်းသိမ်းထားခြင်းကို မဖြစ်မနေ ဆောင်ရွက်ရပါသည်။

သို့မှသာ တောင်သူများ စိုက်ပျိုးသည့် မျိုးများသည် မူလအရည်အသွေးမပျက် အထွက်နှုန်းနှင့် ဆီထွက်နှုန်းကောင်းမွန်ပြီး ဝင်ငွေတိုးတက်ရရှိမည်မှာ အမှန်ပင်ဖြစ်ပါသည်။ ။

> **“စပ်မျိုးနေကြာမျိုးစေ့ကို နှစ်စဉ်နိုင်ငံခြားမှ ဝယ်ယူတင်သွင်းပါက နိုင်ငံခြားငွေများစွာ ကုန်ကျခြင်း၊ တောင်သူများအတွက် မျိုးစရိတ်ကြီးမားခြင်းတို့ကြောင့် ပြည်တွင်းတွင် စပ်မျိုးနေကြာ ထုတ်လုပ်နိုင်ရန် သုတေသနလုပ်ငန်းများအား စိုက်ပျိုးရေး သုတေသနဦးစီးဌာန ရေဆင်းတွင် ၁၉၉၃-၉၄ ခုနှစ်မှစတင်၍ ဆောင်ရွက်ခဲ့ပြီး စပ်မျိုးနေကြာမျိုး နှစ်မျိုးကို အောင်မြင်စွာ ထုတ်လုပ်နိုင်ခဲ့”**

# မင်းဘူး(စကု)မြို့နယ် ကိုင်းမကြီးကျေးရွာရှိ မီးဘေးသင့်အိမ်ထောင်စုများအား ကယ်ဆယ်ရေးပစ္စည်းနှင့် ထောက်ပံ့ငွေများပေးအပ်

မင်းဘူး မတ် ၁၃

မကွေးတိုင်းဒေသကြီး မင်းဘူး(စကု)မြို့နယ် ကိုင်းမကြီးကျေးရွာရှိ မီးဘေးသင့်အိမ်ထောင်စုများအတွက် ကယ်ဆယ်ရေးပစ္စည်းနှင့် ထောက်ပံ့ငွေများကို မတ် ၁၂ ရက် မွန်းလွဲ ၂ နာရီက ကိုင်းမကြီးကျေးရွာ ဘုန်းတော်ကြီးကျောင်းဓမ္မာရုံ၌ ပေးအပ်ခဲ့သည်။

**ဆောင်ရွက်ပေး**

ထောက်ပံ့ပေးအပ်ပွဲသို့ မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင့်လွင်၊ တိုင်းဒေသကြီး ဝန်ကြီးများနှင့် တိုင်းဒေသကြီး/ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ပေးအပ်ခဲ့ကြပြီး မီးဘေးသင့်အိမ်ထောင်စုများနှင့် တွေ့ဆုံကာ ဒေသခံများ၏ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရန် တင်ပြချက်များအပေါ် တိုင်းဒေသကြီး ဝန်ကြီးချုပ်က လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ကိုင်းမကြီးကျေးရွာတွင် မီးဘေးသင့် အိမ်ထောင်စုပေါင်း ၇၂ စုနှင့် လူဦးရေ ၂၇၀ ရှိပြီး မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့မှ တစ်အိမ်ထောင်လျှင် ငွေကျပ် သုံးသိန်းနှုန်းဖြင့် စုစုပေါင်း ထောက်ပံ့ငွေကျပ် ၂၁၆၀၀၀၀၀၊ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနမှ မီးဘေးသင့်အိမ်ထောင်စုပေါင်း ၇၂ စုနှင့် မိသားစုဝင်များအတွက် အိမ်ဆောက်ပစ္စည်းဖိုးနှင့် ဆန်ရိက္ခာဖိုး ထောက်ပံ့ငွေကျပ် ၈၈၆၇၀၀၀ နှင့် ကယ်ဆယ်ရေးပစ္စည်း ၁၇ မျိုးပါ ၇၂ ပုံး၊ နယ်မြေခံတပ်ရင်းတပ်ဖွဲ့ မိသားစုများမှ ဆန်၊ ဆီ၊ ဆား၊ ပဲနှင့် နို့ဆီများ၊ အခြေခံပညာဦးစီးဌာနမှ မီးဘေးသင့် ကျောင်းသား ကျောင်းသူများအတွက် ကျောင်းသုံးဗလာစာအုပ်၊ ပုံနှိပ်စာအုပ်နှင့် စာရေးကိရိယာပစ္စည်းများ၊ ကောင်းမွန်မိသားစု(မကွေး)မှ တစ်အိမ်ထောင်လျှင် ဆန် ခြောက်ပြည်၊ ရေသန့် လီတာ ၂၀ တစ်ဘူးနှုန်း၊ ဖြဟ္မစိုရ်လူမှုကူညီရေးအသင်း(မင်းဘူး)မှ တစ်အိမ်ထောင်လျှင် ဆန်တစ်ပြည်၊ ရေသန့်တစ်ကတ်နှင့် မုန့်မျိုးစုံတစ်ထုပ်နှုန်းအပြင် အနယ်နယ်အရပ်ရပ်မှ စေတနာရှင် အလှူရှင်များနှင့် ပရဟိတအဖွဲ့အစည်းများက အလှူငွေ၊ ဆေးဝါး၊ ရေသန့်၊ အစားအသောက်နှင့် အဝတ်အထည်များကို လာရောက် လှူဒါန်းပေးလျက်ရှိသည်။




ကိုင်းမကြီးကျေးရွာတွင် မတ် ၁၁ ရက် ညနေ ၅ နာရီခွဲခန့်က ဒေါ်မြင့်မြင့်သန်း၏ နေအိမ်အတွင်းရှိ နွားတင်းကုပ်အတွင်း၌ ဝက်စာအိုးကျိုရာမှ မီးကြွင်းမီးကျန်မှတစ်ဆင့် မီးစတင်လောင်ကျွမ်းခဲ့ပြီး အိမ်ထောင်စုပေါင်း ၇၂ စု၊ လူဦးရေပေါင်း ၂၇၀ အိုးမဲ့အိမ်မဲ့ဖြစ်ပွားခဲ့ကြောင်း၊ မီးဘေးသင့်အိမ်ထောင်စုများအား လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများကို နေ့ချင်းပြီး ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ လမ်း၊ တံတားလုပ်ငန်းများဆောင်ရွက်နေမှုနှင့် မုံရွာပြည်သူ့ဆေးရုံကြီး တိုးချဲ့ငါးထပ်လူနာကုသဆောင် တည်ဆောက်နေမှု ကြည့်ရှုစစ်ဆေး

နေပြည်တော် မတ် ၁၃

ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းဖေသည် ယမန်နေ့နံနက်ပိုင်းတွင် ရန်ကုန်-မန္တလေး အမြန်လမ်းမကြီး၏ နေပြည်တော်-မန္တလေး လမ်းပိုင်းကို ကြည့်ရှုစစ်ဆေးပြီး မိုင်(၂၈၄/၄-၅) သီးကုန်းယာဉ်ရပ်နားစခန်း (အသွားလမ်း)တွင် ရပ်/ကျေးဈေးဆိုင်ခန်းများ နေရာချထားမည့်နေရာကို ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ မှာကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် မန္တလေး-စစ်ကိုင်း-မုံရွာ လမ်းတစ်လျှောက်နှင့် မြင်းမူတိုးဂိတ် ပြန်လည်ပြုပြင်ပြီးစီးမှုကို ကြည့်ရှုသည်။

**ရှင်းလင်းတင်ပြ**

ယင်းနောက် မုံရွာပြည်သူ့ဆေးရုံကြီး တိုးချဲ့ငါးထပ်လူနာကုသဆောင် တည်ဆောက်ခြင်း လုပ်ငန်းခွင်၌ တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်နေမှုကို ရှင်းလင်းတင်ပြရာ ဒုတိယဝန်ကြီးက စီမံကိန်းတစ်ခုလုံး၏ ၂၀၁၉ ခုနှစ်မှ ၂၀၂၂ ခုနှစ်အထိ ဘဏ္ဍာနှစ်အလိုက် ခွင့်ပြုရန်ပုံငွေ၊ ဖြည့်စွက်ရန်ပုံငွေ၊ ထပ်တိုး ခွင့်ပြုရန်ပုံငွေနှင့် ၂၀၂၂ - ၂၀၂၃ ဘဏ္ဍာနှစ်အတွက် ထပ်မံလိုအပ်ရန်ပုံငွေများအလိုက် လုပ်ငန်းဆောင်ရွက်ရာတွင် မြို့ပြလုပ်ငန်း၊ ရေသန့်လုပ်ငန်း၊ လျှပ်စစ်လုပ်ငန်း ခွဲခြားဆောင်ရွက်ရာတွင် စံချိန်စံညွှန်းပြည့်မီရေး၊ လက်ရာလက်သား သေသပ်ကောင်းမွန်ရေး၊ သတ်မှတ်ချိန်အမီ ပြီးစီးရေးတို့ကို အလေးထား ကြပ်မတ်ဆောင်ရွက်ရန် မှာကြားသည်။



ထို့နောက် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် မုံရွာပြည်သူ့ဆေးရုံကြီး တိုးချဲ့ ငါးထပ်လူနာကုသဆောင် မြေညီထပ် Granite ခင်းခြင်းလုပ်ငန်း၊ ဓာတ်လှေကားတပ်ဆင်မှု၊ ပထမ၊ ဒုတိယ၊ တတိယ၊ စတုတ္ထအထပ်များတွင် အခင်းနှင့် နံရံကြွေပြားကပ်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှု၊ ခွဲစိတ်ခန်းကြမ်းခင်းနှင့် နံရံမျက်နှာကြက်များဆောင်ရွက်မှု၊ အောက်ဆီဂျင်ထုတ်စက်၊ Medical Pipe Line နှင့် ပြင်ပဆက်စပ်လုပ်ငန်းများ ဆောင်ရွက်နေမှု၊ ချင်းတွင်းတံတားကြံ့ခိုင်မှု၊ ချင်းတွင်းမြစ်ရေလမ်းကြောင်းပြောင်းလဲမှု ရှိ/မရှိနှင့် ရေလယ်တိုင်များကြံ့ခိုင်မှုတို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

**ဆွေးနွေးပြောကြား**

မွန်းလွဲပိုင်းတွင် ဒုတိယဝန်ကြီးနှင့်အဖွဲ့ဝင်များသည် စစ်ကိုင်းတိုင်းဒေသကြီး လမ်းဦးစီးဌာန ညွှန်ကြားရေးမှူး(မြို့ပြ)ရုံးသို့ သွားရောက်ပြီး အဆောက်အဦဦးစီးဌာန၊ လမ်းဦးစီးဌာန၊ တံတားဦးစီးဌာန၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန၊ ကျေးလက်လမ်း ဖွံ့ဖြိုးရေးဦးစီးဌာနတို့မှ ဝန်ထမ်းများနှင့် တွေ့ဆုံ၍ လိုအပ်သည်များ ဆွေးနွေးပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# မြောင်မြို့နယ်၌ အထွက်တိုးနေကြာမျိုးစေ့ထုတ်ကွက် ဧက ၂၀၀ စိုက်ပျိုးမည်

မြောင် မတ် ၁၃

စစ်ကိုင်းတိုင်းဒေသကြီး မြောင်မြို့နယ်တွင် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက တောင်သူများနှင့် ပူးပေါင်းကာ ကျေးရွာအုပ်စု ခုနစ်အုပ်စုတွင် အထွက်တိုးနေကြာမျိုးစေ့ထုတ်ကွက် ဧက ၂၀၀ စိုက်ပျိုးမည်ဖြစ်ကြောင်း သိရသည်။

၂၀၂၂ ခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီတွင် မြောင်မြို့နယ် ကူးတို့ကုန်းကျေးရွာအုပ်စု၊ ဖွားစောကျေးရွာအုပ်စု၊ လက်ယက်မကျေးရွာအုပ်စု၊ တွင်းကြီးကျေးရွာအုပ်စု၊ မကျီးဘုတ်ကျေးရွာအုပ်စု၊ ကျားအိုကျေးရွာအုပ်စု၊ ရွှေပန်းကျေးရွာအုပ်စုတို့တွင် တောင်သူ ၁၂၅ ဦးဖြင့် အထွက်တိုးနေကြာမျိုးစေ့ထုတ်ကွက် ဧက ၂၀၀ စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။



တောင်သူများအနေဖြင့် ဆီထွက်သီးနှံ ရိုးရိုးနေကြာစိုက်ပျိုးပါက ဆီထွက်နှုန်းမှာ တစ်တင်းလျှင် ၂ ဒသမ ၅ ပိဿာ၊ တစ်ဧက ၆၇ ပိဿာ ထွက်ရှိမည်ဖြစ်ပြီး အထွက်တိုးနေကြာစိုက်ပျိုးပါက ဆီထွက်နှုန်းမှာ တစ်တင်းလျှင် လေးပိဿာ၊ တစ်ဧက ပိဿာ ၁၄၀ အထိ ထွက်ရှိမည်ဖြစ်သည်။ မြို့နယ်အတွင်း မျိုးလုံလောက်မှုရှိစေရန်အတွက် တောင်သူများနှင့် ပူးပေါင်းကာ မျိုးစေ့ထုတ်ကွက်များ စိုက်ပျိုးခြင်းဖြစ်ကြောင်း သိရသည်။

မြောင်မြို့နယ်တွင် ပြီးခဲ့သည့် ၂၀၂၀-၂၀၂၁ စိုက်ပျိုးရာသီက နေကြာ ၁၂၃၄၈ ဧကစိုက်ပျိုးခဲ့ပြီး ယခု ၂၀၂၁-၂၀၂၂ ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် နေကြာ ၁၁၉၈၆ ဧက စိုက်ပျိုးထားပြီး ဆီထွက်သီးနှံနေကြာစိုက်ဧရိယာ တိုးချဲ့စိုက်ပျိုးနိုင်ရေး၊ အထွက်နှုန်းမြင့်မားရေးနှင့် မျိုးစေ့ထုတ်ကွက် ဆောင်ရွက်မည့် နည်းပညာရပ်များကို မတ် ၁၀ ရက်က ဝန်ထမ်းများနှင့် ပညာပေးဆွေးနွေးခြင်းများဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **လူလေး**

❐ **ရေ့ဖုံးမှ**

တံတားမတည်ဆောက်မီက ကျောက်ကြီးမြို့နယ်မှ ဖြူးမြို့နယ်သို့ သွားလာရာတွင် မိုးတွင်းကာလအတွင်း နှစ်စီးတွဲလှေဖြင့် စစ်တောင်းမြစ်ကို ခက်ခက်ခဲခဲ ဖြတ်သန်းသွားလာခဲ့ရပြီး နွေရာသီရေကျချိန်မှာ ပွန်းတွန်းဘေလီတံတားဖြင့်သာ ယာဉ်ငယ်များ ဖြတ်သန်းသွားလာနိုင်သည်။

ယခုတည်ဆောက်လိုက်သော ဖြူး-အုတ်ဖြတ်-မုန်းလမ်းမပေါ်မှ စစ်တောင်းမြစ်ကူးတံတား(အုတ်ဖြတ်)ကို ပဲခူးတိုင်းဒေသကြီးအတွင်း သဘာဝအတားအဆီးတစ်ခုဖြစ်သည့် စစ်တောင်းမြစ်ကို ဖြတ်သန်း တည်ဆောက်ခဲ့သည့်အတွက် စစ်တောင်းမြစ် အရှေ့ဘက်ခြမ်းနှင့် အနောက်ဘက်ခြမ်းရှိ ဒေသခံပြည်သူများ လမ်းပန်းဆက်သွယ်မှု ကောင်းမွန်စေရေး၊ ဒေသတွင်းမှီတင်းနေထိုင်လျက်ရှိကြသည့် ဒေသခံပြည်သူများအားလုံး သွေးချင်းညီနောင်များသဖွယ် အလွယ်တကူ ကူးလူးဆက်ဆံနိုင်ရေး၊ ဒေသဖွံ့ဖြိုးတိုးတက်စေရေးတို့ကို အထောက်အကူပြုစေမည်ဖြစ်ကြောင်း သိရသည်။ **ခရမ်းစိုးမြင့်**

**ပြင်ပအလင်းရောင်ကို အသုံးချပါ၊ မလိုအပ်သော အိမ်တွင်းလျှပ်စစ်မီးများကို လျှော့သုံးပါ**

တပ်မတော်နေ့အကြို ဂုဏ်ပြုဆောင်းပါး

# တပ်မတော်သားမျိုးဆက်လေးဆက်

## တပ်မတော်သားသုတေသီတစ်ဦး

## [၁၉၉၁ အမျိုးသားစာပေဆုရ၊ စီမံထူးချွန် (ပထမအဆင့်)]

ယခု ၂၀၂၂ ခုနှစ် လွတ်လပ်ရေးနေ့တွင် ရဲဘော်ရဲဘက်တစ်ဦးဖြစ်ခဲ့ဖူးသူ ကိုအုန်းမောင် (မြင်းမူမောင်နိုင်မိုး) ၏ လွတ်လပ်ရေးနေ့ဂုဏ်ပြုကဗျာကို ကြေးမုံသတင်းစာတွင် ဖတ်လိုက်ရပြီးနောက် မတ်လ ၂၇ ရက်နေ့၌ ကျရောက်မည့် တပ်မတော်နေ့ကို ဂုဏ်ပြုဆောင်းပါးလေးဖြင့် ကြိုဆိုရန် ဆန္ဒပေါ်ပေါက်လာ၍ ဤဖြစ်ရပ်မှန်လေးကို ရေးသားလိုက်ရပါသည်။

ယခု ကျွန်တော့်အသက် ၈၀ ရှိပြီး တပ်မတော်တွင် သက်ပြည့်နှစ်ပေါင်း ၃၈ နှစ်တိုင်တိုင် တာဝန်ထမ်းဆောင်ခဲ့သည့်အတွက် သင်္ဂဟတံဆိပ်ရရှိခဲ့ပါသည်။ ဆက်၍လည်း စစ်မှုထမ်းဟောင်းအဖွဲ့ဝင်ဖြစ်ခဲ့သည်။

### မျိုးဆက်လေးဆက်

၁၉၆၅ ခုနှစ်တွင် ပြန်တမ်းဝင်အရာရှိအဖြစ် ခန့်အပ်ခြင်းခံခဲ့ရပြီး ၂၀၀၃ ခုနှစ်တွင် တပ်မတော်မှ အငြိမ်းစားယူခဲ့သည်။ ကျွန်တော်၏ ဘီစီ (BC) နံပါတ်မှာ ၁၀၆၅၅ ဖြစ်ပြီး ကျွန်တော်သည် ကျွန်တော့်မျိုးဆက်တွင် ဒုတိယမြောက် စစ်သားတစ်ဦးဖြစ်ပါသည်။ ပထမမျိုးဆက်ကတော့ ကျွန်တော့်အဖေ။ နောက် ကျွန်တော်၏တစ်ဦးတည်းသော သမီး၏ ခင်ပွန်းနှင့် ကျွန်တော့်ညီလေးအရင်း၏သား ကျွန်တော်၏တူလေး မောင်ခိုင်လင်းတို့မှာ တတိယမျိုးဆက်ဖြစ်လာခဲ့ပါသည်။ စတုတ္ထမျိုးဆက်ကတော့ မြေးမလေး မယမင်းဖြစ်ပြီး အားလုံးမျိုးဆက်လေးဆက်ဖြစ်ပါသည်။

ကျွန်တော်၏အဖေသည် ပထမဆုံးသော လွတ်လပ်ရေးနှစ်ဖြစ်သည့် ၁၉၄၈ ခုနှစ်၏ နှစ်ဦးတွင် Direct Commission ဟုခေါ်သည့် ဝင်လျှင်ဝင်ချင်း ဗိုလ်ကြီးအဆင့်အဖြစ် ခန့်အပ်ခြင်းခံရပြီး ဘီစီနံပါတ်မှာ ၅၅၁၅ ဖြစ်ပါသည်။ စစ်ဘက်ဥပဒေဌာနတွင် ဒုတိယလက်ထောက် စစ်ဥပဒေချုပ် (DAJAG) တာဝန်ကို ထမ်းဆောင်ခဲ့ပြီး ၁၉၄၉/၁၉၅၀ သို့ ရောက်သောအခါ ပြန်လည်ဖွဲ့စည်းခဲ့သည့် မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် (Northern Command) တွင် လက်ထောက်စစ်ဥပဒေချုပ် (AJAG) ဖြစ်လာခဲ့ပါသည်။ ကျွန်တော်၏အဖေဖြစ်သူမှာလည်း သက်ပြည့်တာဝန်ထမ်းရွက်ခဲ့သူတစ်ဦးပါ။

ကျွန်တော်၏အဖေသည် စိတ်ဝင်စားဖွယ်ရာကောင်းသူ တစ်ဦးဖြစ်သည့်အတွက် သူ့အကြောင်းအနည်းငယ် ပြောပြလိုပါသည်။ သူသည် ဘဝဆုတောင်းပြည့်သူ တစ်ဦးဖြစ်သည့်အတွက် ရုပ်ရည်တင့်တယ်ပြီး ခွန်အားဗလနှင့် ပြည့်စုံသူတစ်ဦးဖြစ်ပါသည်။ ဉာဏ်ပညာ ထက်မြက်သူတစ်ဦးဖြစ်သည့်အပြင် မိဘဖြစ်သူများကလည်း ဥစ္စာခနကြွယ်ဝကြပါသည်။ အဖေသည် လူချစ်လူခင်ပေါများသူတစ်ဦး ဖြစ်သည့်သာမက အားကစားမျိုးစုံမှာလည်း ထူးချွန်သူတစ်ဦးဖြစ်ပါသည်။ ပဲခူးသားဖြစ်သည့် ကျွန်တော်၏အဖေသည် အသက် (၁၅) နှစ်အရွယ်မှာပင် ဆယ်တန်းကို အောင်မြင်ခဲ့သူလည်းဖြစ်ပါသည်။ ကိုလိုနီခေတ်ဖြစ်သည့် ထိုခေတ်ထိုအခါက အသက် (၁၆) နှစ်ပြည့်မှ တက္ကသိုလ်ဝင်ခွင့်ရပါသည်။ အဖေ့အသက်က (၁၅) နှစ်၊ ၁၉၃၅ ခုနှစ်တွင် ဖြစ်ပါသည်။ အဖေ့ဆရာကြီးဖြစ်သူ ဦးသာဒင် (နောင်တွင် တော်လှန်ရေးအစိုးရခေတ်၊ နိုင်ငံတော်ကောင်စီဝင်) က တက္ကသိုလ်အာဏာပိုင်များကို လိုက်လံပြောဆိုပေးသည့်အတွက် အဖေသည် တက္ကသိုလ်ကို အသက်မပြည့်မီမှာပဲ တက်ရောက်ခွင့်ရသွားပါသည်။

### အောင်မြင်သော ဝတ်လုံတစ်ဦး

အဖေက ဆရာဝန်တစ်ဦးဖြစ်ချင်ခဲ့သော်လည်း အဖေ၏မိဘများက သူ့ကို ICS (Indian Civil Service) ကိုလိုနီအစိုးရလက်ရွေးစဉ် အုပ်ချုပ်ရေးအရာရှိ ဖြစ်စေချင်ကြသည်။ ထို့ကြောင့် ဥပဒေဘာသာရပ်ကို သင်ကြားခဲ့ပြီး ၁၉၄၁ ခုနှစ်တွင် BABL ဝတ်လုံတော်ရဘွဲ့ရရှိခဲ့ပါသည်။ အဖေသည် ICS စာမေးပွဲကို အောင်မြင်ခဲ့ပါသည်။ သို့သော် မိဘများက ကိုလိုနီအကျိုးပြုအမှုထမ်းမဟုတ်သည့်အတွက် အရွေးမခံခဲ့ရပါ။ BOC (ဗြိတိသျှရေနံကုမ္ပဏီ) မှာ အဖေ့ကို အရာရှိရာထူးပေးသော်လည်း အဖေ လက်မခံခဲ့ပါ။ အောင်မြင်သော ဝတ်လုံတစ်ဦးဖြစ်လာခဲ့ပါသည်။

သို့သော်လည်း အဖေ၏စိတ်ဓာတ်က စစ်သားစိတ်။ အဖေ့သူငယ်ချင်းအတော်များများကလည်း စစ်သားကြီးများ ဖြစ်နေကြသည့်အချိန်။ ကိုကြည်မောင် (နောင်တော်လှန်ရေးကောင်စီအဖွဲ့ဝင်၊ တိုင်းမှူး၊ ဗိုလ်မှူးကြီး)၊ ကိုချစ်မြိုင် (သူသည်လည်း တော်လှန်ရေးကောင်စီဝင်၊ ဝန်ကြီး၊ ကုန်သွယ်ရေးဌာနတာဝန်ခံ)၊ ကိုတင်ဦး (ဘုတင်ဦး၊ သံအမတ်ကြီး) တို့ ဖြစ်ကြပါသည်။

ကိုချစ်မြိုင်ဆိုလျှင် ရွှေဘိုသားဖြစ်သော်လည်း စစ်ကိုင်းတွင် ကျောင်းတက်ပြီး အဖေနှင့် တစ်နှစ်တည်း ဆယ်တန်းကို အောင်မြင်ခဲ့သူဖြစ်ပါသည်။ သူသည်လည်း အသက်မပြည့်သေးသည့် အသက် (၁၅) နှစ်သာ ရှိသေးသောသူဖြစ်ပါသည်။ သူ့ကို လိုက်ပြောပေးသည့်သူမရှိသည့်အတွက် တက္ကသိုလ်ဝင်ခွင့်မရခဲ့ပါ။ (၁၆) နှစ်ပြည့်အောင်စောင့်ရင်း ပဲခူးမှ စာရင်းကိုင်ပညာရှိ (Chartered Accountant) ကိုတင်အောင်ထံတွင် စာရင်းကိုင်ပညာကို သင်ကြားကာ တစ်နှစ်ကြာပြီးနောက် ၁၉၃၆ ခုနှစ်တွင် တက္ကသိုလ်ဝင်ခွင့် ရရှိခဲ့သူဖြစ်ပါသည်။ ကိုချစ်မြိုင်သည် ရွှေဘိုသားဖြစ်သည်နှင့်အညီ သတ္တိရှိသူတစ်ဦးလည်းဖြစ်ပါသည်။ သူသည် ဉာဏ်ကောင်းသူတစ်ဦး၊ တက္ကသိုလ်တွင် ကျောင်းသားသံမဏိတပ် ဗိုလ်ချုပ်၊ တပ်မတော်တွင် ခေတ်အဆက်ဆက် တိုက်ပွဲကြီးပေါင်းများစွာနိုင်အောင်တိုက်ခဲ့သည့် တပ်မှူးကြီး၊ တပ်မင်း(တပ်မဟာမှူး) သူရဲကောင်းကြီးတစ်ဦးဖြစ်ပါသည်။

### အိန္ဒိယပညာရေးပင်္ဂြိုလ်ဝန်ထမ်းတစ်ဦး

အဖေသည် သူငယ်ချင်းဖြစ်သူများကို ကြည့်ပြီး ၁၉၄၇ ခုနှစ်သို့ရောက်ချိန်တွင် တပ်ထဲဝင်ရန် စိတ်ဓာတ်ထက်သန်လာပါတော့သည်။ ကျွန်တော့်အမေက သိပ်မကြိုက်သည့်အတွက် တားပါသည်။ ကျွန်တော့်အမေက ရောမကိုလိုနီအရာရှိကြီးသမီး၊ သူ့အဖေ ဦးဇော်ဖေက ကိုလိုနီအစိုးရပညာမင်းကြီး၊ IES ဟုခေါ်သော အိန္ဒိယပညာရေးပင်္ဂြိုလ်ဝန်ထမ်းတစ်ဦး၊ ဘုရင်ခံ၏ CIE ဘွဲ့ထူးဖြစ်သည့် (Companion of Indian Empire) ရထားသူ ဖြစ်သည်။ ထို့ကြောင့် ဗိုလ်ချုပ်အောင်ဆန်းဦးစီးပြီး သခင်များဦးဆောင်နေသည့် စစ်တပ်ကို မနှစ်သက်ကြပါ။

ကျွန်တော်၏အဖေနှင့် အမေတို့သည် ၁၉၄၁ ခုနှစ်တွင် မင်္ဂလာဆောင်ခဲ့ကြပါသည်။ အဖေက BABL အောင်စ၊ အမေက ရန်ကုန်တက္ကသိုလ် အင်္ဂလိပ်စာဌာနတွင် ဆရာမ၊ BA English Hons ဘွဲ့ရတစ်ဦးဖြစ်ပါသည်။ အမေက အဖေ့နောက် ပြင်ဦးလွင်(မေမြို့) သို့ လိုက်ပြောင်းခဲ့သည့်နှစ် ၁၉၄၉ ခုနှစ်တွင် တိုင်းပြည်ဗရုတ်သုတ်ခဖြစ်နေဆဲအချိန်ဖြစ်ပါသည်။ ထိုစဉ်က ကျွန်တော့်အသက်မှာ ခုနစ်နှစ်သာရှိသေးပြီး မေမြို့ကို သောင်းကျန်းသူများလက်တွင်းမှ ပြန်သိမ်းပြီးခါစအချိန်၊ မိမိလုံခြုံရေးကို မိမိယူထားရသည့် အချိန်မျိုးလည်းဖြစ်သည်။ ထိုစဉ်က ကားလမ်း၊ မီးရထားလမ်းများ ပိတ်နေဆဲဖြစ်သည့်အတွက် အနီးစခန်း (မေမြို့) လေယာဉ်ကွင်းအထိ တပ်မတော်(လေ)မှ ဒါကိုတာ (Dakota) လေယာဉ်အကြုံဖြင့် လိုက်ပါခဲ့ရပါသည်။ ထိုင်ခုံမပါဘဲ လေယာဉ်ကိုယ်ထည်တွင် နောက်မှီကပ်ပြီး တပ်ဆင်ထားသည့် သံပန်းခုံတန်းများသာ ရှိပါသည်။ ကျွန်တော်တို့က လေယာဉ်ကြမ်းပြင်ပေါ် ပစ္စည်းများကြားကနေ လိုက်ပါခဲ့ရပါသည်။ မေမြို့သို့ ရောက်ပြီးနောက် အမေလည်း စစ်သားစိတ်ဝင်သွားပါတော့သည်။ ထိုစဉ်က မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်ကို NBSD (North Burma Sub District) ဟုသာ ခေါ်ဆိုဆဲဖြစ်ပါသည်။

### ပစ္စည်းမဲ့လူတန်းစားများ

အဖေသည် မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်တွင် ၁၉၆၀ ပြည့်နှစ်အထိ တာဝန်ထမ်းဆောင်ခဲ့ပါသည်။ ထို့နောက်တွင် တောင်ပိုင်းတိုင်းစစ်ဌာနချုပ်သို့ ပြောင်းရွှေ့ခဲ့သည်။ အဖေ၏ ထူးခြားချက်တစ်ခုမှာ ပစ္စည်းဥစ္စာကြွယ်ဝသည့် မိသားစုမှ ဆင်းသက်လာသူဖြစ်သော်လည်း ပစ္စည်းမဲ့လူတန်းစားများဘက်မှ လိုက်ပါဆောင်ရွက်ပေးလိုသောစိတ်ဓာတ်ရှိသူလည်း ဖြစ်ပါသည်။

အဖေ ရှေ့နေလိုက်ပေးခဲ့သော တပ်မတော် အရာရှိကြီးများအနက် ကျွန်တော်သတိရနေမိသည်မှာ နှစ်ဦးရှိပါသည်။ တစ်ဦးက ဗိုလ်မှူးကြီးစောမြင့် (ဂျပန်ဘုရင့်စစ်တက္ကသိုလ်ကျောင်းဆင်း၊ စစ်ကိုင်းသား၊ စာရေးဆရာ "မှူးသမိန်") နှင့် ဗိုလ်မှူးကြီးလွန်းတင် (နတခတိုင်းမှူး၊ ကုန်းလမ်းသယ်ယူပို့ဆောင်ရေးအဖွဲ့) တို့ဖြစ်ပါသည်။

ကျွန်တော့်အဖေ၏ ထူးချွန်သော အားကစားတစ်ခုမှာ ဂေါက်သီးရိုက် (Golf) ခြင်းပင် ဖြစ်ပါသည်။ ၁၉၆၀ ပြည့်နှစ်အတွင်း မင်္ဂလာဒုံသို့ အဖေပြောင်းရချိန်တွင် တိုင်းမှူးဗိုလ်မှူးချုပ်စိန်ဝင်း (နောင်တွင်ဝန်ကြီးချုပ်) (ကျွန်တော့်ကို လက်ထပ်ပေးခဲ့သူကျေးဇူးရှင်) အမိန့်အရ အဖေနှင့် ဗိုလ်မှူးခင်မောင် (ဒုတိယဗိုလ်မှူးကြီးကွယ်လွန်)တို့ ဦးစီးပြီး တပ်ထဲရှိ ဒညင်းကုန်းရွာသားများဖြစ်ကြသော Runga Swami (စံမင်း)၊ မြအေး၊ ထွန်းကြည်၊ ဂျော်နီ၊ ကျော်ဒွန်း (နောင် Caddy Master) တို့၏ အကူအညီဖြင့် တပ်မတော်ဂေါက်ကွင်း (ယနေ့ကွင်းကြီးနှစ်ကွင်း)

**စာမျက်နှာ ၉ သို့** ○



၂၀၂၁ ခုနှစ် (၇၆)နှစ်မြောက် တပ်မတော်နေ့စစ်ရေးပြအခမ်းအနားတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မဟာသရေစည်သူ မင်းအောင်လှိုင်အား ယန္တရားစစ်ကြောင်းက ချီတက်အလေးပြုစဉ်။

**"ကျွန်တော်၏ ပထမဆုံး Posting က ပုသိမ်မြို့အနီးရှိ ဝါးယားချောင်းအမည်ရှိ ရွာကလေးတွင်ရှိသော ခလရ (၃၈) ဖြစ်ပါသည်။ ထိုတပ်တွင် ခုနှစ်နှစ်ကြာ တိုက်ပွဲအလီလီတိုက်၊ ကံကောင်းထောက်မစွာ သေကံမရောက် သက်မပျောက်ခဲ့ဘဲ ၁၉၇၂ ခုနှစ် မြစ်ဝကျွန်းပေါ်ဒေသအတွင်း သောင်းကျန်းသူများ အမြစ်ပြတ်အပြီးသတ်ချေမှုန်းရေး စစ်ဆင်ရေးကြီးများဖြစ်သော "ရွှေလင်းယုန်"၊ "မိုးဟိန်း" တို့တွင် အောင်ပွဲ(ပြည်သူ့စစ်အောင်ပွဲ) အလီလီခံပြီးနောက် တစ်တိုင်းလုံး (ဧရာဝတီတိုင်း) သည် အဖြူရောင်နယ်မြေဖြစ်လာခဲ့"**

# ဥပဒေရေးရာဝန်ကြီးဌာနက ဥပဒေဘာသာပြန်စာအုပ်အမှတ် “(၁)မှ (၁၀)အထိ” ထုတ်ဝေ

**နေပြည်တော် မတ် ၁၃**

ဥပဒေရေးရာဝန်ကြီးဌာနသည် ဥပဒေဘာသာပြန်ကော်မရှင်က မြန်မာဘာသာသို့ ပြန်ဆိုပြီးသည့် ဥပဒေများကို စာအုပ်ထုတ်ဝေလျက်ရှိရာ ဘာသာပြန်စာအုပ်အမှတ် (၁) မှ (၁၀) အထိ စာအုပ်များကို ထုတ်ဝေပြီးဖြစ်သည်။

ဥပဒေဘာသာပြန်ကော်မရှင်အဖွဲ့ကို ဥပဒေဘာသာပြန်ကော်မရှင်ဥပဒေအရ ၂၀၁၅ ခုနှစ်တွင် စတင်ဖွဲ့စည်းခဲ့ပြီး ဥပဒေရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ်က ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ကာ ဥပဒေပညာရှင်များ၊ ဘာသာရပ်ဆိုင်ရာ ကျွမ်းကျင်ပညာရှင်များဖြင့် ဖွဲ့စည်းထားသည့် အဖွဲ့ဖြစ်သည်။

**ဥပဒေပေါင်း ၃၀ ကို ဘာသာပြန်ဆို**

ဥပဒေဘာသာပြန် ကော်မရှင်အဖွဲ့သည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တွင် အင်္ဂလိပ်ကိုလိုနီခေတ်က အင်္ဂလိပ်ဘာသာဖြင့် ပြဋ္ဌာန်းထားသော တည်ဆဲဥပဒေများကို မြန်မာဘာသာသို့ ပြန်ဆိုထုတ်ဝေခဲ့ခြင်းဖြစ်ပြီး ယခုအခါ ဥပဒေပေါင်း ၃၀ ကို ဘာသာပြန်ဆိုခဲ့ပြီးဖြစ်သည်။

အဆိုပါ ဘာသာပြန်ဥပဒေ ၃၀ ပါဝင်သည့် ဥပဒေဘာသာပြန်စာအုပ်အမှတ်(၁) မှ (၁၀)အထိ စာအုပ်များသည် ဥပဒေဘာသာပြန်ကော်မရှင် ဥပဒေပုဒ်မ ၁၂ အရ မူလစာမူနှင့် အလားတူ အာဏာတည်ကြောင်း ဥပဒေဘာသာပြန်ကော်မရှင် ဥက္ကဋ္ဌက အမိန့်ထုတ်ပြန်ကြေညာခဲ့ပြီးဖြစ်သဖြင့် ဥပဒေပညာရှင်များ၊ ရှေ့နေရှေ့ရပ်များနှင့် ဥပဒေပညာလေ့လာလိုသူများအတွက် တရားဝင်ကိုးကား သုံးစွဲနိုင်သည့် အဖိုးတန်သော စာအုပ်ကောင်းများ ဖြစ်သည်။

စာအုပ်အမှတ် (၁) တွင် တရားလွှတ်တော်ရှေ့နေများကောင်စီအက်ဥပဒေ (The Bar Council Act)၊ ကာလစည်းကမ်းသတ်အက်ဥပဒေ (The Limitation Act)၊ ကုန်စည်ရောင်းချခြင်း အက်ဥပဒေ (The Sale of Goods Act)၊ မြစ်ကျဉ်းသွားလာရေး အက်ဥပဒေ (The Defile Traffic Act)၊ စာအုပ်အမှတ်(၂) တွင် ခရစ်ယာန်ထိမ်းမြားခြင်းဆိုင်ရာ အက်ဥပဒေ (The Christian Marriage Act)၊ အထူးထိမ်းမြားခြင်းဆိုင်ရာအက်ဥပဒေ (The Special Marriage Act)၊ ကိတ္တိမမွေးစားခြင်းမှတ်ပုံတင် အက်ဥပဒေ(The Registration of Kittima Adoptions Act)၊ အရွယ်ရောက်ခြင်းအက်ဥပဒေ (The Majority Act)၊ ပစ္စည်းခွဲဝေခြင်းဆိုင်ရာအက်ဥပဒေ (The Partition Act)၊ စာအုပ်အမှတ်(၃)တွင် မြန်မာနိုင်ငံအစိုးရလျှို့ဝှက်ချက်အက်ဥပဒေ (The Myanmar Official Secrets Act)၊ မြန်မာနိုင်ငံလေကြောင်းသယ်ယူပို့ဆောင်ရေးအက်ဥပဒေ (The Myanmar Carriage by Air Act)၊ ကိုယ်စားလှယ်လွှဲအပ်ရေး အက်ဥပဒေ (The Power of Attorney Act)၊ လွှဲအပ်ပစ္စည်း စီမံရေးဝန်အက်ဥပဒေ (The Official Trustees Act)၊ အမိန့်ဆင့်စာခအက်ဥပဒေ (The Process Fees Act)၊ စာအုပ်အမှတ်(၄) တွင် ပစ္စည်းလွှဲပြောင်းရေး အက်ဥပဒေ (The Transfer of Property Act )၊ စာအုပ်အမှတ် (၅) တွင် သယ်ယူပို့ဆောင်သူများ



အက်ဥပဒေ (The Carriers Act)၊ ကျမ်းသစ္စာအက်ဥပဒေ(The Oaths Act)၊ သီးခြားသက်သာခွင့်အက်ဥပဒေ ( The Specific Relief Act)၊ စာအုပ်အမှတ်(၆) တွင် အထက်မြန်မာနိုင်ငံမြေနှင့် အခွန်စည်းမျဉ်း (The Upper Myanmar Land and Revenue Regulations)၊ မြန်မာနိုင်ငံလင်မယားကွာရှင်းရေးအက်ဥပဒေ (The Myanmar Divorce Act)၊ စာအုပ်အမှတ်(၇)တွင် အတိုးခံစားခွင့်အက်ဥပဒေ (The Interest Act)၊ ထိမ်းမြားပြီး အမျိုးသမီးများ၏ ပစ္စည်းခန်းအက်ဥပဒေ (The Married Women’s Property Act)၊ ဟိန္ဒူမုဆိုးမများ ထပ်မံထိမ်းမြားခြင်းအက်ဥပဒေ (The Hindu Widow’s Re–Marriage Act)၊ ရှေ့နေများအက်ဥပဒေ(The Legal Practitioners Act )၊ စာအုပ်အမှတ်(၈)တွင် ပြည်သူပိုင်ပစ္စည်းကာကွယ်ရေး အက်ဥပဒေ (The Public Property Protection Act)၊ ရုံးခွန်အက်ဥပဒေ(The Court Fees Act)၊ စာအုပ်အမှတ်(၉)တွင် ရာဇသတ်ကြီး (The Penal Code)၊ စာအုပ်အမှတ် (၁၀)တွင် ကုန်းလမ်းအကောက်ခွန်အက်ဥပဒေ (The Land Customs Act)၊ တရားဝင်ကိုယ်စားလှယ်များဆိုင်ရာ တရားမမှု အက်ဥပဒေ(The Legal Representatives Suits Act)၊ အနုညာတစီရင်ဆုံးဖြတ်ခြင်း (အပြည်ပြည်ဆိုင်ရာ သဘောတူစာချုပ်၏ နောက်ဆက်တွဲ သဘောတူစာချုပ်နှင့် အပြည်ပြည်ဆိုင်ရာ သဘောတူစာချုပ်) အက်ဥပဒေ (The Arbitration Protocol and Convention Act) တို့ပါဝင်ပြီး အဆိုပါစာအုပ်များကို တစ်အုပ်ချင်းဖြစ်စေ၊ အမှတ် (၁) မှ (၁၀) အထိ အတွဲလိုက်ဖြစ်စေ မှာယူရရှိနိုင်ပါကြောင်း သိရသည်။

**သတင်းစဉ်**

---

❍ စာမျက်နှာ ၈ မှ

ကျင်းပေါင်း ကိုးကျင်းကို စတင်ဖောက်လုပ်ခဲ့ပြီး Club House လေး တစ်ခုပါ ဆောက်ပေးခဲ့ပါသည်။ (ယခုယင်း Club House လေးမရှိတော့ပါ။ ထိုနေရာတွင် အဆောက်အအုံအသစ်ကြီးဖြစ်သွားပြီဖြစ်ပါသည်။)

ထိုစဉ်က ဒုတိယတိုင်းမှူး ဗိုလ်မှူးကြီး သူရအောင်ဖေနှင့် ဗိုလ်မှူးစောဖြူ (၅၀၂ လေတပ်စခန်းမှူး) တို့အား အဖေက ဂေါက်ရိုက်သင်ပေးခဲ့ပါသည်။ ဂေါက်ကွင်းပြီးသွားသည်နှင့် ဗိုလ်ချုပ်ကြီးနေဝင်း (ဦးစီးချုပ်) လာကစားလေ့ရှိပါသည်။ သူတို့အဖော်လေးဦးတွဲကစားကြသည်။ Foursome ဖြစ်ပါသည်။ ဗိုလ်ချုပ်ကြီးနေဝင်းက သူ၏ ဆရာဝန်ဖြစ်သူ ဒေါက်တာ ဗိုလ်မှူးကျော်ညွန့် (နောင်တွင် ကကဆေး၊ ညွှန်မှူး) နှင့် တွဲလေ့ရှိသည်။ အဖေက ဗိုလ်မှူးချုပ်စိန်ဝင်း(တိုင်းမှူး)နှင့် တွဲရသည်။ အရာခံဗိုလ်စန်းမြင့်က ဗိုလ်ချုပ်ကြီး၏ သက်တော်စောင့်ဖြစ်ရာ ကွင်းထဲသို့ လိုက်ရသည်။ ဗိုလ်ချုပ်ကြီး၏ ကယ်ဒီ (Caddy) က ဒေါ်လှ (နာလန်ထတပ်မိသားစု)၊ အဖေ့ကယ်ဒီက ကျွန်တော်(ကောလိပ်ကျောင်းသား)၊ တိုင်းမှူးကယ်ဒီက ကျော်ဒွန်းတို့ဖြစ်ပြီး ပွဲပြီးသည့်အခါ ဗိုလ်ချုပ်ကြီးက “ကလေးတွေကို မုန့်ဖိုးပေးပါကွာ” ဟု ဆိုသည့်အတွက် ကျွန်တော်လည်း မုန့်ဖိုးရပါသည်။ ဗိုလ်ချုပ်ကြီးက ဒေါသကြီးသော်လည်း ခဏသာပင်ဖြစ်သည်။ အင်မတန်သဘောကောင်းပါသည်။ ကျွန်တော်က သူနှင့် ဗိုလ်ချုပ်စိန်ဝင်း (ကျွန်တော့်ကိုမင်္ဂလာဆောင်ပေးခဲ့သူ) ကို အလွန်ချစ်ပါသည်။ သူတို့နှစ်ယောက်လုံး သိပ်ကိုသဘောကောင်းကြသူများ ဖြစ်ပါသည်။ ကျွန်တော်ဗိုလ်ကြီးဖြစ်တော့ အရာခံဗိုလ်စန်းမြင့်လည်း မရှေးမနှောင်းမှာပင် ဗိုလ်မှူး (ထလရတပ်၊ နောက်ပုလဲနှင့် ငါးဌာန) ဖြစ်သွားခဲ့ပါသည်။ ထိုစဉ်က (၁၉၇၂ ခုနှစ်) တွင် ကျွန်တော်တို့ဆုံမိကြသည့် ရှေ့တန်းနေရာက “လေးမျက်နှာ” မြို့နယ်အတွင်းရှိ “ပန်းတောကြီး” ရွာတွင် ဖြစ်ပါသည်။ သူပေးခဲ့သော ဗိုလ်ကြီးအဆင့်တံဆိပ်အဟောင်းကလေးသည် ကျွန်တော်တပ်ဆင်ရန် ဖြစ်သွားခဲ့ရပါသည်။

၁၉၆၂ ခုနှစ် ဗိုလ်ချုပ်ကြီးအာဏာသိမ်းလိုက်ချိန်တွင် အဓိကအကောင်အထည်ဖော် ကွပ်ကဲတာဝန်ယူဆောင်ရွက်ခဲ့သူမှာ ဗိုလ်မှူးချုပ်စိန်ဝင်း ဖြစ်ပါသည်။ သူက တော်လှန်ရေးကောင်စီဝင်၊ ဆောက်လုပ်ရေးဝန်ကြီးဖြစ်လာသည့်အချိန်တွင် အဖေက သူ၏ လက်စွဲဖြစ်သည့်အတွက် ဆောက်လုပ်ရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်နှင့် ပြည်သူ့အိုးအိမ်ဦးစီးဌာနတွင် ဒုတိယဥက္ကဋ္ဌ ဖြစ်လာပါသည်။ ထိုစဉ်က အဖေသည် မြေတစ်ကွက်၊ အိမ်တစ်လုံးကိုမျှ ယူခဲ့ခြင်းမရှိဖူးပါ။ ထိုမျှအထိ အဂတိကင်းသူဖြစ်သည်။ ထိုက်တန်သူများကိုမူ ပေးခဲ့ပါသည်။ ဥက္ကလာပ၊ သာကေတ၊ သုဝဏ္ဏမြို့များ ဆောက်လုပ်ရာတွင်လည်း အဖေသည် ထိပ်ပိုင်းမှပါဝင်ခဲ့သူ ဖြစ်သည်။

**ပြည်သူပိုင် တိုက်ခန်းများ**

အဖေသည် သူ၏ စိတ်ဓာတ်အတိုင်း ပစ္စည်းမဲ့လူတန်းစားကို ဦးစားပေးလေ့ရှိသည်။ ရန်ကုန်မြို့အတွင်းရှိ ပြည်သူပိုင် တိုက်ခန်းများကို အငှားချပေးနိုင်သည့် အာဏာ အဖေ့ထံတွင်ရှိသည်။ သာမန်အခြားအဆင့် အရွယ်ကြီးလာသူများကို အဖေက နေရာချပေးသည်။ အချို့ဆိုလျှင် တန်ဖိုးကြီး မဂိုလမ်း၊ မောင်ထော်လေးလမ်း၊ ပန်းဆိုးတန်းတို့တွင် ရကြသည်။ အဖေကမယူခဲ့ပါဘူး။ အဖေအငြိမ်းစားယူချိန်တွင် ဗိုလ်ချုပ်က ခေါ်ပေးသည့်အတွက် ရန်ကုန်မြို့တွင်း မြေညီထပ် တိုက်ခန်းကလေးတစ်ခုကို ရခဲ့သည်။ ၎င်းသာလျှင်ဖြစ်ပါသည်။ တပ်မတော်က ပေးသည့်အမွေလေးပင်။

ကျွန်တော့်အမေ စစ်ဗိုလ်ဖြစ်လာခဲ့ရပုံကိုလည်း အနည်းငယ်တင်ပြလိုပါသည်။

မေမြို့သို့ရောက်ပြီး ကျွန်တော့်အမေ စစ်သားစိတ်ဖြစ်သွားသည့် အကြောင်းအစမှာ စစ်ဗိုလ်၊ စစ်သားများနှင့် ခင်မင်ပတ်သက်ခဲ့ရမှုများသည့်အတွက်ဖြစ်ပါသည်။ ၁၉၅၆ ခုနှစ်တွင် အမေစစ်တပ်ထဲဝင်လိုက်ရာ ဘီစီနံပါတ်မှာ ကြည်း/၇၄၃၂ ဖြစ်ပါသည်။ အမေ့အသက်အလွန်မှုပင် တိုရှာပါသည်။ ၁၉၆၁ ခုနှစ်တွင် ရင်သားကင်ဆာရောဂါ (Breast Cancer) ဖြင့် အသက် (၄၀) ကျော်တွင် ဆုံးပါးသွားခဲ့ရပါသည်။ အမေက တကယ့်အာဇာနည်ပင်ဖြစ်သည်။ တိုင်းပြည်ကိုအကျိုးပြုမည့်သားချည်းပဲ ငါးယောက်မွေးပေးခဲ့သည်။

ကျွန်တော့်အဖေလည်း စစ်သား၊ အမေလည်း စစ်သား၊ အမေမွေးသည့်သားများတွင် ကျွန်တော်က အကြီးဆုံး၊ ကျွန်တော်လည်း စစ်သားဖြစ်လာသည်။ ကျန်ညီငယ်သုံးဦးက ဆရာဝန်၊ တစ်ဦးက အင်ဂျင်နီယာ၊ BE Civil ဘွဲ့ရ မောင်ချစ်ခိုင်ဖြစ်ပြီး သူ၏သားအကြီးလေး မောင်ခိုင်လင်းကလည်း စစ်သားဖြစ်လာပါသည်။

မေမြို့သို့ရောက်ချိန်တွင် တိုင်းဦးစီးအရာရှိကြီးတစ်ဦးဖြစ်သည့် ဒုတိယဗိုလ်မှူးကြီး စန်းယု၏ဇနီးက မော်လမြိုင်သူ၊ အမေနှင့် အမျိုးမကင်းသူဖြစ်သည်။ ဒုတိယဗိုလ်မှူးကြီးစန်းယု (နောင်သမ္မတကြီး)၊ ပညာရေးဌာနက ဗိုလ်မှူးအောင်ကြီး၊ ဗိုလ်မှူးစံမြင့် (ပဲခူး) (နောင်ပညာရေးတက္ကသိုလ်ပါမောက္ခချုပ်) တို့ဦးစီးပြီး ထူထောင်ခဲ့သော ပထမဆုံး တပ်မတော်ကလေးများကျောင်း (အလယ်တန်းကျောင်း) တွင် အမေက ပထမဆုံးသော ကျောင်းအုပ်ဆရာမကြီးဖြစ်လာသည်။ ၁၉၅၁/၁၉၅၂ အချိန်လောက်တွင် ဖြစ်ပါသည်။ တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်ဇောနှင့်အဖေက ရင်းနှီးသည် ဖြစ်ရာ တရုတ်ဖြူကျူးကျော်သူများကို တိုက်ထုတ်ရန် ယူဂိုဆလပ် (Yugoslav) နိုင်ငံသမ္မတ မာရှယ်လ်တီးတိုးထံမှ ရောက်လာသော ၇၆ မီလီမီတာ တောင်ပေါ်ပစ်အမြောက် (76 mm mountain gun) အသုံးပြုခြင်း စာစောင်ငယ်များကို အမေက ဘာသာပြန်ပေးရပါသည်။ အမေစစ်ဗိုလ်ဖြစ်လာခဲ့ရသည်မှာ သူ့ကျောင်းကို ပိတ်လိုက်ပြီး မိတ္ထီလာ၊ ရန်ကုန် (မင်္ဂလာဒုံ) တို့တွင် တပ်မတော်ကလေးများကျောင်းများ ဖြစ်လာ၍ ဖြစ်ပါသည်။ အမေသည် စစ်တက္ကသိုလ် အင်္ဂလိပ်စာဌာနတွင် အမှတ်စဉ် ၁ မှ ၃ အထိ ဗိုလ်လောင်းများ၏ ဆရာမ ဖြစ်ခဲ့ပါသည်။ ကျွန်တော် ၁၀ တန်း (Matric) အောင်သည့် ၁၉၅၈ ခုနှစ်တွင် D.S.A ဝင်ချင်သော်လည်း မိဘဆန္ဒအရ ဆရာဝန်ဖြစ်ရလေအောင် တက္ကသိုလ်သို့ တက်ရောက်ခဲ့ရပြီး ၁၉၆၅ ခုနှစ်ရောက်သည့်အချိန်တွင်မှ မော်ဘီ တပ်မတော် (ကြည်း) ဗိုလ်သင်တန်းကျောင်း၊ သင်တန်းအမှတ်စဉ် (၃၂) ကျောင်းဆင်း ဖြစ်လာခဲ့ရပါသည်။ အဖေက အိမ်ထောင်သုံးဆက်ရှိခဲ့ရာတွင် တတိယအိမ်ထောင်ကလည်း (Lady Officer) စစ်ဗိုလ်မပင်ဖြစ်ပါသည်။ အမေနှင့် သင်တန်းတစ်ပတ်စဉ်တည်းလည်း ဖြစ်သည်။

**ခုနစ်နှစ်ကြာတိုက်ပွဲ**

ကျွန်တော်၏ ပထမဆုံး Posting က ပုသိမ်မြို့အနီးရှိ ဝါးယားချောင်းအမည်ရှိ ရွာကလေးတွင်ရှိသော ခလရ (၃၈) ဖြစ်ပါသည်။ ထိုတပ်တွင် ခုနစ်နှစ်ကြာ တိုက်ပွဲအလီလီတိုက်၊ ကံကောင်းထောက်မစွာ သေကံမရောက် သက်မပျောက်ခဲ့ဘဲ ၁၉၇၂ ခုနှစ် မြစ်ဝကျွန်းပေါ်ဒေသအတွင်း သောင်းကျန်းသူများ အမြစ်ပြတ်အပြီးသတ်ချေမှုန်းရေး စစ်ဆင်ရေးကြီးများ ဖြစ်သော “ရွှေလင်းယုန်”၊ “မိုးဟိန်း” တို့တွင် အောင်ပွဲ(ပြည်သူ့စစ်အောင်ပွဲ) အလီလီ ခံပြီးနောက် တစ်တိုင်းလုံး (ဧရာဝတီတိုင်း) သည် အဖြူရောင်နယ်မြေဖြစ်လာခဲ့ပါသည်။ ထို့နောက် ၁၉၇၂ ခုနှစ်တွင် စစ်ရုံးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်ရုံး၊ သုတေသနဌာနစု (ကြည်း/သု) တွင် စစ်ဦးစီးမှူး (တတိယတန်း) အဖြစ် ပြောင်းရွှေ့ခဲ့ရပါသည်။ ယင်းဌာနတွင် ရေစက်ပါသည့်အတွက် နှစ် ၃၀ ကြာသည့်တိုင် စံချိန်တင်ကာလရှည်ကြာစွာ တာဝန်ထမ်းဆောင်ခဲ့ရပြီး ထိုဌာနတွင် တာဝန်ထမ်းဆောင်ရင်းနှင့်ပင် ဗိုလ်မှူးကြီးအဆင့်အထိ တိုးမြှင့်ခန့်အပ်ခြင်းခံရသည့်အပြင် “စစ်သမိုင်းပြတိုက်နှင့် တပ်မတော်မော်ကွန်းတိုက်မှူး” အဖြစ်ပါ ပူးတွဲတာဝန်ယူခဲ့ရပါသည်။

(ဆက်လက်ဖော်ပြပါမည်)

■

# ၂၀၂၂ ခုနှစ် အာဆီယံဆု (ASEAN Prize 2022) လျှောက်ထားနိုင်ကြောင်း ကြေညာ

၁။ အာဆီယံဒေသအတွင်းရှိ လူမှုဘဝများတိုးတက်စေရေး၊ လူမှုအဖွဲ့အစည်းများ ချိတ်ဆက်မှုအားကောင်းစေရေးနှင့် ကပ်ရောဂါကြောင့် ထိခိုက်မှုများအား ပြန်လည်ထူထောင်ရေးအတွက် စံနမူနာအဖြစ် စွမ်းစွမ်းတမံဆောင်ရွက်ပေးကြသော လူပုဂ္ဂိုလ်/ အဖွဲ့အစည်းများ၏ အောင်မြင်မှုများကို အသိအမှတ်ပြုသည့်အနေဖြင့် ဂုဏ်သိက္ခာကြီးမားသည့် ဒေသဆိုင်ရာဆုတစ်ခုဖြစ်သည့် ၂၀၂၂ ခုနှစ် အာဆီယံဆု (ASEAN Prize 2022)ကို ပေးအပ်ချီးမြှင့်သွားနိုင်ရန် အာဆီယံအတွင်းရေးမှူးချုပ်ရုံးမှ အဆိုပြုလျှောက်လွှာများ ခေါ်ယူလျက်ရှိပါသည်။

၂။ အဆိုပြုလျှောက်ထားသူများအနေဖြင့် အောက်ဖော်ပြပါ နယ်ပယ်များတွင် တစ်ဖက်တစ်လမ်းမှ အားဖြည့်ဆောင်ရွက်နေသူများဖြစ်ရပါမည်-

(က) အာဆီယံအဖွဲ့ဝင်နိုင်ငံများအကြား စွမ်းစွမ်းတမံဆောင်ရွက်မှုများ၊
(ခ) အာဆီယံနှင့် ကမ္ဘာတစ်ဝန်းအကြား စွမ်းစွမ်းတမံဆောင်ရွက်မှုများ၊
(ဂ) အာဆီယံအဖွဲ့ဝင်နိုင်ငံများအကြား ပြည်သူအချင်းချင်း ထိတွေ့ဆက်ဆံမှုများ၊
(ဃ) အာဆီယံအဖွဲ့ဝင်နိုင်ငံများအကြား စံနှုန်းများမြှင့်တင်ရေးနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုများ၊
(င) အာဆီယံအသိုက်အဝန်းတည်ဆောက်ရေးအတွက်အထောက်အကူဖြစ်စေသည့် စွမ်းစွမ်းတမံဆောင်ရွက်ချက်များ၊

၃။ လက်ရှိအာဆီယံအတွင်းရေးမှူးချုပ်နှင့် အာဆီယံအတွင်းရေးမှူးချုပ်ဟောင်းများအပါအဝင် ထင်ရှားသည့် အဆင့်မြင့်ပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းထားသည့် အကဲဖြတ်ဒိုင်အဖွဲ့က ဆုရရှိသူကို ရွေးချယ်၍ အာဆီယံဆုဖလားနှင့် အမေရိကန်ဒေါ်လာ ၂၀,၀၀၀ ကို ကမ္ဘောဒီးယားနိုင်ငံ ဖနောင်ပင်မြို့၌ ကျင်းပမည့် အာဆီယံထိပ်သီးအစည်းအဝေးတွင် ချီးမြှင့်ပေးအပ်သွားမည် ဖြစ်ပါသည်။

၄။ အဆိုပါဆုအား လျှောက်ထားမည့် လူပုဂ္ဂိုလ်/အဖွဲ့အစည်းများသည် အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ နိုင်ငံသား (သို့မဟုတ်) အာဆီယံအခြေစိုက်အဖွဲ့အစည်း ဖြစ်ရမည်ဖြစ်ပြီး စည်းမျဉ်း စည်းကမ်းကို အခြေပြုသည့် ပြည်သူဗဟိုပြု အာဆီယံအသိုက်အဝန်း တည်ဆောက်ရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်နေသူဖြစ်ကြောင်း အထောက်အထားတင်ပြနိုင်သူဖြစ်ရပါမည်။ အာဆီယံအသိုက်အဝန်း တည်ဆောက်ရေးနှင့် အာဆီယံဒေသတွင်း ပူးပေါင်းဆောင်ရွက်မှုများတွင် ပါဝင်ဆောင်ရွက်ခဲ့သည့်ဆောင်ရွက်ချက်များ၊ အောင်မြင်မှုများနှင့် အာဆီယံနှင့်ပတ်သက်၍ ရှေ့ဆက်ဆောင်ရွက်မည့်အစီအစဉ်များကို စာမျက်နှာ(၃)မျက်နှာမှ (၅)မျက်နှာအကြား အင်္ဂလိပ်ဘာသာဖြင့် လျှောက်လွှာတွင် အကျဉ်းချုပ်ရေးသားဖော်ပြရမည်ဖြစ်ပါသည်။ လျှောက်လွှာပုံစံကို အာဆီယံအတွင်းရေးမှူးချုပ်၏ အင်တာနက်စာမျက်နှာ https://asean.org/asean-prize/ တွင် ရယူနိုင်ပါသည်။

၅။ ၂၀၂၂ ခုနှစ် အာဆီယံဆုအတွက် အဆိုပြုလျှောက်လွှာများကို **၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၄ ရက်နေ့မှ ဧပြီလ ၂၅ ရက်နေ့အထိ** လက်ခံသွားမည်ဖြစ်ပြီး ပြည့်စုံစွာ ဖြည့်စွက်ထားသည့် လျှောက်လွှာများကို အာဆီယံရေးရာဦးစီးဌာန၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ ရုံးအမှတ်(၉)၊ နေပြည်တော်(သို့မဟုတ်) dgasean@gmail.com သို့ သတ်မှတ်ရက်ထက် နောက်မကျစေဘဲ ပေးပို့လျှောက်ထားနိုင်ပါသည်။

၆။ ၂၀၁၈ ခုနှစ်တွင် အာဆီယံဆု စတင်ချီးမြှင့်ခဲ့သည့်အချိန်မှစ၍ ဖိလစ်ပိုင်၊ မလေးရှား၊ စင်ကာပူနှင့် ထိုင်းနိုင်ငံတို့မှ ဆုများကို အသီးသီး ဆွတ်ခူးရရှိခဲ့ပါသည်။ မြန်မာနိုင်ငံသားများ (သို့မဟုတ်) မြန်မာနိုင်ငံအခြေစိုက် အဖွဲ့အစည်းများအနေဖြင့်လည်း အာဆီယံအသိုက်အဝန်း တည်ဆောက်ရေးလုပ်ငန်းများတွင် မိမိတို့၏ စွမ်းစွမ်းတမံကြိုးပမ်းဆောင်ရွက်ချက်များကို ဖော်ထုတ်ပြသနိုင်ရန်အတွက် အခွင့်အရေးကို အမိအရယူကြဖို့ တိုက်တွန်းအပ်ပါကြောင်းနှင့် အသေးစိတ်ကို ဖော်ပြပါ အာဆီယံအတွင်းရေးမှူးချုပ်ရုံး၏ အင်တာနက်စာမျက်နှာတွင် လေ့လာနိုင်ပါကြောင်း အသိပေးအပ်ပါသည်။

နိုင်ငံခြားရေးဝန်ကြီးဌာန

## မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်

နေပြည်တော် မတ် ၁၃

တနင်္သာရီတိုင်းဒေသကြီးတွင် နေရာကျဲကျဲနှင့် ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်(တောင်ပိုင်းနှင့် အရှေ့ပိုင်း)၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

### နောက်နှစ်ရက်အတွက် ခန့်မှန်းချက်

တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။

မိုး/ဇလ

## မိုင်းဆတ်မြို့ရှိ တပ်မတော်ဆေးရုံ၌ တက်ရောက်ကုသမှု ခံယူနေသူများကို ကြည့်ရှုအားပေး

နေပြည်တော် မတ် ၁၃

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းဆတ်မြို့ရှိ တပ်မတော်ဆေးရုံ၌ တက်ရောက်ကုသမှု ခံယူလျက်ရှိသော အရာရှိ၊ စစ်သည်၊ မိသားစုများနှင့် ဒေသခံတိုင်းရင်းသားပြည်သူများကို ယနေ့နံနက်ပိုင်းတွင် တြိဂံဒေသတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်မျိုးမင်းထွန်းနှင့် အဖွဲ့ဝင်များက သွားရောက်ကြည့်ရှု၍ တစ်ဦးချင်း၏ ရောဂါဖြစ်ပွားမှု၊ ဆေးဝါးကုသပေးထားမှုနှင့် ကျန်းမာရေးတိုးတက်မှု အခြေအနေများကို မေးမြန်း အားပေးစကားပြောကြားပြီး အာဟာရဖြည့်စားသောက်ဖွယ်ရာများနှင့် ထောက်ပံ့ငွေများ ပေးအပ်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်



## လှိုင်မြစ်-လှော်ကား ရေအားဖြည့်စီမံကိန်း ကြည့်ရှုစစ်ဆေး

ရန်ကုန် မတ် ၁၃

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ(မြို့တော်ဝန်) ဦးဗိုလ်ဒွေးသည် ဒုတိယမြို့တော်ဝန်၊ ကော်မတီဝင်များ၊ ဌာနမှူးများနှင့် သက်ဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းက မရမ်းကုန်းမြို့နယ် အင်းလျားကန်နှင့် အင်းစိန်မြို့နယ် စော်ဘွားကြီးကုန်းရပ်ကွက် သန့်ရှင်းသာယာသပ်ရပ်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှု၊ မှော်ဘီမြို့နယ် လှိုင်မြစ်-လှော်ကား ရေအားဖြည့်စီမံကိန်း တည်ဆောက်နေမှုနှင့် မှော်ဟောဝန်ပန်းခြံ ပြန်လည်ပြုပြင်၍ စိမ်းလန်းစိုပြည်ရေး လုပ်ငန်းများ ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးသည်။



### ကြည့်ရှုစစ်ဆေး

ရှေးဦးစွာ မြို့တော်ဝန်နှင့်အဖွဲ့သည် အင်းလျားကန်၌ အရှည် ၅၀၇ ပေ မြေထိန်းနံရံ တည်ဆောက်ထားရှိမှု၊ ကန်ရေပြင် သန့်ရှင်းကြည်လင်ရေးအတွက် Aquamarine ယာဉ်ဖြင့် အမှိုက်နှင့် မှော်များ ဆယ်ယူရှင်းလင်းနေမှုနှင့် အင်းလျားကန်စပ် သန့်ရှင်းသာယာသပ်ရပ်ရေး ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး မြေထိန်းနံရံနှင့် လူသွားစင်္ကြံအကြား မြေပြင်ညှိ၍ မြက်စိုက်ရန်နှင့် အင်းလျားကန် ရေဝင်ပေါက် ရေစစ်ကန်အနီး ကန်စပ်ရှိ မြေပုံများအားတူး၍ ကန်ပေါင်တွင် မြေဖို့၊ မြေညှိရန် မှာကြားသည်။

ထို့နောက် မြို့တော်ဝန်နှင့်အဖွဲ့သည် အင်းစိန်မြို့နယ် စော်ဘွားကြီးကုန်းရပ်ကွက် ရေစီးရေလာကောင်းမွန်စေရန် ပြည်လမ်းမြောင်းတစ်လျှောက် အမှိုက်နှင့် မြောင်းချေးများ ဆယ်ယူရှင်းလင်းနေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး ဘေးဝဲ/ယာ မြေကမူကုန်းများအား မြေပြင်ညှိရန်၊ သန့်ရှင်းသာယာသပ်ရပ်ရေး လုပ်ငန်းများဆောင်ရွက်ရန်နှင့် အုပ်မိုးသစ်ကိုင်းများ ခုတ်ထွင်ရှင်းလင်းရန် မှာကြားသည်။

ယင်းနောက် မြို့တော်ဝန်နှင့်အဖွဲ့သည် မှော်ဘီမြို့နယ် ဆန်စပါးသုတေသနဌာန မြေနေရာဝင်း အတွင်း ဆောင်ရွက်နေသော လှိုင်မြစ်-လှော်ကား ရေအားဖြည့် စီမံကိန်းရှင်းလင်းဆောင်သို့ ရောက်ရှိပြီး မြို့တော်ဝန်က ယခုကာလသည် နွေစပါးအတွက် ရေခေါ်မြောင်း၊ ရေသွင်းမြောင်းများ Upgrade လုပ်နေရသည့် အချိန်ဖြစ်၍ ဧက ၁၀၀ အတွက် အကျိုးပြုနိုင်သည့်အပြင် ရန်ကုန်မြို့အတွက် လိုအပ်သည့် သောက်သုံးရေ ဖြန့်ဖြူးပေးနိုင်မည်ဖြစ်ကြောင်းနှင့် မှော်ဘီမြို့ကို ဖြတ်သန်းဆောင်ရွက်ရခြင်းဖြစ်၍ ပြန်လည်ပြုပြင်ဆောင်ရွက်မှုများကို မူလကထက် ပိုမိုကောင်းမွန်အောင် လုပ်ဆောင်ပေးရမည်ဖြစ်ကြောင်း မှာကြားပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

### ရေဖြန့်ဖြူးပေးဝေနိုင်မည်

လှိုင်မြစ်-လှော်ကား ရေအားဖြည့် စီမံကိန်းသည် ရန်ကုန်မြို့နေပြည်သူများသို့ အဓိက သောက်သုံးရေပေးဝေလျက်ရှိသည့် လှော်ကားရေလှောင်ကန်ကြီးအား ရေသိုလှောင်မှုပမာဏ မလျော့ကျစေရေးအတွက် မှော်ဘီမြို့နယ် ကန်ကလေးလျှပ်စစ်မြစ်ရေတင် PS1 နှင့် PS2 မှ လှိုင်မြစ်ရေအား ရယူပြီး ဖူးကြီးရေလှောင်ကန်မှ လှော်ကားရေလှောင်ကန်သို့ ရေဖြည့်တင်းလျက်ရှိသည့် အချင်း လက်မ ၆၀ ရှိ သံဖြူကွန်ကရစ်ရေပို့ပိုက်လိုင်းသို့ 1600mm HDPE ပိုက်အား ချိတ်ဆက်၍ လှော်ကားရေလှောင်ကန်သို့ တစ်နေ့လျှင် ရေဂါလန်သန်း ၆၀ ဖြည့်တင်းပေးမည့် စီမံကိန်းဖြစ်ပြီး ယခုအခါ ရေအားဖြည့်စီမံကိန်းပြီးစီးပြီဖြစ်၍ ၂၀၂၂ ခုနှစ် မတ်လကုန်တွင် လှော်ကားရေလှောင်ကန်သို့ ရေဖြန့်ဖြူးပေးဝေနိုင်မည်ဖြစ်ကြောင်း သိရသည်။

ထို့နောက် မြို့တော်ဝန်နှင့်အဖွဲ့သည် စီမံကိန်းလုပ်ငန်းခွင်အတွင်း ရေတွန်းစက်ရုံ၊ ရေစုကန်၊ အနည်စုဖွဲ့ကန်၊ အနည်ထိုင်ကန်၊ ဆေးခတ်စက်ရုံ၊ ရေကြည်စုကန်နှင့် စီမံကိန်းဝင်း ခြံစည်းရိုး အုတ်တံတိုင်း ကာရံတည်ဆောက်နေမှုတို့ကို လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြား ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

သတင်းစဉ်

# ကာကွယ်ဆေးထုတ်လုပ်မှု မှတ်တိုင်အသစ် Myancopharm

......... ဒေါက်တာအောင်ဇော်(စက်မှု/ဆေးဝါး) .........

ယခင်က တစ်ဦးနှင့်တစ်ဦး တွေ့ဆုံရာတွင် နေကောင်းလား၊ ထမင်းစားပြီးပြီလားဟု နှုတ်ဆက်လေ့ရှိပါသည်။ ယခု Omicron ကိုဗစ်-၁၉ ရောဂါ ပျံ့နှံ့နေသည့်ကာလတွင် လူနှစ်ဦးတွေ့သည်နှင့် မေးလေ့ရှိသည်မှာ "ဖျားပြီးပြီလား" ဟု မေးရသည်အထိ Omicron ကိုဗစ်-၁၉ ရောဂါမှာ ကူးစက်မှုမြန်လှကြောင်း တွေ့ရှိရပါသည်။ Omicron ကိုဗစ်-၁၉ ရောဂါမျိုးကွဲဗီဇပိုင်းရပ်စ်သည် ၂၀၁၉ ခုနှစ် ဒီဇင်ဘာလ ၃၁ ရက်နေ့မှစ၍ တရုတ်နိုင်ငံ ဝူဟန်မြို့၌ စတင်ဖြစ်ပွားခဲ့သော ကိုဗစ်-၁၉ ရောဂါပိုင်းရပ်စ်ပိုးမှတစ်ဆင့် မျိုးရိုးဗီဇပြောင်းလဲဖြစ်ပေါ်လာခြင်းဖြစ်ပါသည်။ ကိုဗစ်-၁၉ ရောဂါ စတင်ဖြစ်ပွားခဲ့သည့် ၂၀၁၉ ခုနှစ် ဒီဇင်ဘာလ ၃၁ ရက်နေ့မှ ယခုအချိန်ထိဆိုလျှင် အချိန်ကာလအားဖြင့် နှစ်နှစ်နှင့် သုံးလနီးပါး ကြာမြင့်ပြီဖြစ်သော်လည်း ယခုချိန်ထိ ကိုဗစ်-၁၉ ရောဂါအား ကမ္ဘာပေါ်မှ လုံးဝပျောက်ကွယ်သွားအောင် ဆောင်ရွက်နိုင်ခြင်း မရှိသေးကြောင်း တွေ့ရှိရပါသည်။ ကိုဗစ်-၁၉ ရောဂါပိုင်းရပ်စ်၏မျိုးကွဲများ ထပ်မံပေါ်ထွက်လာမှု၊ ကာကွယ်ဆေးများ ထပ်မံထိုးနှံလာနိုင်မှုတို့နှင့် ယခုမျက်မှောက်ကမ္ဘာကြီးသည် ကိုဗစ်-၁၉ရောဂါနှင့် အတူ ယှဉ်တွဲနေထိုင်ရေးလမ်းကြောင်းသို့ ပြောင်းလဲလာကြောင်း တွေ့ရှိရသည်။

**ကိုဗစ်-၁၉ ရောဂါနှင့်အတူ ယှဉ်တွဲနေထိုင်ရေး**

ကိုဗစ်-၁၉ ရောဂါနှင့်အတူ ယှဉ်တွဲနေထိုင်ရေးဆိုသည်မှာ ကိုဗစ်-၁၉ ရောဂါအား လုံးဝကင်းစင်အောင် ပြုလုပ်နိုင်ခြင်းမရှိသေးခြင်းကြောင့် စီးပွားရေးလုပ်ငန်းများ ပြန်လည်ထူထောင်နိုင်ရေးအတွက် လုပ်ငန်းများဆောင်ရွက်ရာတွင် ကူးစက်မှုနှုန်းလျော့ကျစေရန် ကာကွယ်ဆေးများကို လူတိုင်းထိုးနှံနိုင်ရေး၊ စွမ်းအားမြှင့် "Booster" ပုံမှန်ထိုးနှံ၍ ကိုဗစ်-၁၉ ရောဂါ၏ပြင်းထန်မှုကို လျှော့ချခြင်းနှင့် ကိုဗစ်-၁၉ ရောဂါ ကူးစက်ကာကွယ်ရေးနည်းလမ်းများကို တတ်နိုင်သမျှ လိုက်နာကျင့်သုံးခြင်းဖြစ်ပါသည်။

၂၀၂၂ ခုနှစ် မတ်လ ၁၃ ရက်နေ့အထိ ကမ္ဘာပေါ်တွင် ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု သန်းပေါင်း ၄၅၇ သန်းကျော်ရှိပြီး သေဆုံးသူ ခြောက်သန်းကျော်သွားပြီဖြစ်ပါသည်။ မြန်မာနိုင်ငံတွင်လည်း ကျန်းမာရေးဝန်ကြီးဌာနမှ ကိန်းဂဏန်းအချက်အလက်များအရ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားသူ ၆၀၅၃၄၇ ဦးရှိပြီး သေဆုံးသူ ၁၉၄၀၉ ဦးရှိပြီဖြစ်ကြောင်း တွေ့ရှိရပါသည်။

**ကာကွယ်ဆေးထိုးနှံမှု**

လက်ရှိတွင် ကိုဗစ်-၁၉ ရောဂါအား ကမ္ဘာပေါ်မှ လုံးဝပျောက်ကင်းရန် အချိန်ကာလတစ်ခု ကြာမြင့်မည်မှာ သေချာနေသည့်အတွက် ကိုဗစ်-၁၉ ရောဂါနှင့်အတူ ယှဉ်တွဲနေထိုင်ရေး ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများထိုးနှံခြင်းသည် အရေးပါသော အခန်းကဏ္ဍမှ ပါဝင်နေကြောင်း တွေ့ရှိရပါသည်။ ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးခြောက်မျိုး (Covidshield၊ Covaxin၊ Sinovac၊ Sinopharm၊ Sputnik၊ Astrazeneca) စုစုပေါင်းဒို့စ် ၆၁ ဒသမ ၉ သန်း (လှူဒါန်း+ဝယ်ယူ) အသုံးပြု၍ ကာကွယ်ဆေးထိုးနှံမှုရည်မှန်းချက်၏ ၆၄ ရာခိုင်နှုန်း ထိုးနှံပြီးဖြစ်ကြောင်း မေလနှင့် ဇွန်လများတွင် ၁၀၀ ရာခိုင်နှုန်း ပြည့်မီအောင် ထိုးနှံနိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း သိရှိရပါသည်။

**ကာကွယ်ဆေးအတွက် ကြိုးပမ်းချက်**

ကိုဗစ်-၁၉ ရောဂါနှင့်အတူ ယှဉ်တွဲနေထိုင်ရမည်ဖြစ်၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများအား စွမ်းအားမြှင့် (Booster) ထိုးနှံခြင်းများကို ဆက်လက်ဆောင်ရွက်ရမည်ဖြစ်ပြီး အနာဂတ်တွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများ ဆက်လက်လိုအပ်နေဦးမည်ဖြစ်ပါသည်။ နိုင်ငံတော်၏ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးလိုအပ်ချက်အား ဖြည့်ဆည်းပေးနိုင်ရေးအတွက် စက်မှုဝန်ကြီးဌာန မြန်မာ့ဆေးဝါးလုပ်ငန်းအနေဖြင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ Sinopharm CNBG ဆေးဝါးကုမ္ပဏီနှင့် ပူးပေါင်း၍ပြည်တွင်း၌ပင် ကာကွယ်ဆေးထုတ်လုပ်နိုင်ရေး ကြိုးပမ်းဆောင်ရွက်ခဲ့ပါသည်။

ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးအား ပြည်တွင်း၌ ထုတ်လုပ်နိုင်ရေးအတွက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ Sinopharm CNBG ဆေးဝါးစက်ရုံနှင့် ဆွေးနွေးညှိနှိုင်းမှုများကို ၂၀၂၁ ခုနှစ် ဇူလိုင်လအတွင်း ဆောင်ရွက်ခဲ့ပါသည်။ ကာကွယ်ဆေးထုတ်လုပ်မှုနည်းပညာဆိုင်ရာ ကိစ္စရပ်များ ဆက်လက်ဆွေးနွေးညှိနှိုင်းရန်အတွက် ကာကွယ်ဆေးထုတ်လုပ်မှုနည်းပညာဆိုင်ရာ လျှို့ဝှက်ချက်ထိန်းသိမ်းမှုသဘောတူစာချုပ် (Non Disclosure Agreement)အား ၂၀၂၁ ခုနှစ် စက်တင်ဘာလအတွင်း လက်မှတ်ရေးထိုးနိုင်ခဲ့ပါသည်။

ထို့နောက် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထုတ်လုပ်နိုင်ရေး ဖြစ်မြောက်နိုင်စွမ်း ရှိ၊ မရှိ အတွက် မြန်မာနိုင်ငံမှ ကာကွယ်ဆေးထုတ်လုပ်နေသည့် စက်ရုံများ၏ GMP ဆိုင်ရာ အချက်အလက်များ၊ ကာကွယ်ဆေးထုတ်လုပ်သည့် စက်ပစ္စည်းများ၏ အခြေခံအချက်များကြောင့် ကာကွယ်ဆေးများ ထုတ်လုပ်နိုင်သည့်အခြေအနေရှိကြောင်း CNBG မှ ပြန်ကြားခဲ့ပါသည်။ အဓိကအားဖြင့် ယခင်ကာကွယ်ဆေးနှင့် မြွေဆိပ်ဖြေဆေးများကို အောင်မြင်စွာ ထုတ်လုပ်နိုင်သည့် အခြေခံစက်များရှိခြင်းကြောင့်ဖြစ်ကြောင်း သိရှိရပါသည်။

နိုင်ငံတော်ဝန်ကြီးချုပ်ကလည်း ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးအား ထုတ်လုပ်မည့် ဆေးဝါးစက်ရုံခွဲ(ရွာသာကြီး)သို့ ၈-၁၀-၂၀၂၁ ရက်နေ့တွင် ကြွရောက်ချီးမြှင့်၍ အားပေးခဲ့သည့်အတွက် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထုတ်လုပ်ရေး ကြိုးပမ်းမှုများ ပိုမိုအရှိန်မြှင့်ဆောင်ရွက်နိုင်ခဲ့ပါသည်။

**ကာကွယ်ဆေးအတွက် ဆောင်ရွက်ချက်**

ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထုတ်လုပ်မှုလုပ်ငန်းစီမံချက်ဇယားတွင် လုပ်ငန်းအဆင့်ပေါင်း ၁၃ ဆင့်ရှိသည့်အနက် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးအား စတင်စမ်းသပ်ထုတ်လုပ်နိုင်ရေးအတွက် Media Fill Simulation ဟုခေါ်သည့် ဆေးဝါးထုတ်လုပ်မှုလိုင်းအတွင်း ပိုးမွှားကင်းစင်မှုရှိ၊ မရှိ စမ်းသပ်ဆောင်ရွက်ခြင်းအဆင့်မှာ မဖြစ်မနေဆောင်ရွက်ရမည့်အဆင့်ဖြစ်ပါသည်။ Media Fill Simulation ဆိုသည်မှာ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးအစား Media(ပိုးပေါက်လွယ်သည့်အရည်)အား အသုံးပြု၍ ကာကွယ်ဆေးထုတ်လုပ်သည့်ပုံစံအတိုင်း ဆောင်ရွက်ရခြင်းဖြစ်ပါသည်။ နေ့စဉ်ထုတ်လုပ်မည့်ဆေးပမာဏအတိုင်း စမ်းသပ်ထုတ်လုပ်၍ အဆိုပါ Media အရည်တွင် ပိုးမွှားပေါက်ဖွားမှု ရှိ၊ မရှိ ရက်သတ္တ နှစ်ပတ်စောင့်ကြည့်စမ်းသပ်ရခြင်းဖြစ်ပါသည်။ Media Fill Simulation အား တရုတ်နိုင်ငံမှပညာရှင်များ၏ အနီးကပ်ကြီးကြပ်မှုနှင့်အတူ အောင်မြင်စွာဆောင်ရွက်နိုင်ခဲ့သည့်အတွက် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး စမ်းသပ်ထုတ်လုပ်မှု (Process Validation) ကို ထပ်မံဆောင်ရွက်ခဲ့ပါသည်။

Process Validation ဆိုသည်မှာ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထုတ်လုပ်ရန် အသုံးပြုမည့် စက်ပစ္စည်းများ၊ ထုတ်လုပ်မှုအခန်းများနှင့် ဝန်ထမ်းများအသုံးပြု၍ ကာကွယ်ဆေးအစစ်ဖြင့် ထုတ်လုပ်မှုဆောင်ရွက်ခြင်းဖြစ်ပါသည်။ Media Fill Simulation နှင့် Process Validation ကွာခြားသည်မှာ Media အရည်နေရာတွင် ကာကွယ်ဆေးအစစ်ဖြင့် စမ်းသပ်ထုတ်လုပ်ခြင်းဖြစ်ပါသည်။ ထုတ်လုပ်မှုအပတ်စဉ်သုံးခုဆောင်ရွက်ရပြီး ထွက်ရှိလာမည့် ကာကွယ်ဆေးများ၏ အရည်အသွေးအား သတ်မှတ်စံချိန်စံညွှန်းများနှင့် ကိုက်ညီမှုရှိ၊ မရှိ ဓာတ်ခွဲစမ်းသပ်ရပါသည်။ Process Validation အနေဖြင့် ဆောင်ရွက်သည့် ကာကွယ်ဆေးထုတ်လုပ်မှုအပတ်စဉ် သုံးခုစလုံးမှထွက်ရှိသည့် ကာကွယ်ဆေးများ၏ အရည်အသွေးအား သတ်မှတ်စံချိန်စံနှုန်းများနှင့် ကိုက်ညီမှသာ ကာကွယ်ဆေးထုတ်လုပ်မည့်လမ်းစဉ် အောင်မြင်သည်ဟု မှတ်ယူရမည်ဖြစ်ပါသည်။

ပုလင်းသွင်းဖြည့်တင်းရန်အဆင့် ကာကွယ်ဆေး (RTF Bulk)ဝယ်ယူ၍ ပုလင်းသွင်းဖြည့်တင်းခြင်း (Fill/ Finish) ဆောင်ရွက်သည်ဟု ဆိုသော်လည်း ကမ္ဘာပေါ်ရှိနိုင်ငံတိုင်း ဆောင်ရွက်နိုင်ခြင်းမရှိပါ။ အာဆီယံဒေသတွင်း၌ပင် ထိုင်းနိုင်ငံ၊ အင်ဒိုနီးရှားနိုင်ငံ၊ မလေးရှားနိုင်ငံနှင့် ဗီယက်နမ်နိုင်ငံတို့၌သာ (Fill/Finish) ကို အောင်မြင်စွာဆောင်ရွက်နိုင်ကြောင်း တွေ့ရှိရပါသည်။ ရေရှည်စီမံကိန်းအနေဖြင့် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးအား ထုတ်လုပ်နိုင်ရေးအတွက် ထိုင်းနိုင်ငံ၊ အင်ဒိုနီးရှားနိုင်ငံ၊ ဗီယက်နမ်နိုင်ငံ၊ စင်ကာပူနိုင်ငံနှင့် မလေးရှားနိုင်ငံတို့အနေဖြင့် ဆောင်ရွက်နေဆဲဖြစ်ပြီး ယခုအချိန်အထိ သုတေသနပြုစမ်းသပ်ဆဲအဆင့်သာဖြစ်ကြောင်း တွေ့ရှိရပါသည်။

ကာကွယ်ဆေးအား (Fill/Finish) အောင်မြင်စွာဆောင်ရွက်နိုင်ရန်အတွက် ကာကွယ်ဆေးထုတ်လုပ်မှုနည်းပညာများကို လွှဲပြောင်းရုံသာမက တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ပညာရှင်နှစ်ဦးသည် မြန်မာနိုင်ငံသို့လာရောက်ပြီး ကာကွယ်ဆေးထုတ်လုပ်မှုနည်းပညာများကို သင်ကြားလေ့ကျင့်ပေးခြင်းနှင့် ထုတ်လုပ်မှုကို ကြီးကြပ်ကွပ်ကဲခြင်းများ ဆောင်ရွက်ပေးခဲ့ပါသည်။ ထို့အပြင် ထုတ်လုပ်သည့် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများ၏ အရည်အသွေးအား ဓာတ်ခွဲစမ်းသပ်နိုင်ရန်အတွက် လေ့ကျင့်သင်ကြားပေးခြင်းများကို ဆောင်ရွက်ပေးခဲ့သည့်အတွက် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများ၏ အာနိသင်အား စမ်းသပ်နိုင်တော့မည်ဖြစ်ပါသည်။

ထို့အပြင် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများ အောင်မြင်စွာ ထုတ်လုပ်နိုင်ရေးအတွက်လည်း နိုင်ငံတော်မှနေ၍ စက်မှုဝန်ကြီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာနနှင့် ကာကွယ်ရေးဝန်ကြီးဌာနမှ သုတေသီပညာရှင်များပါဝင်သော ဇဟိုကော်မတီနှင့် လုပ်ငန်းကော်မတီများ စနစ်တကျဖွဲ့စည်း၍ ဆောင်ရွက်ခဲ့ကြောင်း တွေ့ရှိရပါသည်။

စက်မှုဝန်ကြီးဌာန မြန်မာ့ဆေးဝါးလုပ်ငန်းမှ ကိုဗစ်-၁၉ရောဂါကာကွယ်ဆေးအား "Myancopharm" အမည်ဖြင့် ထုတ်လုပ်သွားမည်ဖြစ်ပြီး ကာကွယ်ဆေး တစ်ပုလင်းလျှင် လူငါးဦး ထိုးနှံနိုင်ကြောင်းသိရှိရပါသည်။ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးအား ပြည်တွင်း၌ "Myancopharm" အမည်ဖြင့် အောင်မြင်စွာထုတ်လုပ်နိုင်ခဲ့ခြင်းသည် နိုင်ငံ၏ ကာကွယ်ဆေးထုတ်လုပ်မှု မှတ်တမ်းအသစ်ဖြစ်ရုံသာမက ရေရှည်တွင် အခြားကာကွယ်ဆေးများ ထုတ်လုပ်ရေးအတွက် အထောက်အပံ့ဖြစ်မည်မှာ ဧကန်မလွဲသေချာလှပေသည်။ "Myancopharm" ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အောင်မြင်စွာ ထုတ်လုပ်နိုင်ရေးအတွက် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ခဲ့သူများအားလုံးအား ယခုဆောင်းပါးဖြင့် မှတ်တမ်းတင်ဂုဏ်ပြုအပ်ပါသည်။ ။

> **ကာကွယ်ဆေးအား (Fill/Finish) အောင်မြင်စွာဆောင်ရွက်နိုင်ရန်အတွက် ကာကွယ်ဆေးထုတ်လုပ်မှုနည်းပညာများကို လွှဲပြောင်းရုံသာမက တရုတ်ပြည်သူ့သမ္မတနိုင်ငံမှပညာရှင်နှစ်ဦးသည် မြန်မာနိုင်ငံသို့လာရောက်ပြီး ကာကွယ်ဆေးထုတ်လုပ်မှုနည်းပညာများကို သင်ကြားလေ့ကျင့်ပေးခြင်းနှင့် ထုတ်လုပ်မှုကို ကြီးကြပ်ကွပ်ကဲခြင်းများ ဆောင်ရွက်ပေးခဲ့ပါသည်။ ထို့အပြင် ထုတ်လုပ်သည့် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများ၏အရည်အသွေးအား ဓာတ်ခွဲစမ်းသပ်နိုင်ရန်အတွက် လေ့ကျင့်သင်ကြားပေးခြင်းများကို ဆောင်ရွက်ပေးခဲ့သည့်အတွက် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများ၏အာနိသင်အား စမ်းသပ်နိုင်တော့မည်**








Myancopharm ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး။

# ဗီယက်နမ်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ တစ်သိန်းခြောက်သောင်းကျော် ထပ်မံတွေ့ရှိ



**ဟနွိုင်း မတ် ၁၃**

ဗီယက်နမ်နိုင်ငံ၌ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၁၆၆၉၆၈ ဦး ထပ်မံတွေ့ရှိခဲ့ကြောင်းနှင့် ယင်းအရေအတွက်သည် မတ် ၄ ရက် တစ်ရက်တာ တွေ့ရှိမှုထက် ၁၇၅၁ ဦး လျော့ကျမှုရှိခဲ့ကြောင်း ဗီယက်နမ်နိုင်ငံ ကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။

အဆိုပါတစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူများအနက် ၁၆၆၉၅၃ ဦးသည် ပြည်တွင်း၌ ကူးစက်ခံရသူများဖြစ်ကြောင်းနှင့် ၁၅ ဦးသည် ပြည်ပမှ ပြန်လည်ရောက်ရှိလာသူများ အနက် ကူးစက်ခံရသူများဖြစ်ကြောင်း ဗီယက်နမ် နိုင်ငံ ကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။

လက်ရှိတွင် ဗီယက်နမ်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူစုစုပေါင်း ၆၁၁၂၆၄၈ ဦးရှိကြောင်း၊ အဆိုပါရောဂါဖြင့် သေဆုံးသူပေါင်း ၄၁၃၈၅ ဦး ရှိကြောင်းနှင့် ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသဖြင့် ဆေးရုံအသီးသီးမှ ဆင်းခွင့်ရရှိသူစုစုပေါင်း ၃၁၆၃၅၇၁ ဦးရှိပြီး ယင်းအရေအတွက်သည် ကူးစက်ခံရသူစုစုပေါင်း၏ ၅၂ ရာခိုင်နှုန်းရှိကြောင်း ဗီယက်နမ်နိုင်ငံ ကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။

ဗီယက်နမ်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အလုံးရေ ၂၀၀ ဒသမ ၂ သန်းခန့် အသုံးပြုပြီးဖြစ်ကြောင်းနှင့် အသက် ၁၈ နှစ်နှင့်အထက် အသက်အရွယ်ရှိသူများအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး အလုံးရေ ၁၈၃ ဒသမ ၁ သန်း ထိုးနှံပေးခဲ့ကြောင်း သိရသည်။

ကိုးကား - ဆင်ဟွာ
ဘာသာပြန် - အလင်းသစ်



# စင်ကာပူနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၁၂၆၃၂ ဦး ထပ်မံတွေ့ရှိ

**စင်ကာပူ မတ် ၁၃**

စင်ကာပူနိုင်ငံ၌ လွန်ခဲ့သော တစ်ရက်တာအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၁၂၆၃၂ ဦး ထပ်မံတွေ့ရှိခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူပေါင်း ၉၂၉၇၃၅ ဦးရှိလာကြောင်း စင်ကာပူကျန်းမာရေးဝန်ကြီးဌာန၏ တရားဝင်ကိန်းဂဏန်းများ အရ သိရသည်။

**ပြည်တွင်းကူးစက်ခံရသူများဖြစ်**

အဆိုပါ ရောဂါကူးစက်ခံရသူများအနက် ၁၂၅၂၀ သည် ပြည်တွင်းကူးစက်ခံရသူများဖြစ်ပြီး ကျန် ၁၁၂ ဦးသည် နိုင်ငံရပ်ခြားမှ ပြန်လည်ရောက်ရှိလာသူများဖြစ်သည်။

လက်ရှိအချိန်အထိ ဆေးရုံများ၌ ဆေးဝါးကုသမှုခံယူနေသည့် ကိုဗစ်-၁၉ လူနာပေါင်း ၁၃၇၅ ဦးရှိပြီး ယင်းတို့အနက် ၃၇ ဦးသည် ပြင်းထန်သော ရောဂါဝေဒနာခံစားနေရကြောင်း သိရသည်။

**သေဆုံးသူပေါင်း ၁၁၃၉ ဦးရှိပြီ**

လွန်ခဲ့သောတစ်ရက်တာအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုကြောင့် ၁၀ ဦး ထပ်မံသေဆုံးသွားရာ အဆိုပါရောဂါကြောင့် သေဆုံးသူပေါင်း ၁၁၃၉ ဦးရှိပြီဖြစ်ကြောင်း သိရသည်။

ကိုးကား- ဆင်ဟွာ
ဘာသာပြန်- အောင်ကျော်ကျော်

# ဂျပန်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကြောင့် ၉၀ ထပ်မံသေဆုံး

**တိုကျို မတ် ၁၃**

ဂျပန်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၅၀၉၄၀ ထပ်မံတွေ့ရှိခဲ့ပြီး အဆိုပါရောဂါကြောင့် ၉၀ ထပ်မံသေဆုံးခဲ့ကြောင်း ဂျပန်ကျန်းမာရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်သည်။

ယင်းတို့အနက် ၈၁၃၁ ဦးသည် တိုကျိုမြို့တော်မှဖြစ်ကြောင်း တိုကျိုဒေသန္တရ အစိုးရအဖွဲ့က အတည်ပြုပြောကြားသည်။

တိုကျိုမြို့၌ နေ့စဉ်ကူးစက်ခံရသူအရေအတွက်သည် လွန်ခဲ့သော ရက်သတ္တပတ်ကထက် ၁၁၀၀ ကျော်ပိုမိုများပြားလာကြောင်း ကျန်းမာရေးအာဏာပိုင်များက ဆိုသည်။

လက်ရှိအချိန်အထိ နိုင်ငံအတွင်း၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူပေါင်း ၅၇၂၀၃၉၄ ဦးရှိပြီး အဆိုပါရောဂါကြောင့် သေဆုံးသူပေါင်း ၂၆၀၂၉ ဦးရှိသည်။ ရောဂါမှ ပြန်လည်သက်သာလာသူပေါင်း ၅၁၀၇၈၀၆ ဦးရှိကြောင်း သိရသည်။ လက်ရှိအချိန်အထိ ရောဂါပြင်းထန်စွာခံစားနေရသူပေါင်း ၁၁၇၅ ဦး ရှိသည်။

ကိုးကား - အင်န်အိတ်ချ်ကေ၊ ဘာသာပြန် - အောင်ကျော်ကျော်



# အင်ဒိုနီးရှားနိုင်ငံ၌ တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၁၁၅၈၅ ဦး ထပ်မံတွေ့ရှိ



**ဂျကာတာ မတ် ၁၃**

အင်ဒိုနီးရှားနိုင်ငံ၌ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၁၁၅၈၅ ဦး ထပ်မံတွေ့ရှိခြင်းကြောင့် နိုင်ငံတစ်ဝန်းတွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ စုစုပေါင်း ၅၈၉၀၄၉၅ ဦးရှိလာကြောင်း အင်ဒိုနီးရှား ကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။

ထို့ပြင် အင်ဒိုနီးရှားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ ၂၁၅ ဦးထပ်မံတွေ့ရှိခြင်းကြောင့် အဆိုပါရောဂါဖြင့် သေဆုံးသူစုစုပေါင်း ၁၅၂၁၆၆ ဦးရှိလာကြောင်းနှင့် ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသူ ၂၅၈၅၄ ဦးထပ်တိုးလာခြင်းကြောင့် ပြန်လည်ကျန်းမာလာသူ စုစုပေါင်း ၅၃၉၅၄၃၃ ဦး ရှိလာကြောင်းလည်း သိရသည်။

အင်ဒိုနီးရှားနိုင်ငံအစိုးရသည် ကိုဗစ်-၁၉ ရောဂါ တိုက်ဖျက်ရေးအတွက် ကာကွယ်ဆေးထိုးနှံမှုလုပ်ငန်းများကို အရှိန်မြှင့်လုပ်ဆောင်ခဲ့ရာ လက်ရှိတွင် ပြည်သူ ၁၉၃ ဒသမ ၄ သန်းကျော်သည် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး တစ်ကြိမ်ထိုးနှံမှုခံယူပြီးဖြစ်ကြောင်းနှင့် ၁၅၁ ဒသမ ၃၇ သန်းကျော်သည် ကာကွယ်ဆေးနှစ်ကြိမ် ထိုးနှံမှုခံယူပြီးဖြစ်ကြောင်း သိရသည်။

အင်ဒိုနီးရှားနိုင်ငံသည် တရုတ်နိုင်ငံထုတ် Sinovac ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို အရေးပေါ်အသုံးပြုရန် ကျန်းမာရေးအာဏာပိုင်များက အတည်ပြုပေးခဲ့ပြီးနောက် နိုင်ငံအတွင်း ကာကွယ်ဆေးထိုးနှံမှုအစီအစဉ်ကို ပြီးခဲ့သည့်နှစ် ဇန်နဝါရီလက စတင်ခဲ့ခြင်းဖြစ်သည်။

လက်ရှိတွင် အင်ဒိုနီးရှားနိုင်ငံ၌ တတိယအကြိမ် အပိုဆောင်းထိုးနှံပေးသည့် ကာကွယ်ဆေးများ အပါအဝင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးအလုံးရေ ၃၅၉ ဒသမ ၃၈ သန်းကျော် အသုံးပြုပြီးဖြစ်ကြောင်း သိရသည်။

ကိုးကား - ဆင်ဟွာ
ဘာသာပြန် - အလင်းသစ်

## တရုတ်နိုင်ငံပြည်မကြီး၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၁၈၀၇ ဦးတွေ့ရှိ



ပေကျင်း မတ် ၁၃

တရုတ်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်မှုအရေအတွက် မြင့်တက်လာသည့်အတွက် ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများကို ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း တရုတ်ကျန်းမာရေးတာဝန်ရှိသူများက ဆိုသည်။

တရုတ်နိုင်ငံပြည်မကြီးရှိ ဒေသ ၁၉ ခု၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၁၈၀၇ ဦးအား ယနေ့ စစ်ဆေးတွေ့ရှိခဲ့သည်။ အဆိုပါရောဂါကူးစက်ခံရသူအားလုံးသည် ဒေသတွင်း ကူးစက်ခံရသူများဖြစ်ကြောင်း အမျိုးသားကျန်းမာရေးကော်မရှင်က သတင်းထုတ်ပြန်သည်။

ရောဂါကူးစက်မှုမြင့်တက်လျက်ရှိသည့် ဒေသများ၌ ရောဂါကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများကို တင်းကျပ်စွာ ချမှတ်ဆောင်ရွက်ရန်လိုအပ်ကြောင်း တရုတ်ဒုတိယဝန်ကြီးချုပ် ဆွန်ချွန်လန်က တိုက်တွန်းပြောကြားသည်။

လက်ရှိအချိန်အထိ ပြည်မကြီး၌ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးအလုံးရေ ၄ ဒသမ ၁၈ သန်းကျော် ထိုးနှံပြီးဖြစ်ပြီး နိုင်ငံတစ်ဝန်း၌ ကာကွယ်ဆေးအလုံးရေ ၃ ဒသမ ၁၉ ဘီလီယံနီးပါး ထိုးနှံပေးပြီးဖြစ်သည်။

**ကိုးကား- ဆင်ဟွာ**
**ဘာသာပြန်- အောင်ကျော်ကျော်**



## အိန္ဒိယနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူပေါင်း ၄၃ သန်းနီးပါးရှိလာ

နယူးဒေလီ မတ် ၁၃

အိန္ဒိယနိုင်ငံ၌ လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၃၁၁၆ ဦး ထပ်မံစစ်ဆေးတွေ့ရှိခဲ့ရာ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူပေါင်း ၄၂၉၉၀၉၉၁ ဦးရှိလာပြီဖြစ်ကြောင်း အိန္ဒိယကျန်းမာရေးဝန်ကြီးဌာနက ယနေ့ သတင်းထုတ်ပြန်သည်။

အလားတူ လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်မှုကြောင့် လူနာ ၄၇ ဦး ထပ်မံသေဆုံးခဲ့ရာ အဆိုပါရောဂါကူးစက်မှုကြောင့် သေဆုံးသူပေါင်း ၅၁၅၈၅၀ ရှိလာကြောင်း သိရသည်။

အဆိုပါ နေ့စဉ် သေဆုံးသူအရေအတွက်သည် ၅၀ အောက် ရောက်ရှိသည်မှာ လပေါင်းများစွာကြာပြီဖြစ်သည်။

ထို့ပြင် လွန်ခဲ့သော တစ်ရက်တာအတွင်း ပိုးတွေ့ဆဲလူနာ ၂၄၉၀ လျော့ကျသွားသည့်အတွက် လက်ရှိအချိန်၌ ပိုးတွေ့ဆဲလူနာ ၃၈၀၆၉ ဦးသာရှိကြောင်း ကျန်းမာရေးဝန်ကြီးဌာန၏ ထုတ်ပြန်ချက်အရ သိရသည်။

နိုင်ငံအတွင်း၌ ပိုးတွေ့ဆဲလူနာအရေအတွက် လျော့ကျလာသည်မှာ ၄၈ ရက် ဆက်တိုက်ရှိပြီဖြစ်သည်။

လွန်ခဲ့သော ၂၄ နာရီအတွင်း လူနာ ၅၅၅၉ ဦး ရောဂါမှ ပြန်လည်သက်သာလာသည့်အတွက် ဆေးရုံများမှ ဆင်းသွားခဲ့ရာ ကျန်းမာရေးအခြေအနေ ပြန်လည်ကောင်းမွန်လာသူပေါင်း ၄၂၄၃၇၀၇၂ ဦးရှိပြီဖြစ်သည်။

**ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-အောင်ကျော်ကျော်**

## ဘရာဇီးနိုင်ငံ၌ တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၄၅၀၂၀ ထပ်မံတွေ့ရှိ

ဆော်ပေါ်လို မတ် ၁၃

ဘရာဇီးနိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၄၅၀၂၀ ထပ်မံတွေ့ရှိခဲ့ပြီး အဆိုပါရောဂါဖြင့် သေဆုံးသူ ၃၈၉ ဦး ထပ်တိုးလာခြင်းကြောင့် နိုင်ငံတစ်ဝန်းတွင် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူစုစုပေါင်း ၂၉၃၅၀၁၃၄ ဦးရှိလာကြောင်းနှင့် အဆိုပါရောဂါဖြင့် သေဆုံးသူပေါင်း ၆၅၄၉၄၅ ဦးရှိလာကြောင်း ဘရာဇီးကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။

ဘရာဇီးနိုင်ငံ၌ လူဦးရေစုစုပေါင်း ၁၅၇ ဒသမ ၃ သန်း သို့မဟုတ် ၇၃ ဒသမ ၂၄ ရာခိုင်နှုန်းသည် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးနှစ်ကြိမ်ထိုးနှံမှုခံယူပြီးဖြစ်ကြောင်း လူဦးရေ ၆၈ ဒသမ ၈ သန်း သို့မဟုတ် ၃၂ ဒသမ ၀၅ ရာခိုင်နှုန်းသည် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးတတိယအကြိမ်အပိုဆောင်းထိုးနှံမှုခံယူပြီးဖြစ်ကြောင်း ဘရာဇီးကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။

ဘရာဇီးနိုင်ငံသည် ကမ္ဘာတစ်ဝန်းရှိ နိုင်ငံများအနက် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးမှုတွင် အမေရိကန်နိုင်ငံပြီးလျှင် ဒုတိယအများဆုံးနိုင်ငံဖြစ်ပြီး ကိုဗစ်-၁၉ ရောဂါကူးစက်မှုတွင် အမေရိကန်နိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့ပြီးလျှင် တတိယအများဆုံးနိုင်ငံဖြစ်ကြောင်း သိရသည်။

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-အလင်းသစ်**



## မလေးရှားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူပေါင်း ၃ ဒသမ ၈ သန်းကျော်ရှိလာ

ကွာလာလမ်ပူ မတ် ၁၃

မလေးရှားနိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၂၆၂၅၀ ထပ်မံတွေ့ရှိခြင်းကြောင့် နိုင်ငံတစ်ဝန်းတွင် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူပေါင်း ၃၈၀၁၀၃၆ ဦးရှိလာကြောင်း မလေးရှားကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။

အဆိုပါတစ်ရက်အတွင်း ကူးစက်ခံရသူများအနက် ၂၅၇၀၅ ဦးသည် ပြည်တွင်း၌ ကူးစက်ခံရသူများဖြစ်ကြောင်းနှင့် ၅၄၅ ဦးသည် ပြည်ပမှ ပြန်လည်ရောက်ရှိလာသူများအနက်မှ ကူးစက်ခံရခြင်းဖြစ်ကြောင်း မလေးရှားကျန်းမာရေးဝန်ကြီးဌာန၏ ဝက်ဘ်ဆိုက်တွင်ဖော်ပြထားသည့် အချက်အလက်များအရ သိရသည်။

ထို့ပြင် မလေးရှားနိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ ၇၇ ဦး ထပ်မံတွေ့ရှိခြင်းကြောင့် အဆိုပါရောဂါဖြင့် သေဆုံးသူပေါင်း ၃၃၇၂၀ ရှိလာကြောင်း သိရသည်။

မလေးရှားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသူ ၂၅၀၈၉ ဦး ထပ်မံတွေ့ရှိခြင်းကြောင့် ရောဂါမှ ပြန်လည်ကျန်းမာလာသူပေါင်း ၃၄၄၃၅၃၂ ဦး ရှိလာကြောင်းနှင့် လက်ရှိတွင် ကိုဗစ်-၁၉ ရောဂါပိုးတွေ့ရှိဆဲလူနာစုစုပေါင်း ၃၂၃၇၈၄ ဦးရှိကြောင်း သိရသည်။

မလေးရှားနိုင်ငံ၌ နိုင်ငံလူဦးရေ၏ ၈၃ ဒသမ ၆ ရာခိုင်နှုန်းသည် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အနည်းဆုံးတစ်ကြိမ်ထိုးနှံမှုခံယူပြီးဖြစ်ကြောင်း၊ ၇၈ ဒသမ ၉ ရာခိုင်နှုန်းသည် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးနှစ်ကြိမ်ထိုးနှံမှုခံယူပြီးဖြစ်ကြောင်းနှင့် ၄၆ ဒသမ ၇ ရာခိုင်နှုန်းသည် တတိယအကြိမ် အပိုဆောင်းထိုးနှံမှုခံယူပြီးဖြစ်ကြောင်း သိရသည်။

**ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-အလင်းသစ်**

## ပြင်သစ်နိုင်ငံက ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး လေးကြိမ်မြောက်ထိုးနှံမှု စတင်မည်

ပါရီ မတ် ၁၃

ပြင်သစ်နိုင်ငံသည် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး တတိယအကြိမ် အပိုဆောင်းထိုးနှံမှုခံယူပြီးသည့် အသက် ၈၀ နှင့်အထက် အသက်အရွယ်ရှိသူများအား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး လေးကြိမ်မြောက် ထိုးနှံမှုစတင်တော့မည်ဖြစ်ကြောင်း ပြင်သစ်ဝန်ကြီးချုပ် ဂျန်ကတ်စတက်က မတ် ၁၂ ရက်တွင် ပြောကြားသည်။



ပြင်သစ်နိုင်ငံ၌ အသက် ၈၀ အထက် ပြည်သူ ၄ ဒသမ ၁ သန်းရှိသည့်အနက် ၃ ဒသမ ၁ သန်းသည် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး တတိယအကြိမ်ထိုးနှံမှုခံယူပြီးဖြစ်ကြောင်း သိရသည်။

ပြင်သစ်နိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၇၂၄၄၃ ဦး ထပ်မံတွေ့ရှိခြင်းကြောင့် နေ့စဉ် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူအရေအတွက် ကျဆင်းမှုရှိခဲ့သော်လည်း ပြည်သူများအား နှာခေါင်းစည်း မဖြစ်မနေတပ်ဆင်ရန်လည်း ကျန်းမာရေးဝန်ကြီး ဂျန်ကတ်စတက်က တိုက်တွန်းထားကြောင်း သိရသည်။

ပြင်သစ်နိုင်ငံ၌ လက်ရှိတွင် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူပေါင်း ၂၃၄၅၃၇၂၂ ဦးရှိကြောင်း၊ အဆိုပါရောဂါဖြင့် သေဆုံးသူပေါင်း ၁၄၀၀၈၀ ရှိကြောင်းနှင့် ပြန်လည်ကျန်းမာလာသူ စုစုပေါင်း ၂၂၁၄၆၇၄၉ ဦး ရှိကြောင်း သိရသည်။

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-အလင်းသစ်**

# အမရပူရမြို့နယ်၌ ငွေကျပ် ၂၆ ဒသမ ၉၃ ဘီလီယံတန်ဖိုးရှိ မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

နေပြည်တော် မတ် ၁၃

အမရပူရမြို့နယ်၌ ငွေကျပ် ၂၆ ဒသမ ၉၃ ဘီလီယံတန်ဖိုးရှိ မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

ဖြစ်စဉ်မှာ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မတ် ၁၁ ရက် နံနက် ၅ နာရီခွဲတွင် မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ် စွယ်တော်ကားဝင်းတွင် သန်းထိုက်(ခ)သံနိုင်(၂၆)နှစ် မောင်းနှင်သည့် ၂၂ ဘီးတွဲယာဉ်ကို သတင်းအရရှာဖွေရာ ယာဉ်ပေါ်တွင် ပြောင်းဖူးအိတ်များဖြင့် ဖုံးအုပ်ထားသည့် ဒေသကာလတန်ဖိုး ငွေကျပ် ၂၆ ဒသမ ၉၃ ဘီလီယံ တန်ဖိုးရှိ စိတ်ပြောင်းဆေးဝါးများဖြစ်ကြသည့် အိုက်စ်(မက်သ်အဖက်တမင်း) ၁ ဒသမ ၁၈ တန်နှင့် ကက်တမင်း ၁၁၁ ကီလိုတို့ ဖမ်းဆီးရမိခဲ့သဖြင့် ဥပဒေအရ အရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှုကျူးလွန်သူများကို ဆက်လက်စစ်ဆေးဖော်ထုတ်လျက်ရှိကြောင်း သိရသည်။




**သတင်းစဉ်**

# တရားမဝင် သစ်မျိုးစုံ၊ လူသုံးကုန်၊ စက်သုံးဆီနှင့် လုပ်ငန်းသုံးပစ္စည်းများ သိမ်းဆည်းရမိ

နေပြည်တော် မတ် ၁၃

တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ မတ် ၁၂ ရက်တွင် မြန်မာစက်မှုဆိပ်ကမ်းကုန်သေတ္တာစစ်ဆေးရေးစခန်း၌ ဆိပ်ကမ်းတာဝန်ကျ အကောက်ခွန်အဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ သွင်းကုန်ကြေညာလွှာ၊ သွင်းကုန်လိုင်စင်တို့နှင့် ကွဲလွဲစွာတင်သွင်းလာသည့် စတီးပိုက်များ(ဆိုဒ်စုံ)**(ခန့်မှန်းတန်ဖိုးငွေကျပ် ၁၇၈၀၀၀၀၀)**ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ မွန်ပြည်နယ် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်း၌ ပူးပေါင်းစစ်ဆေးရေးအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မြဝတီမြို့မှ ရန်ကုန်မြို့သို့ ထွက်ခွာလာသည့် ကုန်တင်ယာဉ် တစ်စီးပေါ်၌ သွင်းကုန်ကြေညာလွှာ(ID)တွင် ကြေညာထားသည်ထက် ပိုမိုတင်ဆောင်လာသော တရားဝင်စာရွက်စာတမ်း အထောက်အထား တစ်စုံတစ်ရာတင်ပြနိုင်ခြင်းမရှိသည့် တရားမဝင် အဝတ်အထည်များ **(ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၄၄၇၀၀)**ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ မတ် ၁၃ ရက်တွင် စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် စစ်ဆေးရေးအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ယင်းမာပင်မြို့နယ်အတွင်း တရားမဝင် ပိတောက်ခွဲသား ၃၄ ဒသမ ၄၈ တန် (ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၀၃၄၄၀၀၀)ကို သစ်တောဥပဒေအရ လည်းကောင်း၊ မုံရွာမြို့နယ်အတွင်း တရားမဝင်စက်သုံးဆီများ (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၁၈၀၀၀၀) ကို ရေနံနှင့် ရေနံထွက် ပစ္စည်းဆိုင်ရာဥပဒေအရ လည်းကောင်း **စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၄၅၂၄၀၀၀** ကို ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တိုင်းဒေသကြီး သစ်တောဦးစီးဌာနက ဦးဆောင်သော ပူးပေါင်းစစ်ဆေးရေးအဖွဲ့များက သတင်းအရ စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ပဲခူးခရိုင်ရှိ သစ်တောကြိုးဝိုင်းအတွင်း တရားမဝင်ကျွန်းသစ်နှင့် သစ်မာသစ် ၄ ဒသမ ၇၇၀၄ တန်**(ခန့်မှန်းတန်ဖိုးငွေကျပ် ၁၃၃၅၄၂၀)**ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်ခဲ့သည်။

သို့ဖြစ်ပါ၍ မတ် ၁၂ ရက်နှင့် ၁၃ ရက်တို့တွင် ဖမ်းဆည်းရမိမှုစုစုပေါင်းမှာ **အမှုတွဲ ငါးမှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၅၇၀၄၁၂၀)** ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။

**သတင်းစဉ်**

# မြို့နယ်အချို့တွင် စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိ

နေပြည်တော် မတ် ၁၃

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မတ် ၁၂ ရက် မွန်းလွဲ ၁ နာရီတွင် ဖားကန့်မြို့နယ် လုံးခင်းကျေးရွာအုပ်စု အောင်ရာကျေးရွာအနီးတွင် အောင်ကိုလတ်(ခ)အငဲအား မသင်္ကာဖွယ်တွေ့ရှိသဖြင့် စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀၀ ဖမ်းဆီးရမိခဲ့ပြီး ကွင်းဆက်အရ မွန်းလွဲ ၁ နာရီခွဲတွင် ကျော်ရင်(ခ) အားစန်းကို လုံးခင်းကျေးရွာအုပ်စု ကုဋ္ဌေကျေးရွာအနီး၌ ဆိုင်ကယ်တစ်စီးဖြင့်လည်းကောင်း၊ ညနေ ၃ နာရီတွင် ၎င်း၏နေအိမ်၌ စိတ်ကြွရူးသွပ်ဆေးပြား ၄၀၀ ကိုလည်းကောင်း။

အလားတူ ယင်းနေ့ မွန်းလွဲ ၁ နာရီတွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ပြင်ဦးလွင်မြို့နယ် ရေငယ်ကျေးရွာတွင် သန်းညွန့်(ခ) ကောက်ကြီး မောင်းနှင်လာသော ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၆၆၃၀ ကိုလည်းကောင်း၊ ယင်းနေ့ နံနက် ၂ နာရီတွင် ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ကြည့်မြင်တိုင်မြို့နယ် စက်ဆန်းရပ်ကွက် နဝဒေးလမ်း အမှတ်(၁၁၆)နေ တင်ကျော်မိုး (ခ)ရေခဲ ၏နေအိမ်ကို ဝင်ရောက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၁၄၀၀ ကိုလည်းကောင်း၊ ယင်းနေ့ မွန်းလွဲနှစ်နာရီ ၄၅ မိနစ်တွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မရမ်းကုန်းမြို့နယ် အမှတ်(၅)ရပ်ကွက် လေယာဉ်ကွင်းလမ်းတွင် ဇော်ဝင်း (ခ)အီစမိုင်လ် မောင်းနှင်လာသည့် Mark II ယာဉ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ အိုက်စ် နှစ်ကီလိုကိုလည်းကောင်း။



ထွန်းရွှေအား သိမ်းဆည်းရမိသည့် ကဖင်းများနှင့်အတူ တွေ့ရစဉ်။

ထို့အတူ ယင်းနေ့ ညနေ ၆ နာရီတွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် တာချီလိတ်မြို့နယ် မိုင်းဟဲ(အောက်)ကျေးရွာအုပ်စု ပန်နယ်ကျေးရွာအနီး ဘူရီး-တာချီလိတ်သွားကားလမ်းတွင် ပီအိုက် မောင်းနှင်ပြီး ထွန်းရွှေ လိုက်ပါလာသည့် Hilux အမျိုးအစား ယာဉ်ကို စစ်ဆေးရန် ရပ်တန့်ခိုင်းစဉ် ပီအိုက်မှာ ထွက်ပြေးသွားပြီး ယာဉ်ပေါ်မှ ကဖင်းကီလို ၁၀၀၀ ကိုလည်းကောင်း သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**ရဲပြန်ကြား**

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၁၄-၃-၂၀၂၂ တနင်္လာနေ့

### MRTV HD

- **၀၆:၀၀** မေတ္တသုတ်၊ ရတနသုတ်၊ မောရွှတ်သုတ် အန္တရာယ်ကင်းပရိတ်တရားတော်
- **၀၇:၀၀** နံနက်ခင်းသတင်း
- **၀၈:၃၅** နိုင်ငံအချုပ်အခြာအာဏာကို အိုင်အမာရပ်တည်ကာကွယ်မည်
- **၀၉:၁၀** စိုက်ပျိုးရေးရာအဖြေရှာ
- **၀၉:၃၀** ၂၀၂၂ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲ အထောက်အကူပြုသင်ခန်းစာများ 'ဘောဂဗေဒဘာသာရပ်'
- **၁၀:၀၀** သတင်းထဲကသတင်း
- **၁၀:၃၀** ရာဇဝင်ထဲကသမိုင်းအနုပညာ
- **၁၁:၂၅** ဘဝနှင့်အနုပညာ
- **၁၃:၃၀** MRTV National News
- **၁၅:၀၀** သက်ကြီးအခြေခံစာတတ်မြောက်ရေး နည်းပြသင်တန်း
- **၁၆:၃၅** ၂၀၂၂ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲ အထောက်အကူပြုသင်ခန်းစာများ 'ပထဝီဝင်ဘာသာရပ်'
- **၁၇:၀၀** သတင်းသမားပြောတဲ့သတင်းစကား
- **၁၈:၀၀** ပြည်တွင်းသတင်း
- **၁၈:၃၅** သံစဉ်ဝေဖြာစတီရီယိုတေးကမ္ဘာ
- **၁၉:၁၀** နိုင်ငံခြားဇာတ်လမ်းတွဲ 'ငအောင်ပွဲပဏ္ဍိုင် ရင်ဆိုင်ချိတက်' (အပိုင်း-၁၀)
- **၂၀:၀၀** ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
- **၂၁:၀၀** တပ်မတော်နေ့ ဂုဏ်ပြုဇာတ်လမ်း 'ကြယ်နှင့်အတူ' (အပိုင်း-၁၀)
- **၂၁:၄၅** သံစဉ်ဝေဖြာစတီရီယိုတေးကမ္ဘာ
- **၂၂:၀၀** နိုင်ငံခြားဇာတ်လမ်းတွဲ 'အငေးဆုံးသောနေရာ' (အပိုင်း-၄၀)

### mitv

- **07:01** Te Ja Su Ne Ma (Tekkatho Lei Lei)
- **07:09** Tahbuhla Dam & Oakkan Chaungtha
- **07:21** Myanmar Marionette
- **07:49** Crocodile Keeper
- **08:01** Buddha Image Built Of Bamboo Strip
- **08:13** Myanmar Masterclass: Artist Than Kywe
- **08:25** Myanmar Traditional Food: Mohinga
- **08:45** Aye Aye Soe: Myanma Pioneer Female Bodybuilder
- **09:01** News
- **09:27** Global Partnership for Brighter Future: Viet Nam Pavilion at Expo 2020 Dubai
- **09:36** Discovering Tribes: Da Nu (Their Life and Customs)(Part-2)
- **09:55** Paper Toys

### MRTV NRC

**ပအိုဝ်းကရင် (၀၆:၀၀ မှ ၀၇:၀၀)**
မြောင်းမြမုန့်ဟင်းခါး

**အနောက်ပိုးကရင် (၀၇:၀၀ မှ ၀၈:၀၀)**
ဝန်မြစ်ကမ်းနားကရွာသစ်ရွာကလေး

**အရှေ့ပိုးကရင် (၀၈:၀၀ မှ ၀၉:၀၀)**
ဓါတ်ကျိုက်ဘုရား

**ချင်း (လိုင်ဇိုး) (၀၉:၀၀ မှ ၁၀:၀၀)**
တောင်ဇလပ်ရဲ့ရှိုးရာအလှ (အပိုင်း-၃)

**ချင်း (ချိုး) (၁၀:၀၀ မှ ၁၁:၀၀)**
အစွမ်းထက်တဲ့ဂျတ်ကောင်းအကြောင်း သိကောင်းစရာ

**မွန် (၁၁:၀၀ မှ ၁၃:၀၀)**
မွန်ဘာသာစကားပြောကြရအောင် (အပိုင်း-၁)

**ရခိုင် (၁၃:၀၀ မှ ၁၅:၀၀)**
အမှောင်ကမ္ဘာထဲမှစွမ်းအားရှင်လေးများ

**ရှမ်း (၁၅:၀၀ မှ ၁၇:၀၀)**
ပေပေါင်း(၈၀၀၀)ကျော်မြင့်တဲ့ မဲနယ်တောင်တန်းမှ တောင်ဇလပ်ပန်းများရှိရာဆီသို့

**ဝ (၁၇:၀၀ မှ ၁၉:၀၀)**
အဆင်ယှဉ်ချည်တူမှုညီမျှတဲ့သည်မေတ္တာ (လိုင်းဖိုးရိုးရာသမက်တက်ပွဲ)

**ကချင် (၁၉:၀၀ မှ ၂၁:၀၀)**
လီဆူတိုင်းရင်းသားတို့ရဲ့တစ်နေ့တာလုပ်ငန်း

**ကယား (၂၁:၀၀ မှ ၂၃:၀၀)**
ရှုမြင်စေချင်ကော်ယော်(မိုနု)တို့ရဲ့ဓလေ့အသွင်

### MRTV NEWS

- **၀၆:၀၀** အဖွင့်၊ တေးသီချင်း
- **၀၆:၃၅** အားကစားသတင်း
- **၀၇:၃၅** ရှုလေမြင်လေကမ္ဘာမြေ
- **၀၉:၀၀** ပြည်တွင်းသတင်း (LIVE)
- **၁၀:၀၀** နိုင်ငံတကာသတင်း (LIVE)
- **၁၀:၁၅** ဒီမိုကရေစီဆိုသည်မှာ
- **၁၁:၁၅** သတင်းသမားပြောတဲ့သတင်းစကား
- **၁၃:၃၅** တက္ကသိုလ်ဝင်စာမေးပွဲအထောက်အကူပြု သိကောင်းစရာများ 'ပထဝီဝင်ဘာသာရပ်'
- **၁၉:၀၀** ပြည်တွင်းသတင်း (LIVE)
- **၂၀:၀၀** နိုင်ငံတကာသတင်း (LIVE)
- **၂၁:၀၀** ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း (LIVE)

### MRTV PARLIAMENT

- **၀၉:၀၀** အဖွင့်၊ အလံ
- **၀၉:၃၀** ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို 'အငှ'
- **၁၀:၀၀** ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ကြေညာချက်သတင်းများ
- **၁၀:၃၀** ဥပဒေဆိုင်ရာသိမှတ်ဖွယ်ရာဆွေးနွေးခန်း PR SYSTEM (အပိုင်း-၇)
- **၁၁:၀၀** ရှင်းလင်းပွဲ
- **၁၁:၃၀** အတွေးအမြင် (အပိုင်း-၇)

### MRTV FARMERS'

- **၀၆:၀၀** အဖွင့်၊ နိုင်ငံတော်သီချင်း၊ နှုတ်ခွန်းဆက်
- **၀၆:၀၂** တောင်သူလယ်သမားရေးရာသတင်း
- **၀၆:၂၅** ပိုးစာစိုက်တဲ့မြေ၊ ပိုးထည်ဝတ်တဲ့ပြည်
- **၀၇:၁၅** ရှောက်၊ လိမ္မော်ကိုင်းကူးကိုင်းဆက်နည်း
- **၀၇:၃၅** တိရစ္ဆာန်ရောဂါရှာဖွေရေးဓာတ်ခွဲခန်း (မန္တလေး)
- **၀၈:၁၀** သာယာလှပဒို့တောင်သူဘဝ စုံအောင်စိုက်ပျိုးဝင်ငွေတိုး
- **၀၉:၂၀** စီပင်ခြံမှစပ်မျိုးနေကြာတောင်သူအကျိုးပါ
- **၀၉:၄၀** စက်မှုလယ်ယာခေတ်သစ်သို့ အရောက်လှမ်းလို့ချီတက်စို့

### MRTV SPORTS

- **၀၆:၀၀** အဖွင့်
- **၀၆:၃၀** အခြေခံအားကစားနည်းစနစ်များ
- **၀၇:၀၀** Sports News
- **၀၇:၃၀** Soccer View/ Weekly Sports Info
- **၀၇:၄၅** အားကစားလောကထဲက သူတို့အကြောင်း
- **၀၈:၀၀** ပြန်လည်ခံစားမြန်မာနေ့ရှင်နယ်လိဂ် ဘောလုံးပွဲစဉ်များ
- **၂၀:၀၀** ပြည်တွင်းသတင်း

Education Channel ကို ဝနေ့ တနင်္ဂနွေ မှအပ နံနက် (၁၀:၀၀)နာရီမှ ည(၁၀:၀၀)နာရီထိ ထုတ်လွှင့်ပြသပေးလျက်ရှိပါသည်။

SCAN ME

www.mrtv.gov.mm t.me/mrtvnews twitter.com/mrtvwebportal

# အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများအား ပြန်လည်ဖိတ်ခေါ်

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**သတင်းထုတ်ပြန်ချက်**

**အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများအား ပြန်လည်ဖိတ်ခေါ်ခြင်း**

၁။ တပ်မတော်က နိုင်ငံတော်တာဝန်ကို လွှဲပြောင်းရယူခဲ့ရသည့် ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်နေ့ နောက်ပိုင်းမှစ၍ NLD ပါတီဝင်များ၊ ၎င်းပါတီကိုထောက်ခံသူ အစွန်းရောက်များ၊ မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ CDM လှုံ့ဆော်မှုနှင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို မလိုလားသည့် ပြည်တွင်း၊ ပြည်ပမှ လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းများ၏ သွေးထိုးလှုံ့ဆော်မှု၊ ခြောက်လှန့်မှုတို့ကြောင့် အချို့သော ကျောင်းသား၊ ကျောင်းသူ လူငယ်လူရွယ်များ၊ နိုင်ငံ့ဝန်ထမ်းများနှင့် မိမိတို့နိုင်ငံသားများသည် EAO များတည်ရှိရာနေရာများနှင့် ပြည်ပနိုင်ငံများသို့ စိုးရိမ်စိတ်များဖြင့် တိမ်းရှောင်နေကြောင်း သိရှိရပါသည်။

**ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေး တပ်ဖွဲ့ဝင်များအား ရည်ရွယ်ချက်ရှိရှိ တိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့် ပြည်သူအချို့အား အုပ်စုဖွဲ့ ကိုယ်ထိလက်ရောက်တိုက်ခိုက်မှု၊ အစိုးရပိုင် အဆောက်အဦများနှင့် ပုဂ္ဂလိကပိုင် အဆောက်အဦများအား ဖျက်ဆီးမှု၊ (CDM)လှုပ်ရှားမှုတွင် ငွေကြေးအရ ဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ၊ နက်ရှိုင်းစွာ ကာယကံမြောက် ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့် ဝန်ထမ်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည်**

၂။ ၎င်းတို့အနေဖြင့် မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ ၎င်းတို့နှင့် ဆက်စပ်နေသည့် ပုဂ္ဂိုလ်အချို့၏ ထုတ်ပြန်ခဲ့သည့် အာဏာရှင်ဆန်သည့်ထုတ်ပြန်ချက်၊ ပြောကြားချက်တို့အပေါ်တွင်လည်း ထပ်မံစိုးရိမ်လျက်ရှိပြီး ရောက်ရှိရာနေရာများ၌လည်း လုံခြုံရေးအာမခံချက်မရှိမှု၊ လူမှုစီးပွားဘဝ အဆင်မပြေခက်ခဲမှုတို့နှင့် ရင်ဆိုင်နေရသဖြင့် မိမိတို့ နေရပ်ဒေသအသီးသီးသို့ ပြန်လာလိုသည့်ဆန္ဒများ ဖြစ်ပေါ်နေသည်ကို သတင်းရရှိပါသည်။

၃။ ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များအား ရည်ရွယ်ချက်ရှိရှိ တိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့် ပြည်သူအချို့အား အုပ်စုဖွဲ့ ကိုယ်ထိလက်ရောက် တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အဦများနှင့် ပုဂ္ဂလိကပိုင် အဆောက်အဦများအား ဖျက်ဆီးမှု၊ (CDM) လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ၊ နက်ရှိုင်းစွာ ကာယကံမြောက် ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့် ဝန်ထမ်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။

၄။ မိမိနေရပ်ဒေသအသီးသီးမှ စွန့်ခွာတိမ်းရှောင်နေရသူများသည်လည်း မိမိတို့နိုင်ငံသားများဖြစ်သောကြောင့် ၎င်းတို့အနေဖြင့် တိမ်းရှောင်ရောက်ရှိနေရာများမှ မြန်မာနိုင်ငံရှိ ၎င်းတို့ဒေသအသီးသီးသို့ ပြန်လည်ဝင်ရောက်ရေး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက စီမံဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၅။ သို့ဖြစ်ပါ၍ နေရပ်ဒေသအသီးသီးသို့ အကြောင်းအရာတစ်မျိုးမျိုးဖြင့် ပြစ်မှုကျူးလွန်ထားသူများမှအပ စိုးရိမ်စိတ်ကြောင့် တိမ်းရှောင်နေရသူများအနေဖြင့် မိမိတို့၏ ကိုယ်ပိုင်စိတ်ဆန္ဒအရ မြန်မာနိုင်ငံရှိ မိမိတို့၏နေရပ်များသို့ ပြန်လည်ဝင်ရောက်လိုပါက ဥပဒေအရ ဖြေလျှော့ပေးမှုများနှင့်အညီ ပြန်လည်ဝင်ရောက်နိုင်ရေး နီးစပ်ရာ ရပ်ကွက်၊ ကျေးရွာ၊ မြို့နယ်၊ ခရိုင် စီမံအုပ်ချုပ်ရေးကောင်စီများနှင့် ပြည်ပရောက်နိုင်ငံသားများအနေဖြင့် သက်ဆိုင်ရာ သံရုံး၊ စစ်သံရုံး၊ ကောင်စစ်ဝန်ရုံးများသို့ ဆက်သွယ်ဆောင်ရွက်နိုင်ပါရန် သတင်းထုတ်ပြန်အပ်ပါသည်။

သတင်းထုတ်ပြန်ရေးအဖွဲ့
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

# မန္တလေးတိုင်းဒေသကြီး နွားထိုးကြီးမြို့နယ်၌ အလယ်တန်းပြ ဆရာမ တစ်ဦးကို အကြမ်းဖက်သမားများက သေနတ်၊ ဓားများဖြင့် အကြောင်းမဲ့ ရက်စက်စွာ ထိုးခုတ် ပစ်ခတ် သတ်ဖြတ်

**နေပြည်တော် မတ် ၁၃**

အနာဂတ်လူငယ်၊ လူရွယ်များ ပညာရည်မြင့်မားရေးအတွက် စာသင်ကျောင်းများဖွင့်လှစ်၍ စာပေသင်ကြားပေးလျက်ရှိသည်ကို လိုလားမှုမရှိသည့် နိုင်ငံရေးအစွန်းရောက် အကြမ်းဖက်သမားများအနေဖြင့် ပညာရေးဆိုင်ရာရုံးဌာနများနှင့် စာသင်ကျောင်းများကို မိုင်းထောင်ဖောက်ခွဲခြင်းများ၊ လက်ပစ်ဗုံး၊ လက်လုပ်မိုင်းများ၊ လက်နက်ငယ်များဖြင့် ပစ်ခတ်ဖောက်ခွဲခြင်းများ ပြုလုပ်လျက်ရှိသည့်အပြင် လူငယ်၊ လူရွယ်များကို နိုင်ငံ့ဝန်ထမ်းပီသစွာ စာပေသင်ကြားပြသပေးလျက်ရှိသည့် ဆရာ ဆရာမများအား အကြမ်းဖက်ခြိမ်းခြောက်ခြင်းများနှင့် လုပ်ကြံပစ်ခတ်သတ်ဖြတ်ခြင်းများကို တွေ့ရှိလာရသည်။

ထိုကဲ့သို့ ဆရာ ဆရာမများကို အကြမ်းဖက်ခြိမ်းခြောက်ခြင်း၊ ရက်စက်စွာသတ်ဖြတ်ခြင်းများ ပြုလုပ်ခဲ့ရာတွင် မတ် ၁၂ ရက် ညနေ ၆ နာရီခွဲခန့်တွင် မန္တလေးတိုင်းဒေသကြီး နွားထိုးကြီးမြို့နယ် မင်းရွာကျေးရွာ၌ အကြမ်းဖက်သမားများက သေနတ်၊ ဓားများဖြင့် ဝိုင်းဝန်းပစ်ခတ်ထိုးခုတ်သတ်ဖြတ်ခံရ၍ အလယ်တန်းပြဆရာမတစ်ဦး သေဆုံးခဲ့ကြောင်း သတင်းအရ လုံခြုံရေး တပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့သည်။

ထိုသို့ သွားရောက်စစ်ဆေးခဲ့ရာ မင်းရွာကျေးရွာအခြေခံပညာ အထက်တန်းကျောင်းခွဲဝင်းအတွင်း နေထိုင်သည့် အလယ်တန်းပြဆရာမ ဒေါ်ညိုညိုဇော်(၄၂)နှစ် (ဘ)ဦးကျော်ရင်သည် ၎င်း၏ နေအိမ်လိုင်းခန်းအတွင်းရှိနေစဉ် အကြမ်းဖက်သူ အမျိုးသားလေးဦးက ဆိုင်ကယ်နှစ်စီးဖြင့် ရောက်ရှိလာပြီး “CDM မလုပ်ဘူးလား”ဟု ခြိမ်းခြောက်၍ “ဒလန်”ဟု စွပ်စွဲပြောဆိုကာ သေနတ်၊ ဓားများဖြင့် ဝိုင်းဝန်းထိုးခုတ်သတ်ဖြတ်ခဲ့ကြောင်း၊ ဒေါ်ညိုညိုဇော်မှာ ကျည်ထိမှန်ဒဏ်ရာ၊ ဓားဒဏ်ရာများရရှိကာ အခင်းဖြစ်နေရာ၌ သေဆုံးသွားခဲ့ကြောင်းနှင့် အခင်းဖြစ်နေရာများမှ 9mm ကျည်ခွံနှစ်ခုနှင့် ကျည်ထိပ်ဖူးတစ်ခုတို့အား တွေ့ရှိသိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

ထိုကဲ့သို့ ကလေးသူငယ်များ အေးချမ်းစွာပညာသင်ကြားလျက်ရှိသည်ကို မလိုလားဘဲ နိုင်ငံ့ဝန်ထမ်းပီသစွာ စာပေသင်ကြားပေးလျက်ရှိသည့် ဆရာ ဆရာမများအား လုပ်ကြံပစ်ခတ်သတ်ဖြတ်ခဲ့သည့် အကြမ်းဖက်သမားများအား ဖော်ထုတ်ဖမ်းဆီးရမိရေးနှင့် ကျောင်းသား ကျောင်းသူများ အေးချမ်းစွာ ပညာသင်ကြားနိုင်ရေးတို့အတွက် နယ်မြေခံ လုံခြုံရေးတပ်ဖွဲ့ဝင်များက ပူးပေါင်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။



**သတင်းစဉ်**

# တိုင်းဒေသကြီးနှင့် ပြည်နယ်များ၌ ကိုဗစ်- ၁၉ ရောဂါ ကာကွယ်ဆေးများ ဆက်လက်ထိုးနှံ



**နေပြည်တော် မတ် ၁၃**

တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးတို့၌ သံဃာတော်များ၊ သာသနာ့နွယ်ဝင်သီလရှင်များ၊ ဘာသာရေးခေါင်းဆောင်များ အပါအဝင် လူမျိုးမရွေး ဘာသာမရွေး အသက် ၄၀ အထက် ဒေသခံပြည်သူများ၊ အကျဉ်းသား အကျဉ်းသူများ၊ မသန်စွမ်းသူများ၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ၊ နာတာရှည်ရောဂါအခံရှိသူများ၊ ကယ်ဆယ်ရေးစခန်းများ၊ ယာယီတိုက်ပွဲရှောင်စခန်းများအတွင်းရှိ ပြည်သူများ၊ အသက် ၁၂ နှစ်အထက် အခြေခံပညာအလယ်တန်းနှင့် အထက်တန်းအဆင့် ကျောင်းသား ကျောင်းသူများစသည့် ဦးတည်အုပ်စုများသတ်မှတ်၍ တပ်မတော်မှ ဆေးအဖွဲ့များ၊ ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သူနာပြုများ၊ ကျန်းမာရေးဝန်ထမ်းများနှင့် စေတနာ့ဝန်ထမ်းများက ကာကွယ်ဆေးထိုးခြင်းလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်အတွင်းရှိ မြို့နယ် ၁၅ မြို့နယ်တို့၌ ဒေသခံပြည်သူ ၆၆၁၄ ဦး၊ ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၆ မြို့နယ်တို့၌ ဒေသခံပြည်သူ ၂၆၁၇၉ ဦး၊ ရခိုင်ပြည်နယ်အတွင်းရှိ မြို့နယ် လေးမြို့နယ်တို့၌ ဒေသခံပြည်သူ ၄၁၉၅ ဦးနှင့် ပဲခူးတိုင်းဒေသကြီး ထန်းတပင်မြို့နယ်၌ ဒေသခံပြည်သူ ၂၅၆ ဦးတို့ကို တပ်မတော်မှ ဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာ ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးသည်။

ထိုသို့ ဆောင်ရွက်ပေးနေမှုများကို သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# ၂၀၂၂ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲအထောက်အကူပြု ပထဝီဝင်ဘာသာရပ်ဆိုင်ရာ သိကောင်းစရာများ

ဒေါက်တာဇင်နွယ်မြင့် (ပါမောက္ခ/ဌာနမှူး ပထဝီဝင်ဌာန) ရန်ကုန်တက္ကသိုလ်

ဒီကနေ့ ပို့ချမှာကတော့ ၂၀၂၂ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ပထဝီဝင်သင်ရိုးနဲ့ပတ်သက်ပြီး အထူးဂရုပြု လေ့လာသင့်တဲ့ အကြောင်းအရာတွေဖြစ်ပါတယ်။ အခြေခံပညာအထက်တန်း ပထဝီဝင် သင်ရိုးဖတ်စာအုပ်မှာ သဘာဝပထဝီဝင်၊ စီးပွားရေးပထဝီဝင်၊ မြန်မာနိုင်ငံပထဝီဝင်၊ ကမ္ဘာ့ရွေးချယ်နိုင်ငံများ ပထဝီဝင်နဲ့ လက်တွေ့ပထဝီဝင်ဆိုပြီး အပိုင်းကြီး (၅)ပိုင်းရှိသော်လည်း ၂၀၁၉ တက္ကသိုလ်ဝင်စာမေးပွဲကစပြီး ပထဝီဝင်ဘာသာရပ်မှာတော့ သဘာဝပထဝီဝင်၊ မြန်မာနိုင်ငံ ပထဝီဝင်၊ ကမ္ဘာ့ရွေးချယ်နိုင်ငံများ ပထဝီဝင်နဲ့ လက်တွေ့ပထဝီဝင်ဆိုတဲ့အပိုင်း (၄)ခုကပဲ ဖြေဆိုရမှာဖြစ်ပါတယ်။

**အပိုင်း(က) သဘာဝပထဝီဝင်အပိုင်းမှာ**

ကမ္ဘာမြေကြီးတည်ဆောက်ပုံ၊ ကမ္ဘာ့မြေထုအပေါ်ယံကျောက်များ၊ ကမ္ဘာ့အပေါ်ယံမြေလွှာ လှုပ်ရှားခြင်း၊ ကမ္ဘာ့ကုန်းမြေသဏ္ဌာန်များ၊ အိုင်များ၊ စိမ့်များနဲ့ ကျွန်းများအကြောင်းပါဝင်တယ်။

**အပိုင်း(ဂ) မြန်မာနိုင်ငံပထဝီဝင်အပိုင်းမှာ**

မြန်မာနိုင်ငံရဲ့စီးပွားရေးကုန်ထုတ်လုပ်ငန်းများမှ တွင်းထွက်ပစ္စည်းလုပ်ငန်း၊ စက်မှုလက်မှုလုပ်ငန်း၊ ပို့ဆောင်ဆက်သွယ်ရေးလုပ်ငန်းနဲ့ ကုန်သွယ်ရေးလုပ်ငန်းများ ပါဝင်တယ်။

**အပိုင်း(ဃ) ကမ္ဘာ့ရွေးချယ်နိုင်ငံများပထဝီဝင်အပိုင်းမှာ**

အမေရိကန်ပြည်ထောင်စု၊ ဂျပန်နိုင်ငံ၊ ဩစတြေးလျနိုင်ငံ၊ ယူနိုက်တက်ကင်းဒမ်း(ဗြိတိန်) နိုင်ငံအပြင် ပြင်သစ်နိုင်ငံနဲ့ ဂျာမနီနိုင်ငံများလည်း ပါဝင်တယ်။

**အပိုင်း(င) လက်တွေ့ပထဝီဝင်အပိုင်းမှာ**

စကေးများ၊ ကွန်တိုနဲ့ ကွန်တိုမြေပုံများ၊ မြေပြင်လက္ခဏာပြမြေပုံများ၊ ကောင်းကင်ဓာတ်ပုံများကို လေ့လာပြန်ဆို တွက်ချက်ခြင်းများ ပါဝင်တယ်။

တက္ကသိုလ်ဝင်တန်း ပထဝီဝင်ဘာသာရပ်မေးခွန်းပုံစံမှာ အပိုင်း (၅) ပိုင်း ပါဝင်မှာဖြစ်တယ်။ အပိုင်း(က) ဓမ္မဓိဋ္ဌာန်၊ အပိုင်း(ခ) သဘာဝပထဝီဝင်၊ အပိုင်း(ဂ) မြန်မာနိုင်ငံပထဝီဝင်၊ အပိုင်း(ဃ) ကမ္ဘာ့ပထဝီဝင်နှင့် အပိုင်း(င)လက်တွေ့ပထဝီဝင်မေးခွန်းများဟူ၍ ဖြစ်တယ်။ အဲဒီအထဲမှာ အပိုင်း(က)နှင့် အပိုင်း(င)မှ မေးခွန်းအားလုံးကို ဖြေဆိုရမှာဖြစ်ပြီး ကျန်အပိုင်းတစ်ပိုင်းစီမှ တစ်ပုဒ်စီဖြင့် စုစုပေါင်း (၅)ပုဒ် ဖြေဆိုရမှာဖြစ်တယ်။ လိုအပ်တဲ့နေရာများမှာ မြေပုံများ၊ သရုပ်ပြပုံများ၊ ပုံကြမ်းများရေးဆွဲပြီး ဖြေရမှာဖြစ်တယ်။ ဖြေဆိုချိန် (၃) နာရီဖြစ်ပြီး စုစုပေါင်းပေးမှတ်မှာ (၁၀၀) ဖြစ်တယ်။

အပိုင်း (က) ဓမ္မဓိဋ္ဌာန်မှာ သုံးပိုင်းပါဝင်ပြီး ၁၅ မှတ်ဖိုးဖြေရမှာဖြစ်တယ်။ ၁(က) မှား/မှန်ရွေး၊ ၁(ခ) ကွက်လပ်ဖြည့်၊ ၁(ဂ) အဖြေမှန်ရွေးတို့ဖြစ်တယ်။

အပိုင်း(ခ)မှာ မေးခွန်းရှည်နှစ်ပုဒ်နဲ့ မှတ်စုတိုမေးခွန်း စုစုပေါင်းသုံးပုဒ်မေးထားပြီး နှစ်သက်ရာ တစ်ပုဒ်ကိုရွေးပြီး ၁၅ မှတ်ဖိုး ဖြေရမှာဖြစ်တယ်။ ထို့နည်းတူ အပိုင်း(ဂ)၊ (ဃ)တို့မှာလည်း ၁၅မှတ်ဖိုးစီ ဖြေရမှာဖြစ်ပြီး (၃)ပိုင်းအတွက် စုစုပေါင်း (၄၅) မှတ်ရပါမယ်။

အပိုင်း (င) လက်တွေ့ပထဝီဝင်မှာ မေးခွန်း ၁၁(က)မှာ စကေးနှင့် မေးခွန်း ၁၁(ခ)မှာ ကောင်းကင်ဓာတ်ပုံအကြောင်းအရာထဲမှ ပုစ္ဆာတစ်ခုခုဖြစ်ပြီး (၁၀)မှတ်ဖိုးစီ ဖြေရမယ်။ မေးခွန်း ၁၁(ဂ)ကတော့ ကွန်တိုမြေပုံကို လေ့လာဖြေဆိုရမှာဖြစ်ပြီး (၂၀)မှတ်ပေးထားတယ်။ အပိုင်း(င) လက်တွေ့ပထဝီဝင် အပိုင်းဟာ ဓမ္မဓိဋ္ဌာန်လိုပဲ မဖြေမနေရဖြစ်တယ်။ ဒါ့ကြောင့် အပိုင်း(င)မှာ စုစုပေါင်းပေးမှတ် (၄၀) မှတ်ဖြစ်တယ်။

မေးခွန်းမှာ ယခုနှစ်အတွက် သတ်မှတ်ထားသောသင်ခန်းစာများကို ခြုံငုံမိအောင် မေးမှာဖြစ်တဲ့အတွက် ကျောင်းသား ကျောင်းသူများအနေနဲ့ သင်ခန်းစာတွေကို ကျေကျေညက်ညက် ဖတ်မှတ်ဖို့လိုပါတယ်။ သင်ခန်းစာတွေကို မှန်မှန်လေ့ကျင့်ထားရပါမယ်။

သီအိုရီအပိုင်းကို လေ့လာကျက်မှတ်တဲ့အခါ မြေပုံနဲ့အချက်အလက်များတွဲပြီး မြေပုံပါအချက်များကို သဘောပေါက်နားလည်ထားပါက ကြောင်းကျိုးဆက်စပ်ပြီး မှတ်မိလွယ်တဲ့အတွက် အလွတ်ကျက်ခြင်းထက်ပိုပြီး ဖြေဆိုနိုင်တယ်။ မေးခွန်းမှာမေးထားတဲ့ လိုရင်းကိုသာ ဖြေရမှာဖြစ်ပြီး မိမိသိတာတွေအားလုံးဖြေရမှာ မဟုတ်ကြောင်း သတိပြုရပါမယ်။ ကမ္ဘာ့ပထဝီဝင်အပိုင်းမှာ ဖွံ့ဖြိုးပြီးနိုင်ငံများဖြစ်တဲ့ အမေရိကန်ပြည်ထောင်စု၊ ဂျပန်၊ ဩစတြေးလျ၊ ဗြိတိန်၊ ပြင်သစ်နဲ့ ဂျာမနီနိုင်ငံများ ပါဝင်တယ်။ နိုင်ငံတိုင်းရဲ့ တည်နေရာ၊ အကျယ်အဝန်းနဲ့ ထိစပ်နေသောအိမ်နီးချင်းနိုင်ငံများကို သိဖို့လိုပါမယ်။

ဒါ့အပြင် ရူပပထဝီဝင်၊ သဘာဝပထဝီဝင်၊ လူမှုစီးပွားရေးပထဝီဝင်ဆိုပြီး ခွဲခြားလေ့လာ မှတ်သားသင့်တယ်။ ရူပပထဝီဝင်အပိုင်းမှာ တည်နေရာ၊ အကျယ်အဝန်း၊ မြေမျက်နှာသွင်ပြင်နဲ့ ရေဆင်း၊ ရာသီဥတု၊ သဘာဝပေါက်ပင်နဲ့ မြေဆီလွှာများ ပါဝင်တယ်။ သဘာဝပထဝီဝင်မှာ မြေမျက်နှာသွင်ပြင်မှ မြေဆီလွှာအထိသာ ပါဝင်တယ်။ လူမှုရေးပထဝီဝင်မှာ လူဦးရေ၊ လူမျိုးနှင့် မြို့ကြီးများ ပါဝင်တယ်။

စီးပွားရေးပထဝီဝင်မှာ စိုက်ပျိုးရေး၊ မွေးမြူရေး၊ ရေလုပ်ငန်း၊ သစ်ထုတ်လုပ်ငန်း၊ တွင်းထွက်ပစ္စည်းတူးဖော်ရေးလုပ်ငန်း၊ စက်မှုလုပ်ငန်း၊ ပို့ဆောင်ဆက်သွယ်ရေးနဲ့ ကုန်သွယ်ရေးလုပ်ငန်းများပါဝင်တယ်။ စီးပွားကုန်ထုတ်လုပ်ငန်းမှာတော့ စိုက်ပျိုးရေးမှ စက်မှုလုပ်ငန်းအထိသာ ပါဝင်တယ်။

ဓမ္မဓိဋ္ဌာန်များကိုလည်း အဲဒီအပိုင်းများမှ သိသင့်တဲ့အချက်များကို မှား/မှန်၊ ကွက်လပ်ဖြည့်၊ အဖြေမှန်ရွေး စသည်ဖြင့် မေးနိုင်တာကို သတိပြုပါ။ ဆက်လက်ပြီး လက်တွေ့ပထဝီဝင်အပိုင်းမှာ စကေးများ၊ ကောင်းကင်ဓာတ်ပုံများရဲ့ စကေးကိုတွက်ချက်ခြင်း၊ ကွန်တိုနှင့်ကွန်တိုမြေပုံများ၊ မြေပြင်လက္ခဏာပြမြေပုံများကို လေ့လာပြန်ဆိုခြင်းတို့ ပါဝင်ပါတယ်။

ဆက်လက်ပြီးပို့ချမှာကတော့ လက်တွေ့ပထဝီဝင်အပိုင်းဖြစ်ပြီး ဒီအပိုင်းမှာလေ့ကျင့်ဖို့ အများကြီးလိုအပ်တယ်။ ပို့ချချက်ပါညွှန်ကြားချက်များအတိုင်း ဆွဲသားနည်း၊ ဖြေဆိုနည်းတွေကို စာမေးပွဲနီးမှ လေ့ကျင့်တာမျိုး မဖြစ်သင့်ပါ။ ဥပမာ–ပုံပြစကေးဖြစ်တဲ့ စကေးကျဲ၊ စကေးစိပ်များ တွက်ချက်ရေးဆွဲရာမှာ ပို့ချချက်များကိုဖတ်ရှုရုံနဲ့ မလုံလောက်ပါ။ လက်တွေ့အကြိမ်ကြိမ် လေ့ကျင့်ဆွဲသားမှသာ စာမေးပွဲဖြေဆိုတဲ့အခါ အလွယ်တကူဆွဲလို့ရမှာဖြစ်တယ်။ အလားတူ ကွန်တိုမြေပုံလေ့လာပြန်ဆိုခြင်းကိုလည်း မှန်မှန်လေ့ကျင့်ထားသင့်တယ်။ ကောင်းကင်ဓာတ်ပုံနဲ့ ပတ်သက်တဲ့ ပုစ္ဆာတွေတွက်ရာမှာလည်း ပုံသေနည်းများကို အလွတ်ကျက်တာထက် သင်္ကေတရှင်းလင်းချက်များကို နားလည်အောင်မှတ်ဖို့လိုတယ်။

လက်တွေ့တွက်ချက်ခြင်းများမပြုမီ စကေးရဲ့ အဓိပ္ပာယ်၊ မြေပုံများပေါ်တွင် စကေးကိုဖော်ပြခြင်း၊ စကေးတစ်မျိုးမှ အခြားတစ်မျိုးသို့ ပြောင်းလဲတွက်ချက်ခြင်းများကို သိနားလည်ဖို့လိုတယ်။

**စကေးဆိုသည်မှာ** မြေပုံပေါ်မှအကွာအဝေးနှင့် မြေပြင်ပေါ်မှအကွာအဝေးတို့၏ အချိုးဖော်ပြချက်ဖြစ်တယ်။ စကေးအမျိုးအစား (၃) မျိုးရှိတယ်။ ယင်းတို့မှာ–

(၁) စာစကေး (ဝါ) စာတန်းစကေး (ဥပမာ– တစ်လက်မလျှင်တစ်မိုင်)

(၂) အချိုးစကေး (ဝါ) အပိုင်းစကေး (ဥပမာ– ၁:၆၃၃၆၀ (ဝါ) ၆၃၃၆၀ ပိုင်း တစ်ပိုင်း) နှင့်

(၃) ပုံပြစကေး (ဥပမာ– အတိုင်းအတာတစ်ရပ်ရှိသော မျဉ်းတစ်ကြောင်းကို စိတ်ပိုင်းကာ အချိုးကျ မြေပြင်အကွာအဝေးများကို ရေးမှတ်ဖော်ပြသော စကေးအမျိုးအစားဖြစ်တယ်)။

ပုံပြစကေးအမျိုးအစားကို အဓိကအားဖြင့်(၂)မျိုးခွဲခြားထားတယ်။ ၎င်းတို့မှာ စကေးစိပ်/ အပြည့်စကေးနှင့် စကေးကျဲ/အဖွင့်စကေးတို့ဖြစ်တယ်။ ပုံပြစကေးရေးဆွဲရာမှာ တွက်ချက်ရန်နဲ့ ဆွဲသားရန်ဟူ၍ နှစ်ပိုင်းပါဝင်တယ်။

ပုံပြစကေးများတွက်ရန်၊ ဆွဲရန်အတွက် အနည်းဆုံးပြုရကိန်း၏ "ယူနစ်" ကို သတိပြုရန်လိုအပ်တယ်။ တွက်ချက်တဲ့အခါ ရေးဆွဲရမည့်မျဉ်းရဲ့အလျားဟာ (၄)လက်မနှင့် (၆)လက်မကြားရှိရင် အသင့်တော်ဆုံးဖြစ်တယ်။ တွက်နည်းကို အဆင့်ဆင့်မှန်အောင်တွက်ရမယ်။ တွက်ချက်လို့ရတဲ့ အဖြေပေါ်မူတည်ပြီး စကေးမျဉ်းကို တိကျမှန်ကန်အောင် ဆွဲရန်လိုတယ်။ အပိုင်းများကို စိတ်ပိုင်းတဲ့အခါမှာလည်း အစိတ်အပိုင်းများ မှန်ကန်ညီညာအောင် စိတ်ပိုင်းရန် အဓိကလိုအပ်တယ်။

ဆက်လက်ပြီး ကောင်းကင်ဓာတ်ပုံ လေ့လာပြန်ဆိုတွက်ချက်ခြင်းအကြောင်းကို လေ့လာမယ်ဆိုရင် ကောင်းကင်ဓာတ်ပုံဆိုတာကတော့ လေယာဉ်အမျိုးမျိုး၊ ဂြိုဟ်တု၊ ဒုံးပျံစသည်တို့မှ ရိုက်ကူးထားတဲ့ ဓာတ်ပုံများဖြစ်တယ်။ ကောင်းကင်ဓာတ်ပုံများကို (၁) တစောင်းရိုက်ကောင်းကင် ဓာတ်ပုံ၊ (၂)အောက်တည့်ရိုက်ကောင်းကင်ဓာတ်ပုံဆိုပြီး အဓိကနှစ်မျိုးခွဲခြားနိုင်တယ်။ တစောင်းရိုက် ကောင်းကင်ဓာတ်ပုံမှာ မိုးကုတ်စက်ဝိုင်းကိုမြင်နိုင်တဲ့ တစောင်းမြင့်ကောင်းကင်ဓာတ်ပုံနဲ့ မိုးကုတ်စက်ဝိုင်းကိုမမြင်နိုင်တဲ့ တစောင်းနိမ့်ကောင်းကင်ဓာတ်ပုံဆိုပြီး (၂)မျိုး ထပ်မံခွဲခြားနိုင်တယ်။

ကောင်းကင်ဓာတ်ပုံရဲ့ စကေးရှာတဲ့ပုံသေနည်းများနဲ့ တွက်ချက်နည်းများကို မှတ်မိအောင် လေ့လာထားဖို့လိုပါတယ်။ ကောင်းကင်ဓာတ်ပုံစကေးများနဲ့ပတ်သက်ပြီး သင်္ကေတများကိုသိထားရင် မေးခွန်းပုစ္ဆာမှာပါတဲ့ အကြောင်းအရာတွေကို လိုအပ်တဲ့နေရာတွေမှာ အစားထိုးထည့်သွင်းပြီး ဖြေဆိုရမယ်။ ပုစ္ဆာများတွက်တဲ့အခါ သတိပြုရမယ့်အချက်များကတော့ အချိုးစကေးမှာ ပိုင်းဝေဟာ အစဉ်အမြဲ "၁" ဖြစ်ရမယ်။ ပိုင်းဝေနဲ့ပိုင်းခြေယူနစ်တူအောင်ညှိပေးရမယ်။ ကိုက်ညီတဲ့ ပုံသေနည်းများကို သုံးရမယ်။ ပုံကြမ်းရေးဆွဲပေးသင့်တယ်။ ပိုင်းဝေဟာ မြေပုံပေါ် (သို့မဟုတ်) ဓာတ်ပုံပေါ်အကွာအဝေးဖြစ်ပြီး ပိုင်းခြေသည် မြေပြင်အကွာအဝေးဖြစ်တယ်။

ဒီအခါမှာ မြေပုံအကွာအဝေးပေးထားပြီး မြေပြင်အကွာအဝေးကို ပေ၊ ကိုက်၊ မိုင် စသဖြင့် ရှာခိုင်းရင် လိုအပ်တဲ့ယူနစ်ကို ပြောင်းပေးရမှာဖြစ်တယ်။

ကောင်းကင်ဓာတ်ပုံစကေးရှာရာမှာ

(၁) ကင်မရာဆုံတာနဲ့လေယာဉ်ပျံသန်းသောအမြင့်တို့ကို အချိုးဖြင့် စကေးရှာနည်း

(၂) ဓာတ်ပုံပေါ်အကွာအဝေးနဲ့ မြေပြင်အကွာအဝေးနှိုင်းယှဉ်ခြင်းဖြင့် စကေးရှာနည်း

(၃) စကေးသိသောမြေပုံနဲ့နှိုင်းယှဉ်နည်းဖြင့် စကေးရှာနည်းဆိုပြီး နည်း(၃)နည်းရှိတယ်။

(၁) ကင်မရာဆုံတာနဲ့ လေယာဉ်ပျံသန်းသောအမြင့်အချိုးဖြင့် စကေးရှာနည်းမှာ အသုံးပြုရမယ့်ပုံသေနည်း(က)ကတော့

$$\text{Scale or RF} = \frac{f}{H}$$

<u>သင်္ကေတရှင်းလင်းချက်အနေနဲ့</u>

Scale or RFဆိုတာကတော့စကေး/အချိုးစကေး (Representative Fraction)

f ဆိုတာကတော့ ကင်မရာဆုံတာ (Focal Length)

H ဆိုတာကတော့ ကုန်းမြေအထက်လေယာဉ်ပျံသန်းသောအမြင့် (Flying Height above the ground) ဖြစ်တယ်။

ဥပမာ။ ကင်မရာဆုံတာ ၆ လက်မဖြင့် ရိုက်ကူးထားသော ကောင်းကင်ဓာတ်ပုံတစ်ပုံ၏ စကေးမှာ ၁:၆၀၀၀ ဖြစ်လျှင် ရိုက်ကူးသောအချိန်၌ ပျံသန်းသည့်လေယာဉ်၏ မြေပြင်အထက် အမြင့်ပေကိုရှာပါ။

**တွက်နည်း**

ကင်မရာဆုံတာ (f) = ၆လက်မ

ဓာတ်ပုံ၏စကေး (RF) = ၁:၆၀၀၀

ကုန်းမြေအထက်လေယာဉ်ပျံသန်းသောအမြင့်(H) = ?

**အသုံးပြုသောပုံသေနည်း** RF = $\frac{f}{H}$

H = ၆ X ၆၀၀၀

= $\frac{\text{၃၆၀၀၀ လက်မ}}{\text{၁၂ လက်မ}}$

H = ၃၀၀၀ ပေ

အဖြေ = လေယာဉ်၏မြေပြင်အထက်ပျံသန်းသော အမြင့်ပေ ၃၀၀၀

ပုံသေနည်း (ခ) ကတော့

$$\text{Scale or RF} = \frac{f}{(A-h)}$$

<u>သင်္ကေတရှင်းလင်းချက်အနေနဲ့</u>

| | |
|---|---|
| Scale or RF | ဆိုတာကတော့စကေး/အချိုးစကေး (Representative Fraction) |
| f | ဆိုတာကတော့ ကင်မရာဆုံတာ (focal length) |
| A | ဆိုတာကတော့ပင်လယ်ပြင်အထက်လေယာဉ်ပျံသန်းသော အမြင့်(Altitude)နဲ့ |
| h | ဆိုတာကတော့ ကုန်းမြေအမြင့် (Height of the terrain) ဖြစ်တယ်။ |

စာမျက်နှာ ၁၇ သို့ ❍

❍ စာမျက်နှာ ၁၆ မှ

ပုံသေနည်း(၂)မှာ လေယာဉ်ပျံသန်းသောအမြင့် (H) ကို တိုက်ရိုက်မပေးထားတဲ့အတွက် ပင်လယ်ပြင်အထက် လေယာဉ်ပျံသန်းတဲ့အမြင့် (A) မှ ကုန်းမြေအမြင့် (h) ကို နုတ်ပေးခြင်းအားဖြင့် (H) ကို ရနိုင်ပါတယ်။

ဥပမာ။ လေယာဉ်တစ်စင်းသည် ပင်လယ်ရေပြင်အထက် အမြင့်ပေ ၁၂၀၀၀ မှ ပျံသန်းပြီး ကင်မရာဆုံတာ ၆ လက်မဖြင့် ဓာတ်ပုံရိုက်ကူးရာ ဓာတ်ပုံတွင် အမြင့်ပေ ၁၅၀၀ ရှိသည့် တောင်ကုန်းတစ်ခု ပါဝင်သည်။ ထိုကောင်းကင်ဓာတ်ပုံ၏ စကေးကိုရှာပါ။

**တွက်နည်း**

ပင်လယ်ပြင်အထက်လေယာဉ်ပျံသန်းသောအမြင့် (A) = ၁၂၀၀၀ ပေ
ကင်မရာဆုံတာ (f) = ၆ လက်မ
တောင်ကုန်း၏အမြင့် (h) = ၁၅၀၀ ပေ
ကောင်းကင်ဓာတ်ပုံ၏စကေး (RF) = ?

**အသုံးပြုသောပုံသေနည်း** Scale or RF = $\frac{f}{(A-h)}$



RF = $\frac{\text{၆ လက်မ}}{\text{၁၂၀၀၀–၁၅၀၀ ပေ}}$

= $\frac{\text{၆ လက်မ}}{\text{၁၀၅၀၀ x ၁၂ လက်မ}}$

= $\frac{\text{၆ လက်မ}}{\text{၁၂၆၀၀၀ လက်မ}}$

= $\frac{\text{၁ လက်မ}}{\text{၂၁၀၀၀ လက်မ}}$

RF = ၁:၂၁၀၀၀

အဖြေ = ကောင်းကင်ဓာတ်ပုံ၏ စကေး ၁:၂၁၀၀၀

(၂) ဓာတ်ပုံပေါ်အကွာအဝေးနဲ့ မြေပြင်အကွာအဝေးနှိုင်းယှဉ်ခြင်းဖြင့် စကေးရှာနည်းမှာဆိုရင် အသုံးပြုရမည့် ပုံသေနည်းကတော့–

**Scale or RF** = $\frac{PD}{GD}$

<u>သင်္ကေတရှင်းလင်းချက်အနေနဲ့</u>

**Scale or RF** ဆိုတာကတော့စကေး/အချိုးစကေး (Representative Fraction)
**PD** ဆိုတာကတော့ဓာတ်ပုံပေါ်ရှိအကွာအဝေး (Photo Distance) နဲ့
**GD** ဆိုတာကတော့မြေပြင်ပေါ်ရှိအကွာအဝေး (Ground Distance) ဖြစ်တယ်။

ဥပမာ။ လေယာဉ်တစ်စင်းပေါ်မှ အောက်တည့်ရိုက် ကောင်းကင်ဓာတ်ပုံရိုက်ကူးရာတွင် ရိုက်ကူးသောဓာတ်ပုံ၏စကေးမှာ ၁:၁၂၀၀၀ ဖြစ်ပြီး ရွာနှစ်ရွာ၏မြေပြင်ပေါ်ရှိ အကွာအဝေးမှာ ပေ ၃၀၀၀ ဖြစ်လျှင်၊ ထိုရွာနှစ်ရွာ၏ ဓာတ်ပုံပေါ်ရှိ အကွာအဝေးကိုရှာပါ။

**တွက်နည်း**

ကောင်းကင်ဓာတ်ပုံ၏စကေး RF = ၁:၁၂၀၀၀
မြေပြင်ပေါ်ရှိအကွာအဝေး GD = ၃၀၀၀ ပေ
ဓာတ်ပုံပေါ်ရှိအကွာအဝေး PD = ?




**အသုံးပြုသောပုံသေနည်း** RF = $\frac{PD}{GD}$

PD = GD X RF

PD = ( ၃၀၀၀ x ၁၂" ) X $\frac{\text{၁}}{\text{၁၂၀၀၀}}$

PD = ၃၆၀၀၀" x $\frac{\text{၁}}{\text{၁၂၀၀၀}}$

PD = ၃ လက်မ

အဖြေ = ရွာနှစ်ရွာ၏ဓာတ်ပုံပေါ်ရှိ အကွာအဝေး = ၃ လက်မ

(၃) စကေးသိသောမြေပုံနဲ့နှိုင်းယှဉ်နည်းဖြင့်စကေးရှာနည်းမှာ အသုံးပြုရမည့်ပုံသေနည်းကတော့

**Scale or RF** = $\frac{PD}{MD}$ x Map Scale

<u>သင်္ကေတရှင်းလင်းချက်အနေနဲ့</u>

Scale or RF ဆိုတာကတော့ စကေး/အချိုးစကေး (Representative Fraction)
PD ဆိုတာကတော့ ဓာတ်ပုံပေါ်ရှိ အကွာအဝေး (Photo Distance)
MD ဆိုတာကတော့ မြေပုံပေါ်ရှိအကွာအဝေး (Map Distance) နဲ့ Map Scale ဆိုတာကတော့ မြေပုံစကေးဖြစ်တယ်

ဥပမာ။ မြေပုံတစ်ပုံပေါ်ရှိ လမ်းဆုံနှစ်ခုတို့၏ အကွာအဝေးသည် ၁၂ လက်မဖြစ်ပြီး ယင်းမြေပုံ၏စကေးမှာ ၁:၅၀၀၀ ဖြစ်သည်။ ထိုလမ်းဆုံနှစ်ခုတို့၏ ဓာတ်ပုံပေါ်ရှိအကွာအဝေးမှာ ၄ လက်မဖြစ်လျှင် ဓာတ်ပုံ၏ စကေးကိုရှာပါ။

**တွက်နည်း**

မြေပုံပေါ်ရှိအကွာအဝေး MD = ၁၂ လက်မ
မြေပုံ၏စကေး MS = ၁:၅၀၀၀
ဓာတ်ပုံပေါ်ရှိအကွာအဝေး PD = ၄ လက်မ
ဓာတ်ပုံ၏စကေး RF = ?




**အသုံးပြုသောပုံသေနည်း** RF = $\frac{PD}{MD}$ x Map Scale

= $\frac{\text{၄}}{\text{၁၂}}$ x $\frac{\text{၁}}{\text{၅၀၀၀}}$

= $\frac{\text{၄}}{\text{၆၀၀၀၀}}$

= $\frac{\text{၁}}{\text{၁၅၀၀၀}}$

အဖြေ = ဓာတ်ပုံ၏ စကေး ၁:၁၅၀၀၀

ကောင်းကင်ဓာတ်ပုံရဲ့ စကေးရှာတဲ့ပုံသေနည်းများနဲ့ တွက်ချက်နည်းများကို မှတ်မိအောင်လေ့လာထားရမယ်။ ပုံသေနည်းပါ သင်္ကေတတွေရဲ့နေရာမှာ မေးခွန်းပုစ္ဆာပါ သက်ဆိုင်ရာကိန်းဂဏန်းများကို အစားထိုးပြီး တွက်ရမှာဖြစ်တဲ့အတွက် ယေဘုယျအားဖြင့် လွယ်ကူသယောင်ဖြစ်တယ်။ ဒါပေမဲ့ ပုံသေနည်းမှာပါတဲ့ သင်္ကေတွေရဲ့ အဓိပ္ပာယ်ကို သိထားရန်၊ မည်သည့်ပုံသေနည်းကို မည်သည့်ပုစ္ဆာမှာ သုံးရမယ်ဆိုတာကို ခွဲခြားမှတ်သားရန် အထူးလိုအပ်တယ်။ နမူနာများကို အထပ်ထပ်လေ့ကျင့်သင့်တယ်။

ကွန်တိုမြေပုံ လေ့လာဖြေဆိုခြင်း အပိုင်းမှာ (က) မှ (ခ) သို့ ဖြတ်ပိုင်းပုံရေးဆွဲခြင်း၊ မြေပုံပါဒေသရဲ့ ဧရိယာနဲ့လတ္တီကျူ၊ လောင်ဂျီကျူရှာဖွေခြင်း၊ မြန်မာနိုင်ငံရဲ့မည်သည့်ပြည်နယ်၊ တိုင်းဒေသကြီးအတွင်းတည်ရှိသည်ကို အကြောင်းပြချက်နဲ့ ဖြေဆိုခြင်း၊ မြေပုံပါဒေသရဲ့ ရူပပထဝီဝင်၊ သဘာဝပထဝီဝင်၊ လူမှု–စီးပွားရေးပထဝီဝင်၊ စီးပွားကုန်ထုတ်လုပ်ငန်းများစသဖြင့် ပါဝင်တယ်။

(က) မှ (ခ)သို့ ဖြတ်ပိုင်းပုံရေးဆွဲရာမှာ ဒေါင်လိုက်စကေးကို ဦးစွာရှာပေးရမှာဖြစ်ပြီး ကွန်တိုမြေပုံမှာပေးထားတဲ့ အလျားလိုက်စကေးကို အသုံးပြုတွက်ချက်ရှာဖွေရမယ်။ ဒေါင်လိုက်စကေးကို ရှာရာမှာ မြေမျက်နှာသွင်ပြင် အနိမ့်အမြင့်ပေါ်လွင်စေရန် ၅ ဆ မှ ၁၀ ဆ အထိ ချဲ့သင့်တယ်။ စကေးကို တစ်လက်မအပေါ်မူတည်ပြီး ရှာရမယ်။ ရလာတဲ့အဖြေကို ပုံဆွဲရာမှာလွယ်ကူအောင် အနီးဆုံးကိန်းပြည့်ကို ယူရမှာဖြစ်တယ်။

ဒီနည်းဟာ ပုံသေနည်းလိုပဲ ဘယ်စကေးကိုမဆို တွက်နိုင်ရမယ်။

ဥပမာ။ ဒေါင်လိုက်စကေးရှာရာမှာ

အလျားလိုက်စကေး ၁ လက်မ = ၁ မိုင်ဆိုပြီးပေးထားရင်
ဒေါင်လိုက်အဆချဲ့ခြင်း (၅ ဆ) ချဲ့တဲ့အခါ
၁ လက်မ x ၅ ဆ = ၅ လက်မ = ၁ မိုင် (၅၂၈၀ ပေ)
၁ လက်မ ပေါ်မှာပြန်ရှာရင် = $\frac{\text{၁ x ၅၂၈၀}}{\text{၅}}$ = ၁၀၅၆ ပေ (၁၀၀၀ ပေ အနီးဆုံးယူပါ)
ဒေါင်လိုက်စကေး ၁ လက်မ = ၁၀၀၀ ပေ

ဒါ့ကြောင့် ဒေါင်လိုက်စကေး ၁ လက်မ = ၁၀၀၀ ပေ တွက်ပြီး စကေးရရင်ပေးထားတဲ့ ဂရပ်ပေါ်မှာ ဖြတ်ပိုင်းပုံကို စကေးကိုက် ရေးဆွဲပေးရမယ်။

ရေးဆွဲပုံ အဆင့်ဆင့်ကတော့

– ပထမဦးဆုံး ပေးထားတဲ့ ကွန်တိုမြေပုံပေါ်ရှိ (က)အမှတ်နှင့် (ခ)အမှတ်တို့ကိုရှာပြီး မျဉ်းဖြောင့်ဖြင့်ဆက်ပါ။

ပုံ (၁) "က" မှ "ခ"သို့ မျဉ်းဖြောင့်ဆက်ပုံ




ပြီးရင် 'က' နှင့် 'ခ' ဖြတ်သန်းရာမျဉ်းအောက်ရှိ ကွန်တိုမျဉ်းများရဲ့ အမြင့်ပေများကို မှတ်ရမယ်။ ဒီလိုမှတ်တဲ့အခါ ပေးထားတဲ့ ကွန်တိုခြားနားချက်ကို သတိပြုရမယ်။ ကွန်တိုမျဉ်းသာမက မြစ်၊ ချောင်း၊ အင်းအိုင်၊ မြို့၊ ရွာ၊ လမ်းမှအစ အသေးစိတ် မှတ်သားရမယ်။

ပုံ (၂) ကွန်တိုမျဉ်းများပေါ် အမြင့်ပေများမှတ်သားပုံ



ဒီ့နောက် 'က' 'ခ' ဖြတ်သန်းရာ မျဉ်းတစ်လျှောက် ကွန်တိုမြေပုံစာရွက်ကို ခေါက်ပါ။

ပုံ (၃) "က"နှင့် "ခ" ဖြတ်ပိုင်းမျဉ်းအတိုင်း ကွန်တိုမြေပုံခေါက်ထားပုံ




ပြီးရင် ဂရပ်စာရွက်ပေါ်မှာ ပေးထားတဲ့ ကွန်တိုမြေပုံရဲ့ 'က' 'ခ' အလျားအတိုင်း အောက်ခြေအလျားလိုက်မျဉ်းကြောင်းကို တိကျစွာဆွဲပါ။ 'က' နေရာမှ ဒေါင်လိုက်မျဉ်းတစ်ကြောင်းနှင့် 'ခ' နေရာမှ ဒေါင်လိုက်မျဉ်းတစ်ကြောင်းဆွဲပါ။ ထိုမျဉ်းများသည် အရှေ့ပိုင်းမှ တွက်၍ရထားတဲ့ ဒေါင်လိုက်စကေးကို ကိုယ်စားပြုထားတဲ့အတွက် ယင်းမျဉ်းများပေါ်မှာ ဒေါင်လိုက်ကိန်းဂဏန်းများ မှတ်သားရမယ်။

ခေါက်ထားတဲ့ကွန်တိုမြေပုံစာရွက်ကို မှတ်သားထားတဲ့ ဂရပ်စာရွက်ရဲ့ အောက်ခြေမျဉ်းမှာ 'က' 'ခ' အမှတ်အသားအကွာအဝေးအတိုင်း ဒေါင်လိုက်မျဉ်းနဲ့ တစ်ထပ်တည်းကျအောင်ကပ်ပါ။ ပြီးရင် ကွန်တိုမြေပုံပေါ်ရှိ အမြင့်ပေများကို ဂရပ်စာရွက်ပေါ်သို့ စကေးကိုက် အမှတ်များချပြီး မှတ်ပါ။




စာမျက်နှာ ၁၈ သို့ ❍

○ စာမျက်နှာ ၁၇ မှ

မှတ်ထားတဲ့အစက်များကို ပြေပြစ်တဲ့မျဉ်းဖြင့်လိုက်ဆက်ရင် လိုအပ်တဲ့မြေပြင်ပုံ ပေါ်ထွက်လာမယ်။




ဒီလိုဆွဲတဲ့အခါ သတိပြုရမယ့်အချက်မှာ 'က'နှင့် 'ခ' ကို ဘောင်မှာရှိတဲ့ နေရာအမြင့်များမှာ မှန်အောင်ရေးရန်လိုတယ်။ မြစ်ဝှမ်းကျယ်ဖြစ်ရင် ဇလားပုံ၊ ချောင်းငယ်များရဲ့ နေရာမှာ V ပုံသဏ္ဍာန်အနည်းငယ်ချိုင့်ပေးရမယ်။ ပုံမှာထင်ရှားတဲ့မြစ်၊ ချောင်း၊ အင်းအိုင်၊ လမ်း စတဲ့နေရာတွေကို မြားများပြပြီးဖော်ပြရမယ်။ ကုန်းမြေကိုလည်း အနက်(သို့မဟုတ်) အညိုရောင် ခြယ်ပေးသင့်တယ်။ ပုံရဲ့အပေါ်မှာ ခေါင်းစဉ်တပ်ပြီး ပုံရဲ့အောက်မှာ အလျားလိုက်နှင့် ဒေါင်လိုက်စကေး နှစ်မျိုးစလုံး ဖော်ပြရမယ်။

မြေပုံပါဒေသရဲ့တည်နေရာကို ဖော်ပြတဲ့အခါ နည်း(၂)နည်းဖြင့် ဖော်ပြနိုင်တယ်။ ပထမနည်းက သင်္ချာနည်းဖြစ်ပြီး မြေပုံရဲ့ဘောင်မှာ လတ္တီကျုနှင့်လောင်ဂျီကျုများကို မှတ်သားဖော်ပြထားလေ့ရှိတယ်။ မေးခွန်းပါကွန်တိုမြေပုံဟာ မြန်မာနိုင်ငံအတွင်းရှိ ဒေသတစ်ခုဖြစ်တဲ့အတွက် ဖော်ပြထားတဲ့ ကိန်းဂဏန်းအနက် (၉၂°) ကျော်တဲ့ ကိန်း(၂)ခုဟာ အရှေ့လောင်ဂျီကျုမျဉ်းများဖြစ်ပြီး ကျန် (၂၈°)အောက် ၂ ခုဟာ မြောက်လတ္တီကျုဖြစ်တာကို ခွဲခြားသိရှိထားသင့်တယ်။

ဥပမာ။ မြေပုံပါဒေသဟာ မြောက်လတ္တီကျု ၂၁° ၄၅' နဲ့ ၂၁° ၄၉' အတွင်း အရှေ့လောင်ဂျီကျု ၉၆° ၉' နှင့် ၉၆° ၁၃' အတွင်းတွင်ရှိတယ်။

နောက်တစ်နည်းကတော့ မြေပုံပေါ်မှာပါရှိတဲ့ ထင်ရှားတဲ့မြစ်ချောင်းစတဲ့ မြေပြင်လက္ခဏာများနှင့် မြို့ပြကျေးရွာများကို မှီငြမ်းပြီးဖော်ပြခြင်းဖြစ်တယ်။ ဥပမာ- ပေးထားတဲ့မြေပုံမှာထင်ရှားတဲ့ မြို့ပြကျေးရွာမပါဘဲ ဧရာဝတီမြစ်က အလယ်ဗဟိုမှာ ဖြတ်စီးနေပါက "မြေပုံမှာ ထင်ရှားတဲ့ မြို့ပြကျေးရွာမပါဘဲ ဧရာဝတီမြစ်ဝှမ်း၏ တစ်စိတ်တစ်ဒေသနှင့် ပတ်ဝန်းကျင်ဒေသဖြစ်သည်" အကြမ်းအားဖြင့် ရေးနိုင်တယ်။ အကယ်၍ ထင်ရှားတဲ့မြို့တစ်မြို့ (ဥပမာ-ရေနံချောင်းမြို့)ပါရှိပါက "မြေပုံပါဒေသသည် ရေနံချောင်းမြို့နှင့် အနီးပတ်ဝန်းကျင်ဒေသကို ဖော်ပြထားသည်" ဟုရေးနိုင်တယ်။

မြေပုံပါဒေသရဲ့ ဧရိယာကို မြေပုံစကေးနဲ့အညီတွက်ချက်ပြီး စတုရန်းမိုင်နဲ့ဖော်ပြရမယ်။ ဥပမာ- မြေပုံ၏စကေးဟာ (၂)လက်မလျှင်(၁)မိုင်ဖြစ်ပြီး အဲဒီမြေပုံရဲ့ အလျားနဲ့အနံဟာ (၈)လက်မနဲ့ (၄)လက်မ ရှိပါက စကေးအရ မြေပြင်မှာ အလျား(၄)မိုင်နဲ့ အနံ(၂)မိုင် အသီးသီးရှိမယ်။ ဒါကြောင့် ပေးထားတဲ့ မြေပုံပါဒေသရဲ့ အကျယ်အဝန်းဧရိယာဟာ (အလျား ၄ မိုင် x အနံ ၂ မိုင်) (၈) စတုရန်းမိုင်ရှိတယ်။ တကယ်လို့ တွက်ချက်ရရှိတဲ့အဖြေဟာ ကိန်းပြည့်မဟုတ်ပါက အနီးစပ်ဆုံးဖော်ပြနိုင်တယ်။

မြေပုံပါဒေသဟာ မည်သည့်ပြည်နယ်နဲ့တိုင်းဒေသကြီးအတွင်းပါဝင်တာကို ဖော်ပြရာမှာ မြေပုံမှာပါဝင်တဲ့မြို့ရွာ၊ မြစ်ချောင်း၊ အင်းအိုင်၊ တောင်တန်း၊ ကားလမ်း၊ ရထားလမ်းဆက်သွယ်မှု စတဲ့အခြေအနေတွေကို စေ့စပ်သေချာစွာလေ့လာပြီး ကြောင်းကျိုးဆက်စပ်၍ ဖော်ပြပေးရမယ်။

ဥပမာ။ မြေပုံတွင် ဝမြို့နယ်လို့တွေ့ရရင် ရခိုင်ပြည်နယ်၊ ရမည်းသင်းမြို့နယ်လို့ တွေ့ရရင် မန္တလေးတိုင်းဒေသကြီးအတွင်းမှာရှိတယ်လို့ ရေးသားဖော်ပြရမယ်။

ဆက်လက်ပြီး ပေးထားတဲ့ ကွန်တိုမြေပုံ ဖတ်ရှုရေးသားခြင်းအကြောင်းကို လေ့လာကြရအောင်။



အထက်ဖော်ပြပါမြေပုံဒေသသည် သရက်နှင့် အောင်လံမြို့များ၏ ပတ်ဝန်းကျင်ဒေသပုံဖြစ်သည်။ 'က' အမှတ်အသားသည် ဒေသ၏အနောက်ဘက်၌ရှိပြီး 'ခ' အမှတ်အသားသည် ဒေသ၏အရှေ့ဘက်တွင်ရှိသည်။ ထို့ကြောင့် 'က' မှ 'ခ' ဖြတ်ပိုင်းပုံကို ဆွဲကြည့်လျှင် အောက်ပါအတိုင်းတွေ့ရမည်။




'က'နေရာသည် အမြင့်ပေ(၂၀၀) အောက်၌ရှိပြီး အရှေ့ဘက်ရှိ 'ခ' သို့ဆက်ရာ သရက်မြို့၊ ဧရာဝတီမြစ်နှင့် သူ၏ကျွန်းများအား ကွန်တို (၁၀၀) ဝန်းကျင်တွင် ဖြတ်သန်းသွားပြီး အောင်လံမြို့မှ (ခ) အမှတ်အသားရှိရာသို့ တဖြည်းဖြည်းမြင့်တက်သွားရာ (ခ) အမှတ်သည် ကွန်တိုအမြင့် (၃၀၀) ကျော်တွင် တွေ့ရှိရသည်။

ဆက်လက်၍ ကွန်တိုမြေပုံကိုကြည့်ပြီး ဒေသန္တရပထဝီဝင်အကြောင်းကို ဆွေးနွေးရအောင်

**မြေပုံပါဒေသ၏ ရူပ ပထဝီဝင်**

**တည်နေရာနှင့်အကျယ်အဝန်း**

မြေပုံပါဒေသသည် မြောက်လတ္တီကျု ၁၉°၂၀' မှ ၁၉° ၂၅' နှင့် အရှေ့လောင်ဂျီကျု ၉၅° ၁၀' မှ ၉၅° ၁၅' အတွင်း တည်ရှိသည်။ ပုံတွင် သရက်မြို့နှင့် အောင်လံမြို့များကိုတွေ့ရှိရခြင်းကြောင့် မကွေးတိုင်းဒေသကြီးအတွင်း တည်ရှိပါသည်။

**မြေမျက်နှာသွင်ပြင်နှင့်ရေဆင်း**

ပုံတွင် တောင်ကုန်းငယ်များနှင့် လွင်ပြင်ပိုင်းတို့ပါဝင်ပြီး မြေပုံပါဒေသအများစုသည် မြေမျက်နှာပြင်မညီညာသည့် လွင်ပြင်များဖြစ်ကြပါသည်။

တောင်ကုန်းငယ်များကို ပုံ၏အရှေ့မြောက်ပိုင်းတွင် တွေ့ရပြီး အရှေ့တောင်နှင့် အနောက်မြောက်တွင်လည်း အနည်းငယ်တွေ့ရသည်။ တောင်ကုန်းငယ်များသည် အရှေ့မှ အနောက်သို့ သွယ်တန်းနေပြီး ပေ (၅၀၀) ကျော်မြင့်သည့် တောင်ကုန်းတစ်ခုကို ပုံ၏အရှေ့မြောက်ပိုင်းတွင် တွေ့ရပါသည်။ အရှေ့ဘက်တွင် ဆင်ခြေလျှောမတ်စောက်ပြီး အနောက်ဘက်တွင်ပြေပြစ်သည်။

ပုံတွင် ဧရာဝတီမြစ်၏ တစ်ဖက်တစ်ချက်၌ ကွန်တိုမျဉ်းများ ခပ်စိပ်စိပ်တွေ့ရခြင်းကြောင့် မြေမျက်နှာပြင် မညီညာသော လွင်ပြင်များရှိနေပြီး ပုံပါဒေသ၏ ခြောက်ပုံလေးပုံခန့်ကျယ်ဝန်းသည်။

ဧရာဝတီမြစ်သည် မြေပုံပါဒေသ၏အလယ်တွင် မြောက်မှတောင်သို့စီးဆင်းနေပြီး မြစ်၏ အလယ်တွင် ရဲဘော်ကျွန်းကို တွေ့ရသည်။ အရှေ့ဘက်အောင်လံမြို့အနီးမှ ချောင်းငယ်များစွာနှင့် အနောက်ဘက် သရက်မြို့အနီးမှ ချောင်းငယ်များ ဧရာဝတီမြစ်အတွင်းသို့ စီးဝင်ကြသည်။ ဧရာဝတီမြစ်နှင့်ချောင်းကြီးများသည် ရေအမြဲစီးဆင်းနေသော မြစ်ချောင်းများဖြစ်ကြပြီး ကျန်ချောင်းငယ်များမှာ ရာသီအလိုက်ရေရှိသော ချောင်းများဖြစ်ကြပါသည်။

**အောက်ခံကျောက်**

မြေပုံပါဒေသသည် ဧရာဝတီမြစ်ဝှမ်းလွင်ပြင်ဒေသဖြစ်သည့်အတွက် အောက်ခံကျောက်မှာ သက်နုကျောက်များဖြစ်နိုင်သည်။

**ရာသီဥတု**

မြေပုံပါဒေသသည် မြောက်လတ္တီကျု ၂၃ ၁/၂° အောက်နိမ့်ကာ အမြင့်ပေ ၃၀၀၀ အောက်ဒေသဖြစ်ပြီး မြန်မာနိုင်ငံအလယ်ပိုင်း မကွေးတိုင်းဒေသကြီးတွင် တည်ရှိသည့်အတွက် အပူချိန်များသည်။ ပင်လယ်နှင့် ဝေးသောဒေသဖြစ်သည့်အတွက် အပူချိန်ကွာခြားချက်များသည်။ ဧရာဝတီမြစ်အတွင်း သဲသောင်များ တွေ့ရခြင်း၊ ပင်လယ်နှင့်ဝေးခြင်း၊ မကွေးတိုင်းဒေသကြီးအတွင်း တည်ရှိခြင်းများကြောင့် မိုးနည်းသည့်ဒေသလည်း ဖြစ်သည်။ အပူချိန်များပြီး မိုးနည်းသည့်အတွက် အပူပိုင်းခြောက်သွေ့ရာသီဥတုရရှိမည်။

**သဘာဝပေါက်ပင်**

အပူပိုင်းခြောက်သွေ့ရာသီဥတုရှိခြင်းကြောင့် ဆူးချုံတော၊ ထနောင်း စသောခြောက်သွေ့တောများ ပေါက်နိုင်သည်။

**မြေဆီလွှာ**

အပူချိန်များပြီး မိုးနည်းသည့်ဒေသဖြစ်သည့်အတွက် တောင်ကုန်းငယ်များပေါ်တွင် မြေနီသဲဝန်း၊ မြေဝါသဲဝန်းမြေဆီလွှာများနှင့် လွင်ပြင်ဒေသတွင် သဲဆန်သောမြေဆီလွှာနှင့် စနယ်မြေများ တွေ့နိုင်ပါသည်။

မြေပုံပါဒေသ၏ **လူမှု-စီးပွားရေး** ပထဝီဝင်ကိုလေ့လာကြည့်လျှင်

**လူဦးရေ**

မြေပုံပါဒေသသည် မကွေးတိုင်းဒေသကြီးအတွင်းရှိ သရက်၊ အောင်လံမြို့ဝန်းကျင်ဒေသဖြစ်သည့်အတွက် မြို့နှင့်ကျေးရွာများ အများအပြားတွေ့ရခြင်း၊ လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်ခြင်း၊ ဧရာဝတီမြစ်ဝှမ်းလွင်ပြင်ပေါ်တွင် တည်ရှိခြင်းများကြောင့် လူနေများပြီး လူနေသိပ်သည်းသောဒေသဖြစ်သည်။

**လူမျိုးနှင့် ကိုးကွယ်သည့်ဘာသာ**

မကွေးတိုင်းဒေသကြီး၊ သရက်နှင့်အောင်လံမြို့များ ပတ်ဝန်းကျင်ဒေသဖြစ်၍ ဗမာလူမျိုးအများဆုံးနေထိုင်မည်။ စေတီများတွေ့ရ၍ ဗုဒ္ဓဘာသာအဓိကကိုးကွယ်ကြသည်။ အခြားဘာသာဝင်များလည်း နေထိုင်ကြမည်။

**မြို့ရွာပျံ့နှံ့တည်ရှိမှု**

ပုံတွင် သရက်မြို့ကို ဧရာဝတီမြစ်၏ အနောက်ဘက်ကမ်းတွင်တွေ့ပြီး အောင်လံမြို့ကို အရှေ့ဘက်ကမ်းပေါ်တွင် တွေ့ရသည်။ ဒေသအတွင်း ဧရာဝတီမြစ်ကိုအသုံးပြုပြီး ရေကြောင်းသွားလာမှု ပြုလုပ်နိုင်ပြီး အောင်လံမြို့သည် ပြည်-တောင်တွင်းကြီးဆက်သွယ်ထားသော ကားလမ်း၊ ရထားလမ်းပေါ်တွင် တည်ရှိသည်။ ထို့အပြင် ဒေသအတွင်းကျေးရွာများနှင့်လည်း ကားလမ်း၊ ကျောက်ခင်းလမ်း၊ လှည်းလမ်းများ ဆက်သွယ်ထားသည်။

သရက်မြို့နှင့် ကိုးပင်သီးကုန်း၊ မုန်ဇလီ၊ ရေဖြူ၊ စကားလဲ(ကျောင်းစု)၊ စကားလဲ(ရေတွင်းစု)နှင့် ရွာထောင် စသည့်ရွာများသည် ရွာစု၊ ရွာဝိုင်းအနေဖြင့်တွေ့ရပြီး စန်းအိုင်၊ ရဲဘော်ကျွန်းရွာများသည် ရွာတန်းရှည် ပုံသဏ္ဍာန်ရှိကြသည်။

**စီးပွားရေးပထဝီဝင်**

အဓိကလုပ်ငန်းမှာ စိုက်ပျိုးရေးဖြစ်သည်။

**စိုက်ပျိုးရေး**

အပူချိန်များပြီး မိုးနည်းသည့်ဒေသဖြစ်သည့်အတွက် လွင်ပြင်ပေါ်ရှိ ယာမြေများပေါ်တွင် နှမ်း၊ မြေပဲ၊ ပဲအမျိုးမျိုး၊ ဂျုတ်နှင့်ပြောင်း စသည့်ယာသီးနှံများ စိုက်ပျိုးကြပြီး လယ်မြေများပေါ်တွင် ရေသွင်းစပါး စိုက်ပျိုးနိုင်သည်။ ဧရာဝတီမြစ်အတွင်းရှိ ကျွန်းများနှင့် မြစ်ကမ်းဘေးများတွင် ကိုင်းကျွန်းသီးနှံများ စိုက်ပျိုးကြမည်။

**မွေးမြူရေး**

ဒေသစိုက်ပျိုးရေးအတွက် နွားကိုမွေးမြူကြပြီး စားသုံးရန် ကြက်၊ ဝက်၊ ဆိတ် တို့ကို မွေးမြူမည်။

**ရေလုပ်ငန်း**

ဧရာဝတီမြစ်မှဒေသတွင်းစားသုံးရန် ရေချိုငါးဖမ်းလုပ်ငန်းလုပ်ကိုင်မည်။

စာမျက်နှာ ၁၉ သို့ ○

○ စာမျက်နှာ ၁၈ မှ

**သစ်တောထွက်ပစ္စည်းလုပ်ငန်း**

ဒေသတွင်းရှိ ရွက်ပြတ်တောများမှ ဒေသသုံး သစ်ထုတ်လုပ်ငန်းရှိမည်။

**စက်မှုလုပ်ငန်း**

သရက်မြို့တောင်ဘက်ရှိ နိုင်ငံပိုင်ဘိလပ်မြေစက်ရုံမှ ဘိလပ်မြေများ ထုတ်လုပ်သည်။ အောင်လံမြို့ တောင်ဘက်တွင် အမှတ်(၉၆) နိုင်ငံပိုင်သစ်စက်ကို တွေ့ရှိရသည်။ ဒေသတွင်း စိုက်ပျိုးရေးထုတ်ကုန်များကို အခြေခံသည့် ဆန်စက်၊ ဆီစက်၊ ဝါကြိတ်စက်များကို ဒေသအတွင်း တွေ့နိုင်သည်။ ကျေးရွာများတွင် ရက်ကန်းလုပ်ငန်းများရှိနိုင်သည်။

**လမ်းပန်းဆက်သွယ်ရေး**

အောင်လံမြို့သည် ပြည်မှတောင်တွင်းကြီး၊ မကွေးမြို့များသို့ ဆက်သွယ်ထားသည့် ကားလမ်း၊ ရထားလမ်းများပေါ်တွင် တည်ရှိသည်။ သရက်မြို့သည် ဧရာဝတီမြစ်အနောက်ဘက်ကမ်းပေါ်တွင် တည်ရှိပြီး ပုသိမ်-မုံရွာကားလမ်းနှင့်ဆက်သွယ်ထားသည်။ ဧရာဝတီမြစ်ကြောင်းမှ လှေ၊ သင်္ဘောများဖြင့်လည်း သွားလာနိုင်သည်။ မြို့များနှင့်ကျေးရွာများကို ကျောက်ခင်းလမ်း၊ လှည်းလမ်းများဖြင့် ဆက်သွယ်သွားလာနိုင်ပါသည်။

**ကုန်သွယ်ရေး**

ဒေသထွက်ပိုလျှံသော စိုက်ပျိုးရေးထွက်ကုန်များ၊ ဘိလပ်မြေနှင့်သစ်များကို အခြားဒေသများသို့ တင်ပို့ကြပြီး ဒေသအတွက်လိုအပ်သည့် လူသုံးကုန်၊ စားသောက်ကုန်၊ ဆေးဝါး၊ အဝတ်အထည်များကို ပြန်လည်တင်သွင်းသည်။

မြေပုံပါဒေသရဲ့ ပထဝီဝင်ကို ဖတ်ရှုရေးသားရာမှာ အတွေ့အကြုံလည်း များစွာလိုအပ်တယ်။ ဒါ့ကြောင့် ကွန်တိုမြေပုံအများအပြားကို ကြည့်ရှုလေ့လာထားရမယ်။ ရေးသားဖြေဆိုရာမှာ ကြောင်းကျိုးဆက်နွယ် ဖြေဆိုတတ်ဖို့ လိုအပ်တယ်။ မြေပုံပါအချက်အလက်တွေကိုပဲ ဖြေရမှာဖြစ်လို့ သေချာစွာလေ့လာဖြေဆိုကြဖို့ မှာကြားရင်း ဒီမှာပဲ ရပ်နားလိုက်ပါတယ်။ ။



# တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများနှင့် စေတနာရှင်ပြည်သူများက ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ အမယ် လေးမျိုး၊ နေ့ဆွမ်းများနှင့် နဝကမ္မအလှူငွေများ ဆက်ကပ်လှူဒါန်း

**နေပြည်တော် မတ် ၁၃**

တပ်မတော်(ကြည်း၊ ရေ၊ လေ) အရာရှိ စစ်သည်၊ အရာထမ်း၊ အမှုထမ်းများနှင့် စေတနာရှင် အလှူရှင်များက မြို့နယ်အသီးသီးရှိ ဘုန်းတော်ကြီးကျောင်းများ၊ သာသနာ့နွယ်ဝင် သီလရှင်ကျောင်းများနှင့် ဘာသာရေးကျောင်းများသို့ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ အမယ် လေးမျိုးနှင့် လှူဖွယ်ပစ္စည်းများ လှူဒါန်းခြင်း၊ နေ့ဆွမ်းများ ဆက်ကပ်လှူဒါန်းခြင်းနှင့် ကျန်းမာရေးစစ်ဆေးပေးခြင်းများကို ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းဆတ်မြို့ရှိအောင်မင်္ဂလာတပ်ဦးကျောင်း၊ ဇေယျသုခဘုန်းကြီးကျောင်း၊ ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် အမှတ်(၁၀) ရပ်ကွက်ရှိ ဓမ္မစကြာကျောင်းတိုက်၊ မှော်ဘီမြို့နယ် မင်းရွာကျေးရွာရှိ အနန္တဂုဏ်ရည်တိုက်၊ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ ကုန်းသာကျောင်းတိုက်၊ ရခိုင်ပြည်နယ် အမ်းမြို့ အေးမြသာယာဘုန်းတော်ကြီးကျောင်း၊ ဘူးသီးတောင်မြို့ အောင်မြေရတနာဘုန်းတော်ကြီးကျောင်းတို့ရှိ ဆရာတော်၊ သံဃာတော်များ၊ သာသနာ့နွယ်ဝင် သီလရှင်များအား ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ အမယ် လေးမျိုး၊ နဝကမ္မအလှူငွေများ၊ ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးအထောက်အကူပြုပစ္စည်းများ၊ နေ့ဆွမ်းများနှင့် လှူဖွယ်ပစ္စည်းများကို သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်အသီးသီးမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သွားရောက် ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်းနှင့် လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# (၄၈)နှစ်မြောက် မွန်ပြည်နယ်နေ့ အထိမ်းအမှတ်ဂေါက်သီးရိုက်ပြိုင်ပွဲနှင့် ဆုပေးပွဲကျင်းပ

**မော်လမြိုင် မတ် ၁၃**

မတ် ၁၉ ရက်တွင် ကျရောက်မည့် (၄၈) နှစ်မြောက် မွန်ပြည်နယ်နေ့အထိမ်းအမှတ် ဂေါက်သီးရိုက်ပြိုင်ပွဲကို မတ် ၁၂ ရက် နံနက်ပိုင်းက မော်လမြိုင်ဂေါက်ကလပ် ဂေါက်သီးရိုက်ကွင်း၌ ကျင်းပခဲ့ရာ မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်လင်းထွန်းသည် ပြိုင်ပွဲဝင် အားကစားသမားများအား ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးစကား ပြောကြားသည်။

ရှေးဦးစွာ ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများနှင့် ပြည်နယ်အစိုးရအဖွဲ့ အတွင်းရေးမှူးတို့က Golf Ball High Velocity Solit Core ရိုက်ကာ ပြိုင်ပွဲအခမ်းအနားကို ဖွင့်လှစ်ပေးသည်။ အဆိုပါပြိုင်ပွဲတွင် မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်တို့မှ ပြိုင်ပွဲဝင်အသင်း ၃၀၊ ဂေါက်သီးရိုက်ကစားသမား ၂၃၀ ပါဝင်ယှဉ်ပြိုင်ကြသည်။

ထို့နောက် ဆုပေးပွဲအခမ်းအနားကို ညနေပိုင်းတွင် ဆက်လက်ကျင်းပခဲ့ရာ ပြည်နယ်ဝန်ကြီးချုပ်က အသင်းလိုက် ပထမဆု၊ ဒုတိယဆု၊ တတိယဆုရရှိသူများကိုလည်းကောင်း၊ ပြည်နယ်ဝန်ကြီးများနှင့် တာဝန်ရှိသူများက ပါအများဆုံးဆု၊ ဘာဒီအများဆုံးဆု၊ အဝေးဆုံးရိုက်ချက်ဆု၊ ကျင်းနှင့်အနီးဆုံး ရိုက်ချက်ဆု၊ လိုင်းနှင့် အနီးဆုံးဆု၊ အကြိုးစားဆုံးဆုနှင့် အမျိုးသမီး ပထမဆု၊ ဒုတိယဆု၊ တတိယဆုရရှိသူများကိုလည်းကောင်း ဆုများပေးအပ်ချီးမြှင့်သည်။

ဆက်လက်ပြီး (၄၈)နှစ်မြောက် မွန်ပြည်နယ်နေ့ အထိမ်းအမှတ် ဂေါက်သီးရိုက်ပြိုင်ပွဲ ကျင်းပရေးအတွက် ပါဝင်သည့်အလှူရှင်များကို ဂုဏ်ပြုမှတ်တမ်းလွှာနှင့် မွန်ပြည်နယ်နေ့ အထိမ်းအမှတ် အမှတ်တရလက်ဆောင်များ ပေးအပ်သည်။

မွန်ပြည်နယ်တွင် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်စေရန် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ပေးလျက်ရှိသကဲ့သို့ ကျန်းမာသန်စွမ်းပြီး ထူးချွန်ထက်မြက်သော အားကစားသမားကောင်းများ ပေါ်ထွက်လာစေရန်အတွက် အားကစားကွင်းနှင့် အားကစားဥယျာဉ်များ တည်ဆောက်ကာ လူငယ်နှင့် အားကစားကဏ္ဍကို အထူးအလေးပေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**



● ကျောဖုံးမှ

ကိုးကွေ့တောင်ကြိုးပြင်ကာကွယ်တောသည် ရေ၊ မြေ ထိန်းသိမ်းကာကွယ်ခြင်း၊ ရာသီဥတု ညီညွတ်မျှတစေခြင်း၊ မြေဆီမြေသားကောင်းမွန်ခြင်းနှင့် ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ခြင်း စသည့်လိုအပ်ချက်များကို သဘာဝသစ်တောများမှသာ အထိရောက်ဆုံး ဖြည့်ဆည်းပေးနိုင်မည်ဖြစ်သဖြင့် သဘာဝတောများကို အစွန့်ရှည်စွာ တည်တံ့ဖွံ့ဖြိုးစေရန်ရည်ရွယ်၍ ကြိုးပြင်ကာကွယ်တောအဖြစ် သတ်မှတ်ခြင်း ဖြစ်သည်။

ကိုးကွေ့တောင်ကြိုးပြင်ကာကွယ်တော ဧရိယာအတွင်း ဆင်တုံးမနွယ်၊ တောရှောက်၊ တပင်တိုင်မြနန်း၊ တောင်ပန်းပင်၊ ကြောပေါင်းတထောင်၊ တောချင်းနက်၊ တောနနွင်း စသည့် ဆေးဖက်ဝင်အပင်များ ပေါများစွာပေါက်ရောက်ခြင်း၊ ကျားသစ်၊ တောဝက်၊ ဆတ်၊ ချေ၊ ဒေါင်း၊ တောကြက်၊ တောကြောင်၊ တောင်ဆိတ် စသည့်တိရစ္ဆာန်များ၏ ကျက်စားရာ နေရာဒေသဖြစ်ခြင်း၊ တားမြစ်ရာပါသစ်များဖြစ်သည့် ထင်းရှူး၊ အင်ကြင်း၊ ပျဉ်းကတိုး အပါအဝင် ပရုတ်၊ လောက်ယား၊ စွယ်တော်၊ သစ်ချ၊ သစ်အယ် စသည့်သစ်မျိုးများ ပေါက်ရောက်တွေ့ရှိရခြင်းနှင့် သံလွင်မြစ်၏ ရေဝေရေလဲဧရိယာဖြစ်ခြင်းတို့ကြောင့် ကြိုးပြင်ကာကွယ်တောအဖြစ် သတ်မှတ်ကြေညာခြင်း ဖြစ်သည်။

**သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန**

# တိုက်ကြီးမြို့နယ်၌ ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး နှာခေါင်းစည်းတပ်ဆင်ရေးလှုပ်ရှားမှု ဆောင်ရွက်

**တိုက်ကြီး မတ် ၁၃**

ရန်ကုန်မြောက်ပိုင်းခရိုင် တိုက်ကြီးမြို့နယ်တွင် ကိုဗစ်-၁၉ ရောဂါမျိုးကွဲသစ် အိုမီခရွန် ရောဂါကူးစက်ပျံ့နှံ့မှုမှ ကြိုတင်ကာကွယ်ရေးအတွက် ပြည်သူများ နေအိမ်မှ ထွက်ခွာတိုင်း ပါးစပ်နှာခေါင်းစည်းများ စနစ်တကျ တပ်ဆင်သွားလာရေးအသိပေးခြင်း၊ နှာခေါင်းစည်း တပ်ဆင်ရေး လှုပ်ရှားမှုနှင့် နှာခေါင်းစည်းများ ဖြန့်ဝေခြင်းလုပ်ငန်းကို ယနေ့နံနက် ၇ နာရီတွင် တိုက်ကြီးမြို့နယ် ဈေးရပ်ကွက် မြို့လယ်



ဘုရားလေးလမ်း၌ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ် ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီ၏ ဦးဆောင်မှုဖြင့် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်ကျော်စိုးနှင့် အဖွဲ့ဝင်များ၊ မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ စည်ပင်သာယာရေးအဖွဲ့၊ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ မြို့နယ်မီးသတ်ဦးစီးဌာန၊ မြို့မရဲစခန်း၊ ဝန်ထမ်းများ၊ ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့နယ်ကြက်ခြေနီတပ်ဖွဲ့ဝင်များနှင့် ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးများ ပါဝင်သော ပူးပေါင်းအဖွဲ့က ပြည်သူများ ပါးစပ်နှာခေါင်းစည်း စနစ်တကျ တပ်ဆင်သွားလာရေး အသိပညာပေးခြင်းနှင့် နှာခေါင်းစည်းတပ်ဆင်ရေး လှုပ်ရှားမှုဆောင်ရွက်ရာတွင် ဈေးရပ်ကွက် မြို့လယ်ဘုရား လေးလမ်းတွင် ဖြတ်သန်းသွားလာနေသော ပြည်သူများအား ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်နိုင်ရေးအတွက် နေအိမ်မှထွက်ခွာတိုင်း မဖြစ်မနေ ပါးစပ်နှာခေါင်းစည်း စနစ်တကျတပ်ဆင်သွားလာရေး အသိပညာပေးခြင်း၊ တပ်ဆင်ခြင်းမရှိသည့် ပြည်သူများအား နှာခေါင်းစည်းများကို အခမဲ့ဖြန့်ဝေပေး၍ စနစ်တကျတပ်ဆင်စေခြင်းတို့ကို အသိပညာပေး ဆောင်ရွက်ခဲ့ပြီး နှာခေါင်းစည်း အခုရေ ၁၂၅၀ ကို ပြည်သူများထံ အခမဲ့ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။ **ဉာဏ်ဟိန်း**

ဓမ္မ ပုံပြင်

# မေးခွန်းသုံးသွယ်

## မင်းယုဝေ

ရှေးသရောအခါ ဘုရင်တစ်ပါးသည် ပြဿနာသုံးရပ်ကို သိလိုသောဆန္ဒပြင်းပြလျက်ရှိသည်။ ထိုပြဿနာသုံးရပ်ကား –

(၁) လောက၌ မည်သည့်အချိန်သည် အရေးကြီးဆုံးဖြစ်ပါသနည်း။

(၂) လောက၌ မည်သည့်ပုဂ္ဂိုလ်သည် အရေးကြီးဆုံးဖြစ်ပါသနည်း။

(၃) လောက၌ မည်သည့်အလုပ်သည် အရေးကြီးဆုံးဖြစ်ပါသနည်းဟူ၍ဖြစ်ပါသည်။

ထိုပြဿနာသုံးရပ်ကိုသိလိုသဖြင့် “မှန်ကန်စွာဖြေဆိုနိုင်သူအား ဆုလာဘ်ပေးမည်” ဟူ၍ ဘုရင်သည် တိုင်းပြည်အနှံ့ကြေညာလေသည်။ ထိုအခါ ပညာရှိအများပင် လာရောက်ဖြေဆိုကြသည်။ တစ်ဦးက...

“အရှင်မင်းမြတ်၊ အကြံပေးပုဂ္ဂိုလ်သည် အရေးကြီးဆုံး ဖြစ်ပါသည်” ဟုဆို၏။ အခြားတစ်ဦးကမူ...

“အရှင်မင်းမြတ်၊ အရေးကြီးသောအချိန်ကို သိနိုင်ရန် အချိန်ဇယားဆွဲရပါမည်” ဟုဆို၏။ ကျန်တစ်ဦးကမူ...

“အရှင်မင်းမြတ်၊ စက်မှုလက်မှုအတတ်ပညာသည် အရေးကြီးဆုံးဖြစ်ပါသည်” ဟု လျှောက်တင်သည်။

ဘုရင်သည် ထိုအဖြေတို့ကို မနှစ်သက်ပေ။ ထို့ကြောင့် တစ်ခုသောတောအရပ်၌ ပညာရှိရသေ့တစ်ပါးရှိသည်ဟုကြားသဖြင့် မေးမြန်းရန် အခြွေအရံများနှင့် ထွက်ခွာခဲ့သည်။ ဘုရင်သည် ရသေ့ကြီး၏ ကျောင်းနှင့်မနီးမဝေးသို့ ရောက်သောအခါ အခြွေအရံများကို ထားခဲ့သည်။

ထို့နောက် တစ်ကိုယ်တည်းပင် ရသေ့ကြီးထံသွားသည်။ ကျောင်းသင်္ခမ်းသို့ ရောက်သောအခါ ဟင်းသီးဟင်းရွက်စိုက်ရန် မြေကြီးကို ပေါက်တူးဖြင့် ပေါက်နေသောရသေ့ကြီးကို တွေ့ရသည်။

ရသေ့ကြီးမှာ အိုမင်းမစွမ်းရှိသဖြင့် ပင်ပန်းကြီးစွာဖြင့် မြေကိုပေါက်နေရှာသည်။ ဘုရင်ကြီးက ရသေ့ကြီးကို နှုတ်ဆက်ပြီးလျှင် ... “အရှင်ရသေ့၊ တပည့်တော် ပြဿနာသုံးရပ်ကို အလွန်သိလိုလှပါသည်။ လောက၌ အရေးအကြီးဆုံးအချိန်၊ အရေးအကြီးဆုံးပုဂ္ဂိုလ်၊ အရေးအကြီးဆုံးအလုပ်တို့သည် မည်သည်တို့ဖြစ်ပါသနည်း။ ဖြေကြားတော်မူပါ” ဟု မေးမြန်းလျှောက်ထား၏။

ရသေ့ကြီးသည် အဖြေကိုမပေး။ ဘုရင်ကို စောင်းငဲ့ကြည့်ပြီးလျှင် မြေကို ဆက်လက်၍ပေါက်နေသည်။

ဘုရင်သည် မောပန်းနေရှာသော ရသေ့ကြီးကို ကြင်နာသဖြင့် “အရှင်ရသေ့၊ တပည့်တော်အား အရှင့်ကိုယ်စား မြေပေါက်ခွင့်ပြုတော်မူပါ” ဟုဆို၏။ ရသေ့ကြီးက...

“ကျွန်ုပ် ပင်ပန်းနွမ်းနယ်နေရာတွင် သင်ကူညီသည်ကို ကျေးဇူးတင်လှပါသည်” ဟူ၍ ဆိုကာ ခွင့်ပြု၏။

ဘုရင်လည်း ရသေ့ကြီးကို နားစေပြီး ကြိုးစား၍ မြေပေါက်ရာ မြေနှစ်ကွက် ပြီးသွားသည်။

ထိုအခါ ဘုရင်သည် ခေတ္တနားကာ ပြဿနာသုံးရပ်ကို ထပ်မံမေးလျှောက်ပြန်သည်။ ရသေ့ကြီးက မဖြေ။

“ဒကာ၊ ပင်ပန်းလှပြီ၊ ငါတစ်လှည့် မြေပေါက်ဦးမည်” ဟူ၍သာ မိန့်တော်မူ၏။

ဘုရင်က ရသေ့ကြီးအား ပေါက်တူးကိုမပေး။

“တပည့်တော်ပင် ဆက်လက်ပေါက်ပါမည်” ဟု လျှောက်၏။

နေဝင်ချိန်ရောက်သောအခါ ဘုရင်သည် အလုပ်ကို ရပ်နားလိုက်သည်။

“အရှင်ရသေ့၊ ပြဿနာများကို သိလို၍ တပည့်တော် ခရီးဝေးမှလာခဲ့ရပါသည်။ ဖြေဆိုတော်မူပါ” ဟု ပန်ကြား၏။

ထိုအခါ ပြေးလွှားသံများကို ကြားရသဖြင့် လှမ်းကြည့်လိုက်ရာ လူတစ်ယောက်သည် ဝမ်းဗိုက်ကို လက်ဖြင့်ဖိလျက် သူတို့ထံ ပြေးလာသည်ကို တွေ့ရသည်။ ထိုသူသည် အနီးသို့ရောက်သောအခါ ညည်းညူလျက် မြေပေါ်သို့ လဲကျသွားသည်။ ဘုရင်နှင့် ရသေ့ကြီးသည် ထိုသူ၏ သွေးစွန်းအင်္ကျီကို လှမ်းကြည့်လိုက်သောအခါ ဒဏ်ရာကြီးကို တွေ့ရသည်။ ဘုရင်သည် ကြင်နာစွာဖြင့် ဒဏ်ရာကို လျင်မြန်စွာပင် ဆေးကြောပေးသည်။ ထို့နောက် ဆေးထည့်၍ ပတ်တီးစည်းပေးသည်။ ရေအေးတစ်ခွက်တိုက်သည်။

ဘုရင်နှင့် ရသေ့ကြီးသည် လူနာကို ညင်သာစွာ ချီမ၍ ကျောင်းသင်္ခမ်းထဲသို့သွားသည်။

ထို့နောက် လူနာကို အိပ်ရာပေါ်တွင် သိပ်ထားလိုက်သည်။ ဘုရင်လည်း မောပန်းလှသဖြင့် လူနာအနီးမှာပင် အိပ်စက်လိုက်သည်။

နံနက်လင်း၍ အိပ်ရာမှနိုးသောအခါ ဘုရင်သည် သူ့အား ကြည်လင်သောမျက်လုံးများဖြင့် ကြည့်နေသောလူနာကို တွေ့ရသည်။

လူနာက “ခွင့်လွှတ်ပါအရှင်” ဟူ၍ ဘုရင်ကို တောင်းပန်သည်။ ဘုရင်က...

“သင့်ကို ကျွန်ုပ် လုံးဝမသိပါ၊ ကျွန်ုပ်ကို တောင်းပန်နေသည်မှာ အံ့ဖွယ်ကောင်းလှပါဘိ” ဟု ဆို၏။ လူနာက...

“အရှင်က ကျွန်ုပ်ကို မသိသော်လည်း ကျွန်ုပ်က သိပါသည်။ ကျွန်ုပ်သည် အရှင်၏ ရန်သူဖြစ်ပါသည်။ အရှင်သည် ကျွန်ုပ်၏နောင်တော်ကိုသတ်၍ ကျွန်ုပ်တို့၏ ဘိုးဘွားပိုင်ပစ္စည်းများကို သိမ်းယူခဲ့သည်။ ထို့ကြောင့် ကျွန်ုပ်သည် အရှင့်ကို လက်စားချေသတ်ဖြတ်ရန်အတွက် တိတ်တဆိတ်လိုက်လာခြင်းဖြစ်သည်။ ယမန်နေ့က ကျောင်းသင်္ခမ်းမှ အရှင်ပြန်လျှင် လုပ်ကြံရန်အတွက် ချုံခို၍ ကျွန်ုပ်စောင့်မျှော်နေခဲ့ပါသည်။ နေဝင်သည့်တိုင် အရှင်ပြန်မလာပါ။ ထို့ကြောင့် အရှင့်ကို လုပ်ကြံရန် ထွက်ခဲ့ပါသည်။ ထိုစဉ် အရှင်၏ကိုယ်ရံတော်တစ်ဦးနှင့်တွေ့ပြီး တိုက်ခိုက်ကြရာမှ ဒဏ်ရာရရှိကာ ကျောင်းသင်္ခမ်းသို့ ကျွန်ုပ်ထွက်ပြေးလာရခြင်းဖြစ်ပါသည်။ ကျွန်ုပ်၏ဒဏ်ရာကို အရှင်ကုသပေးခြင်းမပြုပါက မုချသေဆုံးရမည်ဖြစ်သည်။

ယခု အသက်ရှင်လျက်ရှိသည်မှာ အရှင်၏ကျေးဇူးပင်ဖြစ်ပါသည်။ ကျွန်ုပ်က အရှင့်ကိုသတ်မည်ပြုခဲ့သည်။ သို့ရာတွင် အရှင်က ကျွန်ုပ်အသက်ကို ကယ်ခဲ့သည်။ အရှင့်ကို ကျွန်ုပ် လုံးဝရန်မပြုလိုတော့ပြီ။ ကျွန်ုပ်ပြုခဲ့သည့်အမှုကိုလည်း ခွင့်လွှတ်ပါ။ ကျွန်ုပ်ကို အရှင်ပြုလိုရာပြုပါ။ အကယ်၍ အရှင် အခွင့်ပေးမည်ဆိုပါက ကျန်းမာသောအခါ အရှင့်ထံပါးတွင် ကျွန်ုပ်အမှုထမ်းရွက်၍ အရှင့်အကျိုးကို သားစဉ်မြေးဆက်ထမ်းရွက်ရန် သစ္စာပြုပါသည်” ဟူ၍ လှိုက်လှဲစွာဖြင့် ပြောဆိုသည်။

သူ့စကားကို ကြားရသောအခါ ဘုရင်သည် အံ့ဩမဆုံးဖြစ်သွားသည်။

“အဆွေ၊ သင့်ကို ငါ ခွင့်လွှတ်ပါသည်။ အနာပျောက်ကင်းအောင်လည်း အတူပါလာသော ငါ၏ သမားတော်ကို ကုသခိုင်းပါမည်။ အနာပျောက်ပါက ငါ့ထံသင်အမှုထမ်းပါတော့။ ငါသိမ်းပိုက်ထားသော သင်တို့၏ ပစ္စည်းများကိုလည်း ပြန်လည်ပေးအပ်ပါမည်” ဟုဆို၏။ ဘုရင်သည် လူနာကိုတွဲကာ အခြွေအရံများ စခန်းချရာနေရာသို့ ထွက်ခွာသွားမည်ပြုသည်။ မသွားမီ ရသေ့ကြီးကို ရှိခိုးပြီးနောက်...

“ရသေ့မြတ်၊ နောက်ဆုံးအနေဖြင့် တောင်းပန်ပါသည်။ တပည့်တော်သိလိုသော ပြဿနာသုံးရပ်ကို ဖြေနိုင်က ဖြေကြားတော်မူပါ” ဟူ၍ လျှောက်ထားပြန်၏။ ထိုအခါ ရသေ့မြတ်က...

“ဒကာ၊ သင်သိလိုသော ပြဿနာသုံးရပ်ကို သင်ကိုယ်တိုင် ဖြေကြားပြီးဖြစ်သည်။ ငါဖြေကြားရန် မလိုတော့ပြီ” ဟူ၍ဆို၏။ ဤတွင် ဘုရင်က...

“ရသေ့မြတ်၊ အရှင်ဆိုလိုသည်ကို နားမလည်နိုင်ပါ၊ ပြဿနာသုံးရပ်၏အဖြေကို တပည့်တော် မသိနိုင်သဖြင့် မေးမြန်းခဲ့သည် မဟုတ်ပါလော” ဟူ၍ ဆို၏။ ထိုအခါ ရသေ့မြတ်က ...

“ဒကာ၊ မနေ့က ကျွန်ုပ်ပင်ပန်းစွာ မြေပေါက်နေသည်ကို သင်စာနာမှုထား၍ ကူညီခြင်းမပြုဘဲ နေပါက ထိုနေ့ညနေမှာပင် သင်ပြန်သွားမည် မဟုတ်ပါလော။ ထိုအခါ သင့်ရန်သူ၏လုပ်ကြံခြင်းကို မလွဲမသွေသင်ခံရပေမည်။ ထို့ကြောင့် သင့်အဖို့ အရေးကြီးသောအချိန်သည် ငါ့ကို ကူညီသောအားဖြင့် သင်မြေပေါက်နေသောအချိန်ဖြစ်သည်။ ထို့အတူ ထိုအချိန်က အရေးအကြီးဆုံးပုဂ္ဂိုလ်မှာလည်း ကျွန်ုပ်ပင်ဖြစ်သည်။ ကျွန်ုပ်အား စာနာကူညီမှုသည် သင့်အဖို့ အကောင်းဆုံးအလုပ်ပင်ဖြစ်သည်”

“ထို့နောက် ကျွန်ုပ်ထံသို့ သင့်ရန်သူဒဏ်ရာဖြင့် ပြေးလာရာတွင် သင့်အဖို့ အရေးကြီးဆုံးအချိန်မှာ ထိုရန်သူကို အသက်ဘေးမှ ကင်းဝေးအောင် ပြုစုပေးခြင်းပင်ဖြစ်သည်။ **စာမျက်နှာ ၂၁ သို့** ❁

ဆရာကြီးသန်းကြွယ်၏ ကာတွန်းလက်ရာများကို မူရင်းအတိုင်း ဖော်ပြပါသည်။



လူမှု ဘဝ

# အပြုသဘောဆောင်သော လူငယ်ဖွံ့ဖြိုးရေး

မောင်မောင်မြင့်သိန်း
(စက်မှုတက္ကသိုလ်)

အပြုသဘောဆောင်သော လူငယ်ဖွံ့ဖြိုးရေး (Positive Youth Development – PYD) အစီအစဉ်များသည် လူငယ်ဖွံ့ဖြိုးမှုဆိုင်ရာ တိုးတက်မှုကို အကောင်းဆုံးဖြစ်အောင် ပုံဖော်ထားသည်။ PYD သည် လူငယ်တို့၏ လူမှုအသိုင်းအဝိုင်း၊ ကျောင်းများ၊ အဖွဲ့အစည်းများ၊ ရွယ်တူအုပ်စုများနှင့် မိသားစုများအတွင်း လူငယ်များအား အကျိုးရှိစေပြီး အပြုသဘောဆောင်သော နည်းလမ်းဖြင့် ချိတ်ဆက်ပေးသည့် ရည်ရွယ်ချက်ရှိသော လူမှုဆက်ဆံရေးဆိုင်ရာ ချဉ်းကပ်နည်းတစ်ခုဖြစ်သည်။ ထို့ပြင် ၎င်းသည် လူငယ်များ၏စွမ်းအားများကို အသိအမှတ်ပြုကာ အသုံးချပေးသည်။ မြှင့်တင်ပေးသည်။ အခွင့်အလမ်းများပံ့ပိုးပေးခြင်းဖြင့် လူငယ်များ၏ အပြုသဘောဆောင်သောရလဒ်များကို မြှင့်တင်ပေးသည်။ တစ်ဖန် အပြုသဘောဆောင်သော ဆက်ဆံရေးများကို အားပေးမြှင့်တင်ပေးသည်။ ၎င်းတို့၏ ခေါင်းဆောင်မှုအားသာချက်များကို တည်ဆောက်ရန် လိုအပ်သော ပံ့ပိုးကူညီမှုများ ဖြည့်ဆည်းပေးသည်။

PYD သည် ကလေးများ၏ အပြုအမူ (သို့မဟုတ်) ဖွံ့ဖြိုးတိုးတက်မှုတွင် မှားယွင်းသည်ဟု ယူဆသောအရာကို ပြုပြင်ရန်ကြိုးစားခြင်းအပေါ် အလေးထားမှုကို ငြင်းပယ်သောကြောင့် လူငယ်များအတွက် အခြားနည်းလမ်းများနှင့် ကွဲပြားခြားနားသည်။ အစီအစဉ်များနှင့် လေ့ကျင့်သူများသည် ကလေးများအား ဖြစ်ထွန်းအောင်မြင်သော လုပ်ရှားမှုများတွင် စာနာနားလည်ရန်၊ ပညာပေးရန်နှင့် ဆက်ဆံရေးကောင်းမွန်ရန် ကြိုးပမ်းကြသည်။

အပြုသဘောဆောင်သော လူငယ်ဖွံ့ဖြိုးတိုးတက်မှုသည် ဆယ်ကျော်သက်များ၏ အားသာချက်များကို အာရုံစိုက်ရန် ဂေဟစနစ်သီအိုရီမှ ဆင်းသက်လာခဲ့သည်။ အပြုသဘောဆောင်သော စိတ်ပညာ၏ အခြေခံသဘောတရားများနှင့်လည်း သဘောတရားအရ ဆင်တူသည်။ ၎င်းအတွေးအခေါ်၏ ဗဟိုချက်ဖြစ်သော PYD ၏ သီအိုရီအရ "လူငယ်များသည် လူများနှင့် လူမှုရေးလောကရှိ အဖွဲ့အစည်းများနှင့် အပြန်အလှန်အကျိုးပြုသော ဆက်ဆံရေးရှိလျှင် ၎င်းတို့သည် မိမိကိုယ်ကိုလည်းကောင်း၊ မိသားစု၊ အသိုင်းအဝိုင်းနှင့် အရပ်ဘက်အဖွဲ့အစည်းကို အပြုသဘောဆောင်သော ပံ့ပိုးမှုများဖြင့် အမှတ်အသားပြုသော မျှော်လင့်ချက်ရှိသည့် အနာဂတ်ဆီသို့ လျှောက်လှမ်းနေလိမ့်မည်ဖြစ်သည်။

အပြုသဘောဆောင်သော လူငယ်ဖွံ့ဖြိုးတိုးတက်မှုအတွက် အဓိကတွန်းအားမှာ "အစဉ်အလာ လူငယ်ဖွံ့ဖြိုးတိုးတက်မှု" ချဉ်းကပ်မှု၏ အနုတ်လက္ခဏာဆောင်ပြီး ပြစ်ဒဏ်ခတ်သည့် နည်းလမ်းများကို တုံ့ပြန်သည့်အနေဖြင့် ထွက်ပေါ်လာခြင်းဖြစ်သည်။ အစဉ်အလာချဉ်းကပ်မှုသည် ဆယ်ကျော်သက်များအတွက်ဖြစ်ပေါ်သည့် ပြောင်းလဲမှုများအကြား ဆက်စပ်မှုကို ဖြစ်ပေါ်စေသည်။ လူသတ်မှု၊ မိမိကိုယ်ကိုသတ်သေမှု၊ မူးယစ်ဆေးဝါးသုံးစွဲမှု၊ အလွဲသုံးစားပြုလုပ်မှု၊ လိင်ကတစ်ဆင့် ကူးစက်ရောဂါများနှင့် အရေးကြီးသော ပြည်သူ့ကျန်းမာရေး၊ လူမှုရေးပြဿနာများ၏ အစပိုင်း (သို့မဟုတ်) အထွတ်အထိပ်ကြားတွင် ဆက်စပ်မှုကို ဖြစ်စေသည်။ အစဉ်အလာ သမားရိုးကျချဉ်းကပ်မှု၏ နောက်ထပ်ရှုထောင့်မှာ ရိုးရိုးဖြေရှင်းရန်လိုအပ်သည့် မလွှဲမရှောင်သာသောပြဿနာများအဖြစ် ဆယ်ကျော်သက်များကို သရုပ်ဖော်ခြင်းအားဖြင့် ကျွမ်းကျင်ပညာရှင်များနှင့် လူမှုမီဒီယာများစွာက ၎င်းကို ကူညီပံ့ပိုးပေးခြင်းဖြစ်သည်။ ၎င်းပြဿနာကို ဗဟိုပြုသည့်ပုံစံ၏ တိကျသောသက်သေအထောက်အထားမှာ လူငယ်များနှင့် ဆက်ဆံသောပရော်ဖက်ရှင်နယ် နယ်ပယ်များတွင် ရှိနေသည်။

အပြုသဘောဆောင်သော လူငယ်ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ အယူအဆနှင့် အလေ့အကျင့်သည် လူငယ်များ၏ ဖွံ့ဖြိုးတိုးတက်မှုအလားအလာထက် ၎င်းတို့၏ချို့ယွင်းမှုများကို ၎င်းတို့၏ ဖွံ့ဖြိုးတိုးတက်မှုအလားအလာဆီ အာရုံစိုက်စေသည်။ လူငယ်များ၏ စစ်မှန်သောစွမ်းရည်ကို လျှော့တွက်ထားသည့် ထင်ရှားသောအမြင်ဖြင့် မကျေနပ်မှုများ ကြီးထွားလာခဲ့သည်။ သုတေသနတွေ့ရှိချက်များအရ PYD သည် "လူမှုရေးဆိုင်ရာ" သို့မဟုတ် "လူမှုရေးအသင်းဝင်မှု" ဟူသောခံစားချက်ကို ပံ့ပိုးပေးသည်။ အပြုသဘောဆောင်သော ပညာရေးရလဒ်များအတွက် ပညာရေးအခြေခံနှင့် ရပ်ရေးရွာရေး လှုပ်ရှားမှုများတွင် ပါဝင်သော စေ့ဆော်မှု၊ လူမှုရေးဆိုင်ရာ တာဝန်ယူမှုနှင့် အရပ်ဘက်ဆိုင်ရာ ထိတွေ့ဆက်ဆံမှုတို့ကို ဖွံ့ဖြိုးတိုးတက်စေမည့် စည်းရုံးလှုပ်ရှားမှုများတွင် ပါဝင်ဆောင်ရွက်ခြင်း၊ ကိုယ်တိုင်ဖွံ့ဖြိုးတိုးတက်ရေး စသည်တို့ကိုအထောက်အကူဖြစ်စေသည်။

**Ref: Positive Youth Development, Wikipedia**

## ကဗျာ

### နွေလကူး

ဥသြတွန်ကျူး
နွေလကူး၍
လေရူးဆော်သွေး
ပန်းစုံမွှေးလည်း
ချစ်တေးချိုချို သူမဆို။
ပဒ္မာနှင်းမြူး
နတ်စည်ကျူး၍
သုတ်ဖြူးဆော်သွေး
လျှပ်ချည်ပြေးလည်း
ချစ်တေးချိုချို သူမဆို။
ငွေနှင်းပက်ဖျန်း
မြူမှုန်လွှမ်း၍
မြိုင်တန်းမှုန်မှေး
နှင်းရည်ဖွေးလည်း
ချစ်တေးချိုချို သူမဆို။

**ငွေတာရီ**

ဆရာမ ငွေတာရီ၏ ငွေတာရီကဗျာပေါင်းချုပ်မှ ကဗျာကို စာရေးသူမိသားစု၏ ခွင့်ပြုချက်ဖြင့် ကူးယူဖော်ပြပါသည်။

❁ စာမျက်နှာ ၂၀ မှ

သင်သာ ကယ်တင်ခြင်းမပြုပါက ရန်သူ သေဆုံး၍ သင်နှင့် ရန်ပြေငြိမ်းအောင် ပြုနိုင်မည်မဟုတ်ပါ။ အလားတူပင် သင့်အဖို့ အရေးကြီးဆုံးပုဂ္ဂိုလ်မှာ ထိုအချိန်က ထိုသူပင်ဖြစ်သည်။ ထိုသူအတွက် ပြုစုပေးခြင်းသည် ထိုအချိန်က အရေးကြီးဆုံးအလုပ်ပင်ဖြစ်သည်။

"ထို့ကြောင့် လောကတွင် အရေးကြီးဆုံးအချိန်မှာ လက်ရှိအချိန်ပင်ဖြစ်သည်။ လောကတွင် အရေးကြီးဆုံးပုဂ္ဂိုလ်မှာ လက်ရှိအချိန်တွင် သင်နှင့် ဆက်ဆံနေသူသာဖြစ်သည်။ အရေးကြီးဆုံး ဆောင်ရွက်ရန်ကိစ္စမှာ လက်ရှိအချိန်၌ ကြုံတွေ့ရသော ထိုသူ၏ ကောင်းကျိုးကို ဆောင်ရွက်ပေးနိုင်မှုပင်ဖြစ်သည်" ဟူ၍ ဖြေကြားလိုက်လေသည်။

ဘုရင်လည်း နှစ်သက်ကျေနပ်မဆုံး ဖြစ်သွားသည်။

"အရှင်ရသေ့၊ အရှင်၏ဖြေဆိုချက်သည် မှန်ကန်ပါပေသည်။ တပည့်တော် ဉာဏ်အလင်းရပါပြီအရှင်" ဟူ၍ ဝမ်းမြောက်ဝမ်းသာ လျှောက်ထား၍ ထွက်ခွာသွားလေသတည်း။

(ရုရှားစာရေးဆရာကြီး တော်စတွိုင်း၏ 'Three Questions')

ဆရာကြီး မင်းယုဝေ၏ လက်ရွေးစင်ပုံပြင်ပေါင်းချုပ်စာအုပ် မှပုံပြင်ကို စာရေးသူမိသားစု၏ ခွင့်ပြုချက်ဖြင့် ကူးယူဖော်ပြပါသည်။



# ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၄၈၇ ဦး တွေ့ရှိ၊ ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ ၃ ဒသမ ၄၂ ရာခိုင်နှုန်းရှိ

## ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

(၁၃-၃-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံအတွင်း ကူးစက်ဖြစ်ပွားနေသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိရာ ရောဂါထိန်းချုပ်ရေးလုပ်ငန်းများ အောင်မြင်နိုင်ရေးအတွက် **ပြည်သူလူထုအနေဖြင့် ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးဆိုင်ရာ စည်းကမ်းများကို စနစ်တကျလိုက်နာဆောင်ရွက်ရန် လိုအပ်ပြီး ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံမှုခံယူခြင်းအား အထူးဂရုပြု ပူးပေါင်းဆောင်ရွက်ကြရန်** လိုအပ်ပါသည်။

ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစမ်းသပ်စစ်ဆေးခြင်းအား ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၁၂-၃-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၁၃-၃-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၁၄,၂၂၀) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၄၈၇) ဦး တွေ့ရှိရပါသည်။ ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ (၃.၄၂) ရာခိုင်နှုန်း ရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၇,၃၈၄,၅၁၇) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာစုစုပေါင်း (၆၀၅,၃၄၇) ဦးရှိပြီ ဖြစ်ပါသည်။

ယနေ့တွင် ဆေးရုံဆင်းခွင့်ရရှိသူ (၁,၁၆၄) ဦး ဖြစ်သဖြင့် ယနေ့အထိ စုစုပေါင်း (၅၅၇,၈၁၀) ဦး ဆေးရုံမှဆင်းခွင့်ရရှိပြီး ဖြစ်ပါသည်။ ယနေ့တွင် ကိုဗစ်-၁၉ရောဂါဖြင့် ထပ်မံသေဆုံးသူ (၃) ဦး ရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၄၀၉) ဦး ရှိပါသည်။

ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးအတွက် တိုင်းဒေသကြီး/ပြည်နယ်များတွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို ဦးတည်အုပ်စုများသတ်မှတ်၍ ထိုးနှံပေးလျက်ရှိရာ (၁၂-၃-၂၀၂၂) ရက်နေ့အထိ လူဦးရေစုစုပေါင်း (၂၄,၈၁၉,၆၄၀) ဦးအား ထိုးနှံပေးပြီးဖြစ်၍ ကာကွယ်ဆေးနှစ်ကြိမ်အပြည့် ထိုးနှံပြီးစီးသူ (၂၁,၄၂၇,၉၅၇)ဦးနှင့် ပထမအကြိမ်ထိုးနှံပြီးစီးသူ (၃,၃၉၁,၆၈၃) ဦးရှိပြီဖြစ်ပါသည်။ သို့ဖြစ်ပါ၍ (၁၂-၃-၂၀၂၂) ရက်နေ့အထိ မြန်မာနိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အကြိမ်ရေစုစုပေါင်း (၄၆,၂၄၇,၅၉၇) ကြိမ် ထိုးနှံပြီးဖြစ်ပါသည်။

- ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများကို ဘက်ပေါင်းစုံမှ အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်လျက်ရှိရာ ရောဂါဖြစ်ပွား/သေဆုံးမှုများအား မျက်ခြည်မပြတ် လေ့လာစောင့်ကြည့်လျက်ရှိပါသည်။
- နိုင်ငံတကာတွင် သုတေသနပြုလေ့လာချက်များအရလည်း ကာကွယ်ဆေးအကြိမ်ပြည့်ထိုးနှံမှု ခံယူထားခြင်းအားဖြင့် ရောဂါဝင်ရောက်ကူးစက်နိုင်မှုကို ၅ ဆအထက်၊ ရောဂါကြောင့် ဆေးရုံတက်ရောက်ရမှုကို ၁၀ ဆအထက်၊ ရောဂါကြောင့်သေဆုံးရမှုကို ၁၀ ဆအထက် လျှော့ချနိုင်သည်ကို တွေ့ရှိရပါသည်။
- **မြန်မာနိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးရမှုများကို လေ့လာသုံးသပ်ကြည့်ရာတွင် ကာကွယ်ဆေးအကြိမ်ပြည့် ထိုးနှံမှုခံယူထားခြင်းဖြင့် ရောဂါကြောင့်သေဆုံးရမှုကို ၇ ဆခန့်အထိ လျှော့ချနိုင်သည်ကို တွေ့ရှိရပါသည်။**
- သို့ဖြစ်ပါ၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရာတွင် ရေရှည်အတွက် အကောင်းဆုံးနည်းလမ်းမှာ ရည်မှန်းဦးတည်အုပ်စုများအားလုံး ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို အကြိမ်ပြည့် မပျက်မကွက် ထိုးနှံမှုခံယူထားခြင်းပင် ဖြစ်ပါသည်။
- ကျန်းမာရေးဝန်ကြီးဌာနသည် ကျေးလက်ဒေသနှင့် ဝေးလံခက်ခဲဒေသများတွင် နေထိုင်သည့် မိဘပြည်သူများအပါအဝင် မည်သူတစ်ဦးတစ်ယောက်မျှမကျန်ရစေဘဲ အသက် ၁၈ နှစ်နှင့်အထက် မိဘပြည်သူများနှင့် အသက် ၁၂ နှစ်မှ အသက် ၁၈ နှစ်အထိ အခြေခံပညာကျောင်းသားကျောင်းသူများအပါအဝင် ဦးတည်အုပ်စုအားလုံးကို ရာနှုန်းပြည့် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးအကြိမ်ပြည့် ထိုးနှံပေးနိုင်ရေးကို အရှိန်အဟုန်မြှင့်တင် အလေးထားဆောင်ရွက်လျက်ရှိပါ၍

## ဓာတ်ခွဲခန်းများနှင့် တိုင်းဒေသကြီး/ ပြည်နယ်များတွင် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ

(၁၃-၃-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ

| ဓာတ်ခွဲဌာနအမည် | စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | ပိုးတွေ့ လူနာသစ် |
|---|---|---|
| ကျန်းမာရေးဝန်ကြီးဌာန၊ ဓာတ်ခွဲခန်းများ | (၉၉) ခု | (၃) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင်GeneXpert စက်များဖြင့် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ | (၅၅) ခု | (၁၀) ဦး |
| ရန်ကုန်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၂၉၂) ခု | (၂၀) ဦး |
| နေပြည်တော်၊ အမှတ် (၂) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၁၇၇) ခု | (၁၀) ဦး |
| ပုဂ္ဂလိကဆေးရုံနှင့် ဓာတ်ခွဲခန်းများ | (၁,၆၁၄) ခု | (၆၅) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်များရှိ ဆေးရုံများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၁,၆၂၀) ခု | (၁၂၁) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၁၀,၃၆၃) ခု | (၂၅၈) ဦး |
| စုစုပေါင်း | (၁၄,၂၂၀) ခု | (၄၈၇) ဦး |

## ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံနိုင်မှုအခြေအနေ

(၁၂-၃-၂၀၂၂)ရက်နေ့

| ကာကွယ်ဆေးထိုးနှံမှု | အရေအတွက် |
|---|---|
| ပထမအကြိမ်ထိုးနှံပြီး လူဦးရေ | (၃,၃၉၁,၆၈၃) ဦး |
| ကာကွယ်ဆေး (၂)ကြိမ်အပြည့် ထိုးနှံပြီး လူဦးရေ | (၂၁,၄၂၇,၉၅၇) ဦး |
| ပထမအကြိမ်ထိုးနှံပြီး လူဦးရေနှင့် (၂)ကြိမ်အပြည့် ထိုးနှံပြီး လူဦးရေစုစုပေါင်း | (၂၄,၈၁၉,၆၄၀) ဦး |
| စုစုပေါင်း ထိုးနှံပြီးသော ကာကွယ်ဆေး အကြိမ်ပေါင်း (Vaccine Doses) | (၄၆,၂၄၇,၅၉၇) ကြိမ် |

ကာကွယ်ဆေးမထိုးနှံရသေးသော မိဘပြည်သူများအနေဖြင့် နီးစပ်ရာကျန်းမာရေးဌာနများ၊ ကျေးရွာ/ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးများနှင့်ဆက်သွယ်ပြီး ဦးတည်အုပ်စုအားလုံး ရာနှုန်းပြည့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံပြီးစီးရေးကို အလေးထား၍ တက်ကြွစွာ ပူးပေါင်းပါဝင်ကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

- ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ တရားဝင်အင်တာနက်စာမျက်နှာ www.moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

## ကမ္ဘာ့နိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ ကူးစက်/သေဆုံးမှု အများဆုံး ၁၀ နိုင်ငံ

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၈၁၁၆၉၅၃၄ | ၅၅၉၁၅၁၃၈ | ၉၉၃၆၉၃ |
| ၂။ | အိန္ဒိယ | ၄၂၉၉၀၉၉၁ | ၄၂၄၃၇၀၇၂ | ၅၁၅၈၅၀ |
| ၃။ | ဘရာဇီး | ၂၉၃၅၀၃၇၉ | ၂၇၆၇၁၅၉၃ | ၆၅၄၉၉၃ |
| ၄။ | ပြင်သစ် | ၂၃၄၅၃၇၂၂ | ၂၂၁၄၆၇၄၉ | ၁၄၀၀၈၀ |
| ၅။ | ဗြိတိန် | ၁၉၅၃၀၄၈၅ | ၁၈၂၂၉၃၁၇ | ၁၆၂၇၃၈ |
| ၆။ | ရုရှား | ၁၇၃၃၅၁၈၆ | ၁၅၄၈၀၄၀၇ | ၃၆၀၈၁၁ |
| ၇။ | ဂျာမနီ | ၁၇၀၂၇၂၁၅ | ၁၃၃၄၉၉၀၀ | ၁၂၆၀၇၇ |
| ၈။ | တူရကီ | ၁၄၅၃၄၂၃၉ | ၁၄၁၀၈၅၁၂ | ၉၆၃၄၉ |
| ၉။ | အီတလီ | ၁၃၃၂၃၁၂၈ | ၁၂၁၈၀၇၂၄ | ၁၅၆၇၈၂ |
| ၁၀။ | စပိန် | ၁၁၂၂၃၉၇၄ | ၁၀၂၉၄၃၉၄ | ၁၀၁၁၃၅ |

## အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | ဗီယက်နမ် | ၅၉၀၃၁၄၇ | ၃၀၆၈၀၃၃ | ၄၁၂၉၀ |
| ၂။ | အင်ဒိုနီးရှား | ၅၈၉၀၄၉၅ | ၅၃၉၅၄၃၃ | ၁၅၂၁၆၆ |
| ၃။ | မလေးရှား | ၃၈၀၁၀၃၆ | ၃၄၄၃၅၃၂ | ၃၃၇၂၀ |
| ၄။ | ဖိလစ်ပိုင် | ၃၆၇၀၇၃၉ | ၃၅၆၆၅၉၂ | ၅၇၆၁၀ |
| ၅။ | ထိုင်း | ၃၁၈၄၈၂၅ | ၂၉၃၃၇၈၀ | ၂၃၇၁၂ |
| ၆။ | စင်ကာပူ | ၉၂၉၇၃၅ | ၈၇၅၉၃၁ | ၁၁၃၉ |
| ၇။ | မြန်မာ | ၆၀၅၃၄၇ | ၅၅၇၈၁၀ | ၁၉၄၀၉ |
| ၈။ | လာအို | ၁၄၆၃၂၈ | ၁၄၃၁၈၇ | ၆၄၁ |
| ၉။ | ကမ္ဘောဒီးယား | ၁၃၄၀၆၈ | ၁၂၈၉၆၈ | ၃၀၄၇ |
| ၁၀။ | ဘရူနိုင်း | ၁၁၂၀၉၃ | ၇၈၃၄၁ | ၁၆၆ |

# လျှပ်စစ်ကြောင့် မီးလောင်ခြင်းမှ သတိပြုကာကွယ်



အရင်က တစ်ယောက်နှင့်တစ်ယောက် တယ်လီဖုန်းဆက်လျှင် "နေကောင်းရဲ့လား"၊ "စားပြီးပြီလား" စသည်ဖြင့် မေးလေ့၊ နှုတ်ခွန်းဆက်လေ့ရှိပါသည်။

သို့သော်လည်း ၂၀၂၂ ခုနှစ် ဖေဖော်ဝါရီလ ဒုတိယပတ်လောက်ကစပြီး ဖုန်းဆက်ရာ၌ အများဆုံးကြားရသည်က "မင်းတို့ဘက်မှာ မီးလာသလား"၊ "တို့ဘက်မှာမီးပျက်နေတယ်" စသည့် စကားကြားရသည်က များပါသည်။

စာရေးသူနေသည့် ရပ်ကွက်လည်း ခုတစ်လော မီးပျက်၊ သားတို့ ရပ်ကွက်လည်း မီးပျက်၊ အစ်မတို့၊ ညီမတို့ဘက်ကတော့ မီးမလာ။

ဟော မြို့ထဲရောက်ပြန်တော့ မီးစက်သံညံ၊ မြို့သစ်များတွင်လည်း လျှပ်စစ်မီးကမဟန်၊ မီးမလာခြင်း၊ မီးစက်သံညံခြင်းများ နိစ္စဓူဝတွေ့ရ၊ ကြားရတော့စာရေးသူမှာ လျှပ်စစ်ကြောင့်မီးလောင်မှုများ ဖြစ်ပွားမည်ကို စိုးရိမ်မိပါသည်။

**မီးဘေးနှင့် သဘာဝဘေးအန္တရာယ်များ**

စိုးရိမ်စိတ်များဖြစ်ပေါ်နေခိုက် မတ်လ ၃ ရက်နေ့ထုတ် ကြေးမုံသတင်းစာ စာမျက်နှာ(၁၁) တွင် ပါရှိသော "မီးဘေးနှင့် သဘာဝဘေးအန္တရာယ်များကို အချိန်နှင့်တစ်ပြေးညီ တုံ့ပြန်ဆောင်ရွက်နိုင်ရန်" ခေါင်းစဉ်ပါသတင်းတစ်ပုဒ် ဖတ်မိပြန်ပါသည်။

သတင်းဖော်ပြချက်အရ "၂၀၂၂ ခုနှစ် ဇန်နဝါရီလတွင် နိုင်ငံတစ်ဝန်း မီးလောင်မှုအကြိမ် ၁၅၀ ဖြစ်ပွားခဲ့ပြီး ငွေကျပ်သိန်းပေါင်း ၄၀၀၀ကျော်၊ ဖေဖော်ဝါရီလတွင် မီးလောင်မှု ၂၅၄ ကြိမ် ဖြစ်ပွား၍ ငွေကျပ်သိန်းပေါင်း ၉၀၀၀ ကျော်ဖြင့် ထိုနှစ်လအတွင်း မီးလောင်မှုကြောင့် ငွေကျပ်သန်း ၁၄၂၀ ခန့် ဆုံးရှုံးခဲ့ကြောင်း၊ နှစ်စဉ် မီးလောင်မှုအကြိမ် ၂၀၀၀ ကျော် ဖြစ်လေ့ရှိသောကြောင့် ဖွံ့ဖြိုးဆဲနိုင်ငံတွင် နှစ်စဉ်ဘီလီယံနှင့်ချီပြီး ဆုံးရှုံးနေကြောင်း" ဖတ်ရှုရပါသည်။

လူတစ်ယောက်၏ ပေါ့ဆမှု၊ တာဝန်ရှိသူအချို့၏ ပေါ့ဆမှုကြောင့် မီးလောင်မှုများဖြစ်ပွားခဲ့ရာ "လျှပ်စစ်ကြောင့် လောင်သောမီး" က ဘယ်လောက်များရှိပါလိမ့်ဟု တွေးဆမိပါသည်။

"လူခိုးတော့အစုတ်ကျန် မီးခိုးတော့အပြုတ်နံ့"ဟူသော မီးသတိပေးဆောင်ပုဒ်အတိုင်း သူခိုး၊ ဓားပြတို့ ခိုးယူလုယက်ခြင်းကြောင့် ရွှေ၊ ငွေ၊ လက်ဝတ်ရတနာများ ဆုံးရှုံးကြသော်လည်း လျှို့ဝှက်သိမ်းဆည်းထားသည့် အတွင်းပစ္စည်းများ၊ အဝတ်အစားများ၊ ပရိဘောဂများ၊ မော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ်များ၊ မရွှေ့မပြောင်းနိုင်သော နေအိမ်တိုက်တာ၊ အဆောက်အအုံများ ကျန်ရှိနေမည် ဖြစ်ပါသည်။

သို့ရာတွင် မီးလောင်မှုဖြစ်ပွားလျှင်မူ ရွှေ၊ ငွေ၊ ရတနာ အတွင်းပစ္စည်းတို့ကိုသာမက အိမ်တွင် မွေးမြူထားသော ကြက်၊ ဘဲ၊ ကျွဲ၊ နွား စသော တိရစ္ဆာန်များနှင့် နေအိမ်အဆောက်အအုံတို့ကိုပါ မီးက ဝါးမြိုဖျက်ဆီးလောင်ကျွမ်းစေမည် ဖြစ်သည်။

မီးလောင်ချိန်ကြာမြင့်သည်နှင့်အမျှ အိမ်ပေါင်းများစွာမီးလောင်ဆုံးရှုံးခဲ့ကြရသလို တစ်ခါတစ်ရံ လူများကို ထိခိုက်ဒဏ်ရာရစေပြီး အသက်သေဆုံးကြရသည်အထိ ဖြစ်ခဲ့ဖူးပေသည်။

**❛ ယခုလိုနွေရာသီ၌ ရာသီဥတုပူပြင်းမှုကြောင့် မိုးရာသီ၊ ဆောင်းရာသီတို့ထက် လျှပ်စစ်ဓာတ်အား ပိုမိုသုံးစွဲကြခြင်းကြောင့် "ဝန်အား"မနိုင်၍ လျှပ်စစ်ဓာတ်အားပြတ်တောက်ခြင်း၊ လျှပ်စစ်ဓာတ်အားထုတ်လုပ်နိုင်မှုထက် သုံးစွဲမှုကများနေ၍ လျှပ်စစ်ဓာတ်အားမလုံလောက်မှုကြောင့် အလှည့်ကျဓာတ်အားဖြတ်တောက်ရခြင်း၊ အကြောင်းကြောင်းကြောင့် ရုတ်တရက်မီးပျက်ခြင်း၊ ဓာတ်အားလိုင်း/ ထရန်စဖော်မာ/ ဓာတ်အားပေးစက်တို့ ချို့ယွင်း၍ ဓာတ်အားပိတ်ပြုပြင်ခြင်းတို့ကြောင့် မီးပျက်ချိန်များတွင် လျှပ်စစ်မီးဖို၊ လျှပ်စစ်ဓာတ်အားသုံးပစ္စည်း၊ လျှပ်စစ်မီးပူတို့ကို သုံးစွဲနေရာမှ သတိမထားမိကြဘဲ ခလုတ်မပိတ်မိရာမှ လျှပ်စစ်ဓာတ်အားပြန်လည်ရရှိချိန်တွင် အဆိုပါပစ္စည်းများ အပူလွန်ကဲ၍ မီးလောင်ခြင်းမျိုးဖြစ်တတ် ❜**

သို့ဖြစ်ပါ၍ "သူခိုး၊ ဓားပြထက်ဆိုးတဲ့ရန်သူမီး"ကို ကြိုတင်ကာကွယ်ကြရန်အတွက် မြန်မာပြည်သူပြည်သားအားလုံးတွင် တာဝန်ရှိကြောင်း တပ်လှန့်နှိုးဆော်ချင်ပါသည်။

မီးလောင်မှုများဖြစ်သည့် ပေါ့ဆမီး၊ ရာသီဥတုပူပြင်း၍ အလိုအလျောက်လောင်သောမီး၊ ပေါက်ကွဲစေတတ်သော ဓာတုပစ္စည်းများကြောင့် လောင်သောမီး၊ရှို့မီး၊လျှပ်စစ်ကြောင့်လောင်သောမီး၊ မီးကြွင်းမီးကျန်မှလောင်သောမီး၊ ဘယ်မီးမဆို သတိထားကြရန်၊ ကြိုတင်ကာကွယ်ကြရန်၊ သတိရှိကြရန် လိုအပ်ပါသည်။

လျှပ်စစ်ဓာတ်အားကြောင့် မီးလောင်ရသည်က လျှပ်စစ်ဓာတ်အားသုံးစွဲသူတို့၏ပေါ့ဆမှု၊ ဝိုင်ယာကြိုးအပါအဝင် လျှပ်စစ်ဓာတ်အားသုံးပစ္စည်းများ အရည်အသွေးမပြည့်မီမှု၊ လျှပ်စစ်ဓာတ်အားသုံးပစ္စည်းများချို့ယွင်းသည်ကို မပြုပြင်ဘဲ သုံးစွဲမှု၊ ဝန်အားပိုမိုသုံးစွဲမှုတို့ကြောင့်ဖြစ်သည်။

**အပူလွန်ကဲ၍ မီးလောင်ခြင်းမျိုး**

အထူးသဖြင့် ယခုလိုနွေရာသီ၌ ရာသီဥတုပူပြင်းမှုကြောင့် မိုးရာသီ၊ ဆောင်းရာသီတို့ထက် လျှပ်စစ်ဓာတ်အား ပိုမိုသုံးစွဲကြခြင်းကြောင့် "ဝန်အား"မနိုင်၍ လျှပ်စစ်ဓာတ်အားပြတ်တောက်ခြင်း၊ လျှပ်စစ်ဓာတ်အားထုတ်လုပ်နိုင်မှုထက် သုံးစွဲမှုကများနေ၍ လျှပ်စစ်ဓာတ်အားမလုံလောက်မှုကြောင့် အလှည့်ကျဓာတ်အားဖြတ်တောက်ရခြင်း၊ အကြောင်းကြောင်းကြောင့် ရုတ်တရက်မီးပျက်ခြင်း၊ ဓာတ်အားလိုင်း/ ထရန်စဖော်မာ/ ဓာတ်အားပေးစက်တို့ ချို့ယွင်း၍ ဓာတ်အားပိတ်ပြုပြင်ခြင်းတို့ကြောင့် မီးပျက်ချိန်များတွင် လျှပ်စစ်မီးဖို၊ လျှပ်စစ်ဓာတ်အားသုံးပစ္စည်း၊ လျှပ်စစ်မီးပူတို့ကို သုံးစွဲနေရာမှ သတိမထားမိကြဘဲ ခလုတ်မပိတ်မိရာမှ လျှပ်စစ်ဓာတ်အားပြန်လည်ရရှိချိန်တွင် အဆိုပါပစ္စည်းများ အပူလွန်ကဲ၍ မီးလောင်ခြင်းမျိုးဖြစ်တတ်ပါသည်။ ဖြစ်လည်းဖြစ်ခဲ့ပေါင်း များလှပါပြီ။

ထိုသို့သောဖြစ်ရပ်များကြောင့် "ဘာကြောင့် မီးပျက်ပျက်" မိမိတို့အိမ်ရှိ လျှပ်စစ်ဓာတ်အားသုံးပစ္စည်းများကို ခလုတ်ပိတ်ပြီး၊ မပြီး စစ်ဆေးဖို့လိုပါသည်။

**ကိုမောင်(လျှပ်စစ်)**

အလားတူပင် တစ်ခါတစ်ရံ လျှပ်စစ်မီးဖိုဖြင့် ချက်ပြုတ်နေရာမှ မိသားစုအားလုံး ကျောင်းသွား၊ ဈေးသွား၊ ရုံးသွားရာ၌ လျှပ်စစ်မီးဖိုကို သူပိတ်သလို၊ ကိုယ်ပိတ်သလိုဖြစ်ပြီး မပိတ်မိဘဲ အပြင်ထွက်ကြရာမှ မီးဖိုအပူလွန်ကဲကာ မီးလောင်မှုဖြစ်ရခြင်း၊ လျှပ်စစ်မီးဖို၊ လျှပ်စစ်မီးပူ၊ ရေမော်တာ များ အသုံးပြုနေခိုက် ရုတ်တရက်လျှပ်စစ်မီးပျက်သွားချိန်တွင် မီးဖို၊ မီးပူ၊ မော်တာခလုတ်များကို မပိတ်မိဘဲ တံခါးပိတ်၍ အပြင်သွားကြခြင်း၊ ညဘက်မီးပျက်ရာတွင် မိုးချုပ်သည့်တိုင် လျှပ်စစ်မီးမလာ၍ မေ့မေ့လျော့လျော့ အိပ်ကြရာမှ လျှပ်စစ်ဓာတ်အား ပြန်လည်ရရှိချိန် (လျှပ်စစ်မီးပြန်လာချိန်)တွင် မီးဖို၊ မီးပူတို့ အပူရှိန်တဖြည်းဖြည်းမြင့်တက်လာပြီး မီးလောင်တတ်ပါသည်။ ရေမော်တာမပိတ်မိပါကလည်း လျှပ်စစ်ဓာတ်အားပြန်ရချိန်တွင် ရေမရှိပါက မော်တာလည်ရာမှ အပူလွန်ကဲကာ မီးလောင်နိုင်ပါသည်။

**လျှပ်စစ်မီးသုံးလျှင် သတိရှိသင့်**

ထိုသို့သောဖြစ်ရပ်များကြောင့် လျှပ်စစ်မီးသုံးလျှင် သတိရှိသင့်ပါသည်။ သတိရှိရပါမည်။ ခလုတ်တစ်ချက် မပိတ်မိ၍ ဒုက္ခရောက်ကြရသည့် ဖြစ်ရပ်များကြောင့် ခလုတ်ပေါင်းများစွာရှိသော အဆောက်အအုံများတွင် တစ်အိမ်လုံးတံခါးပိတ်၍ အပြင်ထွက်ကြပါက ခလုတ်ပေါင်းများစွာကို ထိန်းချုပ်ထားသည့် "မိန်းခလုတ်" ကို ပိတ်ဖို့လိုအပ်ပါသည်။

မိန်းခလုတ်ပိတ်၍ ဘေးဒုက္ခမရောက်ပါ။ တံခါးပိတ်၍သွားတိုင်း လျှပ်စစ်မိန်းခလုတ်ပိတ်သည့် အကျင့်ကို မွေးမြူကြစေလိုပါသည်။

အချုပ်ဆိုရသော် နှစ်ပေါင်းများစွာ အပတ်တကုတ်ကြိုးကြိုးစားစား ရှာဖွေစုဆောင်းထားရသော စည်းစိမ်ဥစ္စာများ တည်တံ့ခိုင်မြဲရေးအတွက် အပြင်ထွက်တိုင်း မမေ့မလျော့ မပေါ့မဆသော သတိတရားဖြင့် လျှပ်စစ်မိန်းခလုတ် ပိတ်ကြပါ။ ရုတ်တရက်မီးပျက်သွားပါက လျှပ်စစ်မီးဖို၊ မီးပူ၊ ရေမော်တာ၊ ပန်ကာ၊ လေအေးပေးစက် အစရှိသည့် လျှပ်စစ်ဓာတ်အား အများအပြားသုံးသည့် လျှပ်စစ်ပစ္စည်းများ၏ ခလုတ်များကို ပိတ်ကြပါ။ လျှပ်စစ်ဓာတ်အားသုံးခလုတ်များပိတ်ပြီး၊ မပြီးစစ်ဆေးကြပါ။ မီးပြန်လာမှ ခလုတ်များ ပြန်ဖွင့်ကြပါဟု တိုက်တွန်းအသိပေးနှိုးဆော်ရင်း-

- သင်တစ်ယောက် ပေါ့လျော့မှုကြောင့် သင့်ပတ်ဝန်းကျင်ဒုက္ခမရောက်ပါစေနှင့်၊
- ပေါ့ဆမီးကြောင့် သောကမီးများ မကြီးထွားကြပါစေနှင့်၊
- သင့်ကြောင့် မီးမလောင်ပါစေနှင့်၊ လျှပ်စစ်ကြောင့် မီးမလောင်ပါစေနှင့်ဟု

အလေးထား၍ ရေးသားသတိပေးလိုက်ရပါသည်။ ။

■

## စမ်းချောင်းမြို့နယ် သီရိရွှေဆောင် ရောင်းဝယ်ရေး သမဝါယမအသင်းလီမိတက်က ဘက်စုံသုံးဆပ်ပြာဆီမွှေးများ ထုတ်လုပ်ဖြန့်ဖြူး




**စမ်းချောင်း မတ် ၁၃**

ရန်ကုန်တိုင်းဒေသကြီး စမ်းချောင်းမြို့နယ်ရှိ သီရိရွှေဆောင်ရောင်းဝယ်ရေး သမဝါယမအသင်းလီမိတက်က ဘက်စုံသုံးဆပ်ပြာဆီမွှေး တစ်လီတာဘူးနှင့် ၅၀၀ ဂရမ်ဘူးများကို လစဉ် နှစ်ကြိမ်ထုတ်လုပ်ကာ တစ်နှစ်လျှင် ဘက်စုံသုံး ဆပ်ပြာဆီမွှေးဘူး ၉၀၀၀ မှ ၁၀၀၀၀ အထိ ထုတ်လုပ်လျက်ရှိသည်။ ထွက်ရှိလာသော ဆပ်ပြာဘူးများကို စမ်းချောင်းမြို့နယ်အတွင်းနှင့် ပန်းဘဲတန်းမြို့နယ်ရှိ မိုးဦးပန်းအထွေထွေရောင်းဝယ်ရေးနှင့် အကျိုးဆောင်လုပ်ငန်း သမဝါယမအသင်း ဒေသထွက်ကုန်အရောင်းဆိုင်များသို့ ဖြန့်ဖြူးရောင်းချလျက်ရှိသည်။

အဆိုပါအသင်းမှ ဘက်စုံသုံးဆပ်ပြာဘူးများ ထုတ်လုပ်သည့်အပြင် အငှားဝယ်စနစ်ဖြင့် ငွေထုတ်ချေးခြင်းလုပ်ငန်းကိုပါ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# ဝါးခယ်မမြို့နယ် ကျုံမငေးမြို့၌ (၉၃)ကြိမ်မြောက် အတုလဗုဒ္ဓမဟာစွယ်တော်မြတ် ဗုဒ္ဓပူဇနီယပွဲတော်ဖွင့်ပွဲ ကျင်းပ



နေပြည်တော် မတ် ၁၃

ဧရာဝတီတိုင်းဒေသကြီး ဝါးခယ်မမြို့နယ် ကျုံမငေးမြို့၌ (၉၃) ကြိမ်မြောက် အတုလဗုဒ္ဓမဟာစွယ်တော်မြတ် ဗုဒ္ဓပူဇနီယပွဲတော်ဖွင့်ပွဲကို ယနေ့ မွန်းလွဲပိုင်းတွင် ကျင်းပရာ ကျုံမငေးမြို့ မြတ်စွယ်တော်ဈေးကျောင်း ပရိယတ္တိစာသင်တိုက်နှင့် မြတ်စွယ်တော် စက္ကူဒါနဖောင်ဒေးရှင်း၏ ဦးစီးပဓာနနာယက ဩဝါဒါစရိယ သာသနဓဇဓမ္မာစရိယဂန္ထဝါစကပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တပညာဇောတ အမှူးပြုသော သံဃာတော်များ ကြွရောက်တော်မူကြပြီး အနောက်တောင်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အောင်အောင်နှင့် တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးနှင့် တက်ရောက်လာကြသူများက မြတ်စွယ်တော်ဈေးကျောင်း ဆရာတော်ထံမှ ငါးပါးသီလခံယူဆောက်တည်ကြသည်။ ထို့နောက် မြတ်စွယ်တော် ဈေးကျောင်းဆရာတော်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက ဗုဒ္ဓပူဇနီယပွဲတော်အား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

**ပင့်ဆောင်ပူဇော်**

ယင်းနောက် သံဃာတော်များ၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက အတုလဗုဒ္ဓစွယ်တော်မြတ်နှင့် ဗုဒ္ဓရုပ်ပွားတော်များအား ဂန္ဓကုဋိတိုက်တော်မှ ရွှေကျောင်းတော်သို့ ကိန်းဝပ်အပူဇော်ခံရန်အတွက် ပင့်ဆောင်ပူဇော်ခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

---

# တပ်မတော်နည်းပညာတက္ကသိုလ် ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၂၅)မှ ဗိုလ်လောင်းများ ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးနှင့် သူရဲကောင်းဗိမာန် (နေပြည်တော်)တို့အား သွားရောက်ကြည့်ရှုလေ့လာ

နေပြည်တော် မတ် ၁၃

တပ်မတော်နည်းပညာတက္ကသိုလ် ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၂၅)မှ ဗိုလ်လောင်းများသည် နေပြည်တော်ကောင်စီနယ်မြေရှိ ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးနှင့် သူရဲကောင်းဗိမာန် (နေပြည်တော်)တို့သို့ ယနေ့တွင် သွားရောက်လေ့လာကြသည်။

ဦးစွာ လေ့လာရေးအဖွဲ့သည် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးသို့ ရောက်ရှိကြပြီး စေတီတော်အတွင်းရှိ ဗုဒ္ဓရုပ်ပွားတော်များအား ပန်း၊ ရေချမ်း၊ ဆီမီးများ ဆက်ကပ်ပူဇော်ကြပြီး စေတီတော်မြတ်ကြီးအား လက်ယာရစ်လှည့်လည်ဖူးမြော်ကြည်ညိုကြသည်။

ထို့နောက် လေ့လာရေးအဖွဲ့သည် သူရဲကောင်းဗိမာန်(နေပြည်တော်)သို့ ရောက်ရှိကြပြီး ကျဆုံးလေပြီးသော တပ်မတော်သားများအား ဂါရဝပြုအလေးပြုကြပြီး ဗိမာန်အတွင်းလှည့်လည်ကြည့်ရှုလေ့လာခဲ့ကြကာ အမှတ်တရစုပေါင်း ဓာတ်ပုံများ ရိုက်ကူးခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



---

ဆရာကြီး ကာတွန်းမောင်စိန်၏ ကာတွန်းလက်ရာများကို မူရင်းအတိုင်း ဖော်ပြပါသည်။

စာတည်း



---

# ကိုဗစ်- ၁၉ ရောဂါအား ကာကွယ်၊ ထိန်းချုပ်၊ ကုသရာတွင် အသုံးများသည့် ဆေးဝါးများ၏ ပေါက်ဈေးများ

(၁၃-၃-၂၀၂၂)ညနေ ၆ နာရီအချိန်ထိဈေးနှုန်း

| No | Product Name | Pack Size | Price in Kyats (Retail) | Company Name |
|---|---|---|---|---|
| Antibiotics | | | | |
| 1 | P.O.Cefixime | Box of 3x10's | 3600 | Aorta |
| 2 | P.O Amoxicillin+ Clavulanic Acid | Box of 1x6's | 1800 | Aorta |
| 3 | Injection – Levofloxacin 500 mg | 1x1 | 3000 | Yadanar |
| 4 | Injection – Ceftriazone 1G | 1's | 700 | KCL |
| 5 | Injection – Cefoperazone and Sulbactam 1G | Vial | 4900 | Ready Medicine |
| 6 | Injection – Cefoperazone and Sulbactam 2G | Vial | 9300 | Ready Medicine |
| 7 | Injection – Meropenam | 1g/Vial | 10000 | AA Medical |
| Anti–inflammatory | | | | |
| 8 | P.O Dexamethasone | Box of 10x10's | 1450 | JDS |
| 9 | P.O Prednisolone | Box of 10x10 | 2000 | Aorta |
| 10 | Injection– Dexamethasone | Vial | 160 | Aorta |

အခြားဆေးဝါးများ၏ ဈေးနှုန်းများကို Website (www.mccpmd.org)နှင့် Facebook Page https://www.facebook.com/32330252139 2189/posts/1720802588308835/?d=n တို့တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

---

**သက်ရှည်ကျန်းမာဖို့ စားသုံးဆီကို တတ်နိုင်သမျှ လျှော့စားစို့**

ကြေးမုံသတင်းစာ စာဖတ်ပရိသတ်များ စာပေရသစုံ ခံစားဖတ်ရှုနိုင်ရန်အတွက် အခန်းဆက်ဝတ္ထုရှည်ကဏ္ဍကို ဖော်ပြပေးလျက်ရှိရာ စာရေးဆရာ မောင်သိန်းဆိုင်၏ ရေနံ့သာခင်ခင်ကြီး အခန်းဆက်ဝတ္ထုရှည်ကို အပတ်စဉ် တနင်္လာနေ့မှ သောကြာနေ့အထိ ဖော်ပြပေးသွားမည် ဖြစ်ပါသည်။

**၁၁-၃-၂၀၂၂ ရက်နေ့မှအဆက်**




"ဟိုခေတ် ဟိုအခါက အမေထွေးရဲ့ ကိန္နရီကဟန်ကို ယခုခေတ် အငြိမ့်သဘင်ပညာသည်များထဲက မိတွေ့သူမရှိဘူးဆိုကိုး။ ဒီအထဲမှာ နန်းကိန္နရီဟာဖြင့် အနီးစပ်ဆုံး လိုက်မီသူရယ်လို့ ပညာသည်များက တညီတညွတ်တည်း မှတ်ချက်ချထားကြသဗျ။ ကြည့်လေဗျာ။ အခု ကသွားပုံကလေး"

"ဟုတ်ကဲ့။ ကျွန်တော်တို့ ကိုယ်တိုင် အမေထွေးကို မသိမမီလိုက်ပေမဲ့ တစ်ဆင့်စကား တစ်ဆင့်နားဆိုသလို ကြားရသလောက်မှာဖြင့် နန်းကိန္နရီဟာ အမေထွေးကို မမီတဲ့တိုင် အမေထွေးရဲ့ ခြေရာကိုတော့ နင်းနိုင်တယ်ဆိုမဟုတ်လား ကိုသော်တာ"

" ဒါကြောင့်လည်း နန်းကိန္နရီရယ်လို့ ဝေးနီးနှံ့စပ် ကျော်ကြားပေတာပဲပေါ့ဗျာ"

"နန်းကိန္နရီ ကတာကြည့်ပြီး သဘောကျလွန်းတာနဲ့ မနေ့ညက ကျွန်တော့် အိမ်ကမိန်းမကို အကခိုင်းသဗျ"

"ဟုတ်လား။ ကြည့်စမ်း။ ကိုငှက်ရိုးတို့များ ကိုယ့်မိန်းမပညာကို ကိုယ်တစ်ယောက်တည်းအတွက် လျှို့ထားသကိုးဗျ။ ခင်ဗျားမိန်းမရဲ့ အကဟာ နန်းကိန္နရီရဲ့အကထက် မသာရင်သာရှိရမယ် ညံ့မယ်တော့ မထင်ဘူး"

"စကားကို ဆုံးအောင်နားထောင်ဦးမှပေါ့ ကိုသော်တာရဲ့။ အကလည်း ခိုင်းမိရော ထပြီးဖနောင့်နဲ့ ပေါက်မိတော့ တာပဲဗျို့"

"ဟင်-ဟုတ်လား ဘာကြောင့်ပါလိမ့်ဗျာ"

"ဟာ အိမ်က မိန်းမတို့ အသုံးမကျပုံများ မပြောချင်ဘူး။ ကိန္နရီက ကပါဆိုမှ လေဖြတ်ပြီး အကြောဆွဲပြနေတာနဲ့ "

ရယ်သံများ ပေါ်ထွက်လာသည်။

"အတော်ဆိုးတဲ့လူပဲ ကိုယ့်မိန်းမကို နှိမ်လှချည်လားဗျ။ ဩော် ဒါထက် ကိုငှက်ရိုးရေ"

"ဟုတ်ကဲ့ ကိုသော်တာ"

"အင်း၊ လူမှာအမျိုး ကြက်မှာအရိုး ဝါသနာဘာဂီ ဆက်တိုင်းမီလို့ ဆိုရိုးစကားရှိပေမဲ့ နန်းကိန္နရီကျတော့ သဘင်မျိုးရိုးမဟုတ်တဲ့ တိုင်အောင် တောက်မယ့်မီးခဲ အလျှံနဲ့ ရဲရဲဆိုတာလို ပင်ကိုဗီဇက ထူးချွန်တာမို့ အသံကလည်းကောင်း၊ ရုပ်ကလည်းချော၊ အကကလည်း ညက်ညောနဲ့ တယ်ကံထူးတဲ့ ကလေးမကိုးဗျ"

"ဟုတ်ပ့ါ ကိုသော်တာရေ၊ နန်းကိန္နရီဟာ မျိုးရိုးမရှိပေမဲ့ ဗီဇကိုက ထူးချွန်တယ် ဆိုလို့ ကျုပ်တို့မျိုးရိုးထဲမလည်း ထူးချွန်တဲ့ သူတွေရှိနေတာ အမှတ်ရမိသဗျာ"

"ဘယ်လို ထူးချွန်တာမျိုးလဲ ကိုငှက်ရိုးရ၊ လင်းစမ်းပါဦး"

"ဩော်၊ ကျုပ်တို့မျိုးရိုးထဲမလဲ ဗီဇကိုက ထူးချွန်တဲ့ လူတွေရှိသဗျ။ ကြည့်လေ ကျုပ် ဘကြီးဆိုရင် အရက်သမား၊ ကျုပ်ဦးလေးဆိုရင် ဘိန်းစား၊ ကျုပ်ဆိုရင် ဖဲသမား"

ရယ်သံများ ပေါ်လာသည်။

"ဒါပေမဲ့ ကျုပ်သားကလေးကျတော့ တစ်မျိုးဗျ"

"အင်း အင်း ဆိုစမ်းပါဦး။ သူ့ကျတော့ အမှန် ထူးချွန်မယ်ထင်တယ်"

"ထူးချွန်ပြီလားဗျ။ သူကျတော့ လမ်းသရဲလေ"

ရယ်ကြပြန်သည်။

"အမယ် ကျုပ်ရဲ့ မြေးကျတော့ တစ်မျိုးဗျ"

"အင်း၊ သူ့ကျတော့ အရပ်ထဲက ခေါ်ကြတယ် လမ်းမှင်စာတဲ့"

ထပ်ဆင့်ရယ်သံများ ပေါ်ပေါက်လာသည်။

"ကိုင်းကိုင်း၊ ရယ်စရာ မောစရာနဲ့ ချည်း မပြီးသေးဘူး။ နန်းကိန္နရီနဲ့ ပရိသတ်ကို မိတ်ဆက်ပေးဖို့ တာဝန်က ကျန်သေးသဗျ။ ကဲ ခင်ဗျားပဲခေါ်ဗျာ"

"ကျုပ်ခေါ်ရမယ်လား။ ဟဲ့ နန်းကိန္နရီလာဦး"

"အော် ဟော်။ အတော်ခက်တဲ့လူပဲ။ မင်းသမီးဆိုတာ ဒီလိုမခေါ်ရဘူးဗျ"

"ဘယ်လိုခေါ်ရသလဲ၊ လုပ်ပါဦး ကိုသော်တာ"

"ကားတင်ပြေးရတယ်ဗျ"

ရယ်ကြရပြန်သည်။

"အလကား နောက်တာပါဗျာ။ မင်းသမီးဆိုတာ စာချိုးနဲ့ဘာနဲ့ ခေါ်ရတာ။ ကိုင်း ခင်ဗျားအသာနေ၊ ကျုပ်ခေါ်ပြမယ်။ အမရာကိန္နရီ။ ဥမ္မာဒန္တီတန္နန်း၊ စာပန်းချီ ရှုံးလောက်ပါတဲ့ အလှတကာ့ အလှပဂေး၊ လှယဉ်ကျေးပါတဲ့ နန်းကိန္နရီရေ"

ဆိုင်းက စာချိုးနှင့် လိုက်ဖက်ညီစွာ တီးပေးလိုက်သည်။ နန်းကိန္နရီသည် ပတ္တလားရှေ့မှနေ၍ ကိုယ်ကိုယ့်ကာ ထဘီစကို ယဉ်ယဉ်ကလေးသိမ်းရင်း နေရာမှ ထလာလေသည်။

ထိုနေ့တွင် ရေနံ့သာ၌ ပိတောက်တို့ လှိုင်လှိုင်ပွင့်နေပါချေသည်။ တစ်ခြံလုံး ပိတောက်နံ့သင်းနေသယောင် ထင်ရသည်။

ပိတောက်နှင့်အပြိုင် ပွင့်ဖူးနေသည်က ဖြူ နီ ပြာ ဝါ မီးပွင့်မီးလုံးများ ဖြစ်ကြသည်။ ပိတောက်ပန်းနှင့် အလှချင်း ပြိုင်နေကြသည်မှာ တောက်ပသစ်လွင်သော အဝတ်အစားများကို ဆင်ယင်ထားကြသော မိန်းမကြီး၊ မိန်းမလတ်၊ မိန်းမရွယ်၊ မိန်းမငယ်များ ဖြစ်ကြသည်။

ထိုနေ့က ရေနံ့သာသည် တစ်နည်းတစ်ဖုံအားဖြင့် ထူးခြားနေသည်။ ရေနံ့သာတစ်ခြံလုံး လှုပ်လှုပ်ရွရွဖြစ်နေသည်။ သိုက်သိုက်မြိုက်မြိုက် ရှိနေသည်။ ခြံအပြင်ပတွင် ကားကြီးကားငယ် အသွယ်သွယ်တို့ အစီစီအတန်းတန်း ဖြစ်နေသည်။ ခြံအတွင်းမှာ လူတို့ ပျားပန်းခပ်မျှ သွားလာလှုပ်ရှားနေကြသည်။

ဒေါ်ရေနံ့သာခင်ခင်ကြီး၏ အနှစ်လေးဆယ်မြောက် မွေးနေ့အခါတည်း။

စင်စစ် ဒေါ်ရေနံ့သာခင်ခင်ကြီးသည် သူ၏ အနှစ် လေးဆယ်မြောက်မွေးနေ့ကို ယခုလို ကြီးကျယ်ခမ်းနားစွာ ကျင်းပရန် ရည်ရွယ်ရင်းစွဲ မရှိခဲ့။ သံဃာတော်အပါး လေးဆယ်အား ဆွမ်းလုပ်ကျွေးမည်။ ရွှေတိဂုံစေတီတော်၌ ရွှေအပြားကျင်ခတ်၍ ကပ်လှူပူဇော်မည်။ ထိုမျှလောက်သာ သူမမှာ ရည်ရွယ်ချက်ရှိခဲ့သည်။

ယခုမူ ထိုသို့မဟုတ်။

ဇာချဲ့လိုသူမှာ ကိုကိုနှင့် မမဝင်းရီ။

သူတို့ပယောဂကြောင့်ပင် ဒေါ်ရေနံ့သာခင်ခင်ကြီး မွေးနေ့ပွဲကို ကြီးကြီးကျယ်ကျယ် စီစဉ်ရသည်။

ကိုကိုနှင့် မမဝင်းရီသည် ဒေါ်ရေနံ့သာခင်ခင်ကြီး၏ အနှစ်လေးဆယ်မြောက် မွေးနေ့ကို အခါတိုင်း မွေးနေ့များ ထက်ပို၍ အလေးအနက်ထားသည်။ စည်စည် ကားကား၊ သိုက်သိုက်မြိုက်မြိုက်၊ ဝေဝေဆာဆာ ဖြစ်စေချင်သည်။ ယင်းနေ့ သည် သူမအတွက် အပျော်ရွှင်ရဆုံးနေ့တစ်နေ့ ဖြစ်စေချင်ခဲ့သည်။

မွေးနေ့မတိုင်မီ ခုနစ်ရက်အလိုကတည်းက သူတို့ ရန်ကုန်သို့ ဆင်းလာသည်။ အစီအစဉ် ပြုကြသည်။ အစသော် ဒေါ်ရေနံ့သာခင်ခင်ကြီးက ကန့်ကွက်သေးသည်။

"မထူးပါဘူး ကိုကိုရယ်။ ခါတိုင်းကလို အကျဉ်းရုံးပြီး အေးအေးဆေးဆေးပြီးသွားတာပဲ ကောင်းပါတယ်" ဟုဆိုခဲ့သေးသည်။

သည်တွင် ကိုကိုက ဆိုသည်။

"ဒီလိုရှိတယ် ညီမ။ အနောက်နိုင်ငံတွေက အစဉ်အလာအရဆိုရင် အနှစ်လေးဆယ်မြောက်မွေးနေ့ဟာ အခါတိုင်း မွေးနေ့တွေထက် ပိုပြီးအရေးကြီးတယ်။ သူတို့ အသက်အပိုင်းအခြားနဲ့ တွက်ရင် အသက်လေးဆယ်မှာမှ လူ့ဘဝစတင်ကြတယ်လို့ ဆိုတယ်။ လူ့ဘဝရဲ့ တစ်ဝက်ကို ရောက်တယ်လို့ သဘောပိုက်သူက ပိုက်ကြတယ်။ ကိုကိုက အဲဒီ အယူအဆအရ ညီမရဲ့ အနှစ်လေးဆယ်မြောက် မွေးနေ့ကို ခမ်းခမ်းနားနား လုပ်ချင်တာ။

ပြီးတော့လည်း ကုမ္ပဏီတွေ ရပ်နားလိုက်ရပြီးကတည်းက ညီမဟာ မိတ်ဆွေ အပေါင်းအသင်းတွေနဲ့ အဆက်အသွယ် ပြတ်သွားတယ်။ တသီးတခြား ဖြစ်နေခဲ့တယ်။

လူတွေက ဘေးမှာ ညီမကို ဘယ်လောက် အပြစ်ပြောနေကြတယ်မှတ်သလဲ။ ဘဝင်မြင့်တယ်လို့ ဆိုသူက ဆို၊ စိမ်းတယ်လို့ ပြောသူကပြောနဲ့။ အဲဒီ အပြောအဆိုတွေ ရပ်သွားအောင် မိတ်ဟောင်းဆွေဟောင်းတွေကို ဖိတ်ပြီး ညီမနဲ့ ရှေးကလို တရင်းတနှီးဖြစ်စေချင်တယ်။ သူတို့ရဲ့ ရင်ထဲက သံသယတွေကို ဖြေဖျောက်ချင်တယ်။ အဲဒီအခွင့်အရေးဟာ ညီမရဲ့ အနှစ်လေးဆယ်မြောက် မွေးနေ့ပွဲ လုပ်မှရမယ့် အခွင့်အရေးပဲ ညီမ"

"ပတ်ဝန်းကျင်က ဘာပဲပြောပြော ခင်ခင်ကြီး မမှုပါဘူး"

ဒေါ်ရေနံ့သာခင်ခင်ကြီးက ဆိုခဲ့သေးသည်။

"အဲဒီလို ခေါင်းမမာချင်စမ်းပါနဲ့ကွယ်။ လူဆိုတာဘယ်တော့မှ အထီးတည်းနေလို့ မရဘူး ညီမ။ လူမှာ ပတ်ဝန်းကျင်ဆိုတာ ရှိရတယ်။ အသိုင်းအဝိုင်း၊ အခြေအရံဆိုတာ ထားရတယ်။ ညီမ နေနေတာဟာ လူသူမရှိတဲ့ ကျွန်းပေါ်မှာ မဟုတ်ဘူး။ ပြည်လမ်းမှာ နေနေတယ်။ ရန်ကုန်လို မြို့ကြီးပြကြီးမှာ နေနေရတယ်ဆိုတာလည်း သတိထား ဦးမှပေါ့"

မမဝင်းရီကလည်း ဝင်ရောက်ဖျောင်းဖျသည်။

"ဟုတ်သားပဲကွယ်။ ညီမကလည်း အယူမသီးသင့်တာ သီးနေတာကိုး။ လူဆိုတာ ပတ်ဝန်းကျင်ကို ပစ်ခွာထားရင် ကိုယ့်ကို ပတ်ဝန်းကျင်ကလည်း ပစ်ခွာသွားတာပဲ။ ညီမရဲ့ ဘဝဟာ ဘယ်လောက်အထီးကျန်ဆန်နေသလဲ။ လူ့ဘဝဆိုတာ ဒီလိုသာနေသွားရင် ဘယ်မှာ အဓိပ္ပာယ်ရှိတော့မှာလဲ"

သို့ဖြင့် အချေအတင်၊ အကြိတ်အနယ် ဆွေးနွေးပြီးမှ မိမိ၏မွေးနေ့ကို ခမ်းနားစွာ ကျင်းပရန် ဒေါ်ရေနံ့သာခင်ခင်ကြီး သဘောတူလိုက်သည်။

ယခင်က စိမ်းသလိုဖြစ်နေခဲ့သော မိတ်ဆွေ အပေါင်းအသင်းများထံ ဖိတ်စာပို့သည်။ သူ၏ဆန္ဒအရ ဆွမ်းလုပ်ကျွေးခြင်း၊ ရွှေပြားပူဇော်ခြင်းလည်း ပြုသည်။

ကိုကိုတို့က အငြိမ့်ထည့်သွင်းသည်အထိ ဇာချဲ့လာခြင်းကိုမူ ဒေါ်ရေနံ့သာခင်ခင်ကြီး၏ စိတ်မှမကျေနပ်လှ။ သို့ပေမဲ့ ကန့်ကွက်ခြင်း မပြုဘဲနေခဲ့သည်။ **ဆက်လက်ဖော်ပြပါမည်။**

ဆရာမောင်သိန်းဆိုင်၏ "ရေနံ့သာခင်ခင်ကြီး" စာအုပ်အား စာရေးသူ၏ မိသားစု ခွင့်ပြုချက်ဖြင့် ကူးယူဖော်ပြခြင်းဖြစ်ပါသည်။ **စာတည်း**

**"ထိုနေ့တွင် ရေနံ့သာ၌ ပိတောက်တို့ လှိုင်လှိုင်ပွင့်နေပါချေသည်။ တစ်ခြံလုံး ပိတောက်နံ့ သင်းနေသယောင် ထင်ရသည်။ ပိတောက်နှင့်အပြိုင် ပွင့်ဖူးနေသည်က ဖြူ နီ ပြာ ဝါ မီးပွင့်မီးလုံးများ ဖြစ်ကြသည်။ ပိတောက်ပန်းနှင့် အလှချင်းပြိုင်နေကြသည်မှာ တောက်ပသစ်လွင်သော အဝတ်အစားများကို ဆင်ယင်ထားကြသော မိန်းမကြီး၊ မိန်းမလတ်၊ မိန်းမရွယ်၊ မိန်းမငယ်များ ဖြစ်ကြသည်။ ထိုနေ့က ရေနံ့သာသည် တစ်နည်းတစ်ဖုံအားဖြင့် ထူးခြားနေသည်။ ဒေါ်ရေနံ့သာခင်ခင်ကြီး၏ အနှစ်လေးဆယ်မြောက် မွေးနေ့အခါတည်း။"**




ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပြန်ကြားရေးဝန်ကြီးဌာန
**မြန်မာ့အသံနှင့်ရုပ်မြင်သံကြား**
နေပြည်တော်

**ကျွမ်းကျင်(၂)ရာထူးများ ခန့်ထားရေးအတွက် ရွေးချယ်ထားသူများစာရင်းကြေညာခြင်း**

၁။ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားက (လစာနှုန်း ကျပ် ၂၁၆၀၀၀-၂၀၀၀-၂၂၆၀၀၀)ရာထူးနေရာများအတွက် ရေးဖြေစာမေးပွဲနှင့် လူတွေ့စစ်ဆေးခြင်းများပြုလုပ်ခဲ့ပြီး စိစစ်ရွေးချယ်ထားသူများစာရင်းအား အောက်ပါအတိုင်း ထုတ်ပြန်ကြေညာအပ်ပါသည် -

ရုပ်သံ(၂)(တက)-၂၄၊ ရုပ်သံ(၂)(တက)-၂၇၊ ရုပ်သံ(၂)(တက)-၃၅၊ ရုပ်သံ(၂)(တက)-၃၆၊ ရုပ်သံ(၂)(တက)-၄၃၊
ရုပ်သံ(၂)(တက)-၄၉၊ ရုပ်သံ(၂)(တက)-၅၀၊ ရုပ်သံ(၂)(တက)-၆၇၊ ရုပ်သံ(၂)(တက)-၇၁၊ ရုပ်သံ(၂)(တက)-၉၀၊
ရုပ်သံ(၂)(တက)-၉၁၊ ရုပ်သံ(၂)(တက)-၉၂၊ ရုပ်သံ(၂)(တက)-၉၃၊ ရုပ်သံ(၂)(တက)-၉၅၊ ရုပ်သံ(၂)(တက)-၉၆၊
ရုပ်သံ(၂)(တက)-၉၇၊ ရုပ်သံ(၂)(တက)-၉၈၊ ရုပ်သံ(၂)(တက)-၉၉၊ ရုပ်သံ(၂)(တက)-၁၀၁၊ ရုပ်သံ(၂)(တက)-၁၀၂၊
ရုပ်သံ(၂)(တက)-၁၀၃၊ ရုပ်သံ(၂)(တက)-၁၀၄၊ ရုပ်သံ(၂)(တက)-၁၀၅၊ ရုပ်သံ(၂)(တက)-၁၀၈၊ ရုပ်သံ(၂)(တက)-၁၁၀၊
ရုပ်သံ(၂)(တက)-၁၁၃၊ ရုပ်သံ(၂)(တက)-၁၁၄၊ ရုပ်သံ(၂)(တက)-၁၁၆၊ ရုပ်သံ(၂)(တက)-၁၄၀၊ ရုပ်သံ(၂)(တက)-၁၄၁၊
ရုပ်သံ(၂)(တက)-၁၄၄၊ ရုပ်သံ(၂)(တက)-၁၄၉၊ ရုပ်သံ(၂)(တက)-၁၅၅၊ ရုပ်သံ(၂)(ရက)-၁၈၊ ရုပ်သံ(၂)(ရက)-၁၉၊
ရုပ်သံ(၂)(ရက)-၂၇၊ ရုပ်သံ(၂)(ရက)-၂၈၊ ရုပ်သံ(၂)(ရက)-၃၄၊ ရုပ်သံ(၂)(ရက)-၃၅၊ ရုပ်သံ(၂)(ရက)-၃၆၊
ရုပ်သံ(၂)(ရက)-၃၇၊ ရုပ်သံ(၂)(ရက)-၃၈၊ ရုပ်သံ(၂)(ရက)-၃၉၊ ရုပ်သံ(၂)(ရက)-၄၉၊ ရုပ်သံ(၂)(ရက)-၆၁။
ရုပ်သံ(၂)(တိုင်းရင်းသား)(တက)-၂၊ ရုပ်သံ(၂)(တိုင်းရင်းသား)(တက)-၅၊ ရုပ်သံ(၂)(တိုင်းရင်းသား)(တက)-၆၊ ရုပ်သံ(၂)(တိုင်းရင်းသား)(တက)-၈၊
ရုပ်သံ(၂)(တိုင်းရင်းသား)(တက)-၉၊ ရုပ်သံ(၂)(တိုင်းရင်းသား)(တက)-၁၀၊ ရုပ်သံ(၂)(တိုင်းရင်းသား)(တက)-၁၁၊ ရုပ်သံ(၂)(တိုင်းရင်းသား)(တက)-၁၂၊
ရုပ်သံ(၂)(တိုင်းရင်းသား)(တက)-၁၃၊ ရုပ်သံ(၂)(တိုင်းရင်းသား)(တက)-၁၄၊ ရုပ်သံ(၂)(တိုင်းရင်းသား)(တက)-၁၅၊ ရုပ်သံ(၂)(တိုင်းရင်းသား)(တက)-၁၆၊
ရုပ်သံ(၂)(တိုင်းရင်းသား)(တက)-၁၇၊ ရုပ်သံ(၂)(တိုင်းရင်းသား)(တက)-၁၈၊ ရုပ်သံ(၂)(တိုင်းရင်းသား)(တက)-၁၉၊ ရုပ်သံ(၂)(တိုင်းရင်းသား)(တက)-၂၀၊
ရုပ်သံ(၂)(တိုင်းရင်းသား)(တက)-၂၁၊ ရုပ်သံ(၂)(တိုင်းရင်းသား)(တက)-၂၂၊ ရုပ်သံ(၂)(တိုင်းရင်းသား)(တက)-၂၃၊ ရုပ်သံ(၂)(တိုင်းရင်းသား)(တက)-၂၄၊
ရုပ်သံ(၂)(တိုင်းရင်းသား)(တက)-၂၅၊ ရုပ်သံ(၂)(တိုင်းရင်းသား)(တက)-၂၆၊ ရုပ်သံ(၂)(တိုင်းရင်းသား)(တက)-၂၇၊ ရုပ်သံ(၂)(တိုင်းရင်းသား)(တက)-၂၈၊
ရုပ်သံ(၂)(တိုင်းရင်းသား)(တက)-၃၀၊ ရုပ်သံ(၂)(တိုင်းရင်းသား)(တက)-၃၁၊ ရုပ်သံ(၂)(တိုင်းရင်းသား)(တက)-၃၂၊ ရုပ်သံ(၂)(တိုင်းရင်းသား)(တက)-၃၃၊
ရုပ်သံ(၂)(တိုင်းရင်းသား)(တက)-၃၄၊ ရုပ်သံ(၂)(တိုင်းရင်းသား)(တက)-၃၅၊ ရုပ်သံ(၂)(တိုင်းရင်းသား)(ရက)-၁။
ရုပ်သံ(၂)(MI)(ရက)-၁၊ ရုပ်သံ(၂)(MI)(ရက)-၂၊ ရုပ်သံ(၂)(MI)(ရက)-၃၊ ရုပ်သံ(၂)(MI)(ရက)-၇၊ ရုပ်သံ(၂)(MI)(ရက)-၈၊
ရုပ်သံ(၂)(MI)(ရက)-၁၀ ရုပ်သံ(၂)(ရက)-၉၊ ရုပ်သံ(၂)(ရက)-၄၂၊ ရုပ်သံ(၂)(ရက)-၅၁၊ ရုပ်သံ(၂)(တက)-၁၇၁။
သံကျွမ်း(၂)(တက)-၈၊ သံကျွမ်း(၂)(တက)-၁၁၊ သံကျွမ်း(၂)(တက)-၁၆၊ သံကျွမ်း(၂)(တက)-၂၁၊ သံကျွမ်း(၂)(တက)-၂၄၊
သံကျွမ်း(၂)(တက)-၂၇၊ သံကျွမ်း(၂)(တက)-၂၈၊ သံကျွမ်း(၂)(တက)-၂၉၊ သံကျွမ်း(၂)(တက)-၃၀၊ သံကျွမ်း(၂)(တက)-၃၁၊
သံကျွမ်း(၂)(တက)-၃၂၊ သံကျွမ်း(၂)(တက)-၃၃၊ သံကျွမ်း(၂)(တက)-၃၄၊ သံကျွမ်း(၂)(တက)-၃၅၊ သံကျွမ်း(၂)(တက)-၃၆၊
သံကျွမ်း(၂)(တက)-၃၇၊ သံကျွမ်း(၂)(တက)-၃၈၊ သံကျွမ်း(၂)(တက)-၃၉၊ သံကျွမ်း(၂)(တက)-၄၀၊ သံကျွမ်း(၂)(တက)-၄၁၊
သံကျွမ်း(၂)(တက)-၄၂၊ သံကျွမ်း(၂)(တက)-၄၃၊ သံကျွမ်း(၂)(တက)-၄၄၊ သံကျွမ်း(၂)(တက)-၄၅၊ သံကျွမ်း(၂)(တက)-၄၉၊
သံကျွမ်း(၂)(တက)-၆၂၊ သံကျွမ်း(၂)(ရက)-၅၊ သံကျွမ်း(၂)(ရက)-၇၊ သံကျွမ်း(၂)(ရက)-၁၀၊ သံကျွမ်း(၂)(ရက)-၁၃။
သံကျွမ်း(၂)(တိုင်းရင်းသား)(တက)-၂၊ သံကျွမ်း(၂)(တိုင်းရင်းသား)(တက)-၄၊ သံကျွမ်း(၂)(တိုင်းရင်းသား)(တက)-၅၊
သံကျွမ်း(၂)(တိုင်းရင်းသား)(တက)-၆၊ သံကျွမ်း(၂)(တိုင်းရင်းသား)(တက)-၇၊ သံကျွမ်း(၂)(တိုင်းရင်းသား)(တက)-၈၊
သံကျွမ်း(၂)(တိုင်းရင်းသား)(တက)-၉၊ သံကျွမ်း(၂)(တိုင်းရင်းသား)(တက)-၁၀၊ သံကျွမ်း(၂)(တိုင်းရင်းသား)(တက)-၁၁၊
သံကျွမ်း(၂)(တိုင်းရင်းသား)(တက)-၁၂၊ သံကျွမ်း(၂)(တိုင်းရင်းသား)(တက)-၁၃၊ သံကျွမ်း(၂)(တိုင်းရင်းသား)(တက)-၁၄၊
သံကျွမ်း(၂)(တိုင်းရင်းသား)(တက)-၁၅၊ သံကျွမ်း(၂)(တိုင်းရင်းသား)(တက)-၁၆၊ သံကျွမ်း(၂)(တိုင်းရင်းသား)(တက)-၁၇၊
သံကျွမ်း(၂)(တိုင်းရင်းသား)(ရက)-၁၊ သံကျွမ်း(၂)(တိုင်းရင်းသား)(ရက)-၃၊ သံကျွမ်း(၂)(တက)-၅၊
သံကျွမ်း(၂)(တက)-၁၃၊ သံကျွမ်း(၂)(တက)-၂၂၊ သံကျွမ်း(၂)(တက)-၅၂၊
သံကျွမ်း(၂)(တက)-၅၃၊ သံကျွမ်း(၂)(တက)-၆၃၊ သံကျွမ်း(၂)(တက)-၆၄၊
သံကျွမ်း(၂)(ရက)-၄၊ သံကျွမ်း(၂)(ရက)-၈၊ သံကျွမ်း(၂)(ရက)-၁၂၊
ရုပ်သံ(၂)(ရက)-၂၉။
ငယ်အင်ယာ(၂)(တက)-၂၊ ငယ်အင်ယာ(၂)(တက)-၂၁၊ ငယ်အင်ယာ(၂)(တက)-၂၂၊ ငယ်အင်ယာ(၂)(တက)-၂၃၊ ငယ်အင်ယာ(၂)(တက)-၂၄၊
ငယ်အင်ယာ(၂)(တက)-၂၉၊ ငယ်အင်ယာ(၂)(တက)-၃၉၊ ငယ်အင်ယာ(၂)(တက)-၄၀၊ ငယ်အင်ယာ(၂)(တက)-၄၁၊ ငယ်အင်ယာ(၂)(တက)-၄၂၊
ငယ်အင်ယာ(၂)(တက)-၄၄၊ ငယ်အင်ယာ(၂)(တက)-၄၅၊ ငယ်အင်ယာ(၂)(တက)-၄၆၊ ငယ်အင်ယာ(၂)(တက)-၄၈၊ ငယ်အင်ယာ(၂)(တက)-၄၉၊
ငယ်အင်ယာ(၂)(တက)-၅၀၊ ငယ်အင်ယာ(၂)(တက)-၅၁၊ ငယ်အင်ယာ(၂)(တက)-၅၂၊ ငယ်အင်ယာ(၂)(တက)-၅၃၊ ငယ်အင်ယာ(၂)(တက)-၅၅၊
ငယ်အင်ယာ(၂)(တက)-၅၆၊ ငယ်အင်ယာ(၂)(တက)-၅၈၊ ငယ်အင်ယာ(၂)(တက)-၆၅၊ ငယ်အင်ယာ(၂)(တက)-၆၆၊ ငယ်အင်ယာ(၂)(တက)-၆၈၊
ငယ်အင်ယာ(၂)(တက)-၈၁၊ ငယ်အင်ယာ(၂)(တက)-၈၅၊ ငယ်အင်ယာ(၂)(တက)-၉၂၊ ငယ်အင်ယာ(၂)(ရက)-၄၊ ငယ်အင်ယာ(၂)(ရက)-၈၊
ငယ်အင်ယာ(၂)(ရက)-၁၀၊ ငယ်အင်ယာ(၂)(ရက)-၁၅၊ ငယ်အင်ယာ(၂)(ရက)-၁၇၊ ငယ်အင်ယာ(၂)(ရက)-၁၈၊ ငယ်အင်ယာ(၂)(ရက)-၂၄၊
ငယ်အင်ယာ(၂)(ရက)-၂၅၊ ငယ်အင်ယာ(၂)(ရက)-၂၇၊ ငယ်အင်ယာ(၂)(ရက)-၂၉၊ ငယ်အင်ယာ(၂)(ရက)-၃၂၊ ငယ်အင်ယာ(၂)(ရက)-၃၄။
နု(၂)(တက)-၈၊ နု(၂)(ရက)-၂၊ နု(၂)(ရက)-၅၊ နု(၂)(ရက)-၆၊ နု(၂)(ရက)-၈၊ ရုပ်သံ(၂)(ရက)-၄၈။

၂။ ရွေးချယ်ခံရသူများသည် တာဝန်ထမ်းဆောင်နိုင်ရန်အတွက် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၊ နေပြည်တော်-တပ်ကုန်းသို့ (၂၅-၃-၂၀၂၂)ရက်နေ့အရောက် လာရောက်ရန် အကြောင်းကြားပါသည်။ ***(နိုင်ငံသားစိစစ်ရေးကတ်ပြားမူရင်း၊ ပညာအရည်အချင်းအောင်လက်မှတ်မူရင်း၊ လိုင်စင်ဓာတ်ပုံတို့ကို တစ်ပါတည်း ယူဆောင်လာရန်)**

၃။ အသေးစိတ်သိရှိလိုပါက မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၊ နေပြည်တော်(တပ်ကုန်း)၊ တယ်လီဖုန်းအမှတ်၊ ၀၆၇-၈၀၇၉၁၈၅ နှင့် ၀၉-၄၂၀၇၀၂၈၀၁ တို့တွင် ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

## ရန်ကုန်မြို့ရှိ မြန်မာနိုင်ငံကူးလက်မှတ်ထုတ်ပေးရေးရုံး၌ Online Booking စနစ် ပြောင်းလဲကျင့်သုံးမည်ဖြစ်ကြောင်း အသိပေးကြေညာချက်

မြန်မာနိုင်ငံကူးလက်မှတ်ထုတ်ပေးရေးအဖွဲ့အနေဖြင့် ရန်ကုန်မြို့ရှိ မြန်မာနိုင်ငံကူးလက်မှတ်ထုတ်ပေးရေးရုံးတွင် မြန်မာနိုင်ငံကူးလက်မှတ် လျှောက်ထားသူ ၂၅၀၀ ဦးခန့်အား နေ့စဉ်ဆောင်ရွက်ပေးလျက်ရှိရာ နိုင်ငံကူးလက်မှတ်လျှောက်ထားသူများအနေဖြင့် အချိန်ကြာမြင့်စွာ တန်းစီစောင့်ဆိုင်းရခြင်းနှင့် ကိုဗစ်-၁၉ရောဂါအန္တရာယ် စိုးရိမ်ရခြင်းများ လျော့နည်းလာစေရန်အတွက် ၂၁-၃-၂၀၂၂ရက်မှစ၍ Online Booking စနစ်ဖြင့် ရက်ချိန်းရယူပြီးမှသာ ရုံးတွင်းသို့ ဝင်ရောက်လျှောက်ထားနိုင်သည့် စနစ်အား ပြောင်းလဲကျင့်သုံးသွားမည်ဖြစ်ပါသည်။

နိုင်ငံကူးလက်မှတ် လျှောက်ထားလိုသူများအနေဖြင့် ၁၄-၃-၂၀၂၂ရက်မှစ၍ www.passport.gov.mm website တွင် လျှောက်ထားသူတစ်ဦးချင်း၏ အမည်၊ အဖအမည်၊ မွေးနေ့၊ နိုင်ငံသားစိစစ်ရေးကတ်အမှတ်၊ ကျား/မ စသည့် အချက်အလက်များအား website တွင် မှန်ကန်စွာ ဖြည့်သွင်း၍ Online Booking ရက်ချိန်းရယူနိုင်ကြပြီဖြစ်ပါသည်။ Online Booking ပြုလုပ်သူ ၏ email သို့ပေးပို့ထားသည့် Passport Online Appointment Letter အား Print ထုတ်၍သော်လည်းကောင်း၊ မိုဘိုင်းဖုန်းတွင် QR ကုဒ် ပါရှိသည့် Screen အား သိမ်းဆည်း၍သော်လည်းကောင်း ရက်ချိန်းရယူထားသည့်မှတ်တမ်းအား ယူဆောင်လာပြီးမှသာ မြန်မာနိုင်ငံကူးလက်မှတ်ထုတ်ပေးရေးရုံး(ရန်ကုန်)သို့ လာရောက်လျှောက်ထားရမည်ဖြစ်ပါသည်။ Online Booking စနစ်နှင့်ပတ်သက်၍ အသေးစိတ်အချက်အလက်များအား www.passport.gov.mm website တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြန်မာနိုင်ငံကူးလက်မှတ်ထုတ်ပေးရေးရုံး**
**ရန်ကုန်မြို့။ ဖုန်း-၀၁-၅၄၆၆၂၄**

MOEE
YESC

မိမိအိမ်တွင် ရေပိုက်၊ ရေဘားများ မလုံခြုံ၊ ယိုစိမ့်မှုကြောင့်
ရေတင်ရချိန် ပိုမိုကြာမြင့်နိုင်သဖြင့် ဓာတ်အားပိုမို အသုံးပြုရပါသည်။
ထို့ကြောင့် ရေလေလွင့်ခြင်းနှင့် ဓာတ်အားလေလွင့်မှုမရှိစေရန်
သတိပြုဆင်ခြင်သင့်ပါသည်။



## အာဖရိကဝက် အပြင်းဖျားရောဂါကြိုတင်ကာကွယ်ရေး အသိပေးနှိုးဆော်ချက်

အာဖရိကဝက်အပြင်းဖျားရောဂါသည် ဝက်များတွင် ဗိုင်းရပ်စ်ပိုးကြောင့် ဖြစ်ပွားတတ်သော ကူးစက်မြန်ရောဂါတစ်ခုဖြစ်ပြီး မိမိတို့မွေးမြူထားသော ဝက်များကို အဆိုပါရောဂါဖြစ်ပွားကျရောက်ခြင်းမှ ကြိုတင်ကာကွယ်နိုင်ရေးအတွက် အောက်ပါအတိုင်း လိုက်နာဆောင်ရွက်နိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်-

(၁) အာဖရိကဝက်အပြင်းဖျားရောဂါသည် လူသို့ လုံးဝ(လုံးဝ)ကူးစက်ခြင်းမရှိပါ၊
(၂) ဝက်မွေးမြူရေးခြံများ၏ ဇီဝလုံခြုံမှုကို အထူးဂရုပြုမြှင့်တင်ရန်၊
(၃) ဝက်ခြံများနှင့် သားငါးဈေးများတွင် စနစ်တကျ ပိုးသတ်ဆေးဖျန်းခြင်း ပုံမှန်ပြုလုပ်ဆောင်ရွက်ရန်၊
(၄) ဝက်များကို စားသောက်ဆိုင်နှင့် အိမ်များမှ စားကြွင်းစားကျန်များ ကျွေးမည်ဆိုပါက အပူပြင်းပြင်းဖြင့် ချက်ပြုတ်ပြီးမှ ကျွေးမွေးရန်၊
(၅) အခြားခြံမှ အသုံးအဆောင်ပစ္စည်းများ ငှားရမ်းသုံးစွဲခြင်းမပြုရန်နှင့် လူအဝင်အထွက် ထိန်းချုပ်ရန်၊
(၆) အသက်အရွယ်တူ ဝက်များကိုသာ အတူတူမွေးမြူရန်၊
(၇) ဝက်ခြံများ အပူချိန်၊ စိုထိုင်းဆ၊ လေဝင်လေထွက်ကောင်းမွန်စေရေး ဆောင်ရွက်ရန်၊
(၈) ရောဂါကင်းရှင်းကြောင်း စိတ်ချရသောခြံမှ ဝက်များကို ဝယ်ယူမွေးမြူရန်၊
(၉) ဝယ်ယူသည့် ဝက်များကို မိမိခြံရှိဝက်များနှင့်အတူ ထည့်သွင်းမွေးမြူခြင်းမပြုမီ သီးသန့်ခွဲခြားထား၍ ရောဂါကင်းရှင်းမှ မွေးမြူရန်၊
(၁၀) ပြည်ပမှတရားမဝင် တင်သွင်းလာသော ဝက်အရှင်နှင့် ဝက်ထွက်ပစ္စည်းများဖြစ်သည့် ဝက်သား၊ အေးခဲဝက်သား၊ ဝက်ပေါင်ခြောက်၊ ဝက်အူချောင်းနှင့် အခြားဝက်ထွက်ပစ္စည်းများ တင်သွင်းခြင်း၊ ရောင်းချခြင်း၊ စားသုံးခြင်းမပြုရန်၊
(၁၁) တောဝက်နှင့် အိမ်မွေးဝက်များ ရောနှောထိတွေ့ခြင်းမှ ကာကွယ်ရန်၊
(၁၂) တောဝက်နှင့် အိမ်မွေးဝက်များ ပုံမှန်မဟုတ်ဘဲ ရုတ်တရက် သေဆုံးပါက နီးစပ်ရာ အုပ်ချုပ်ရေးအဖွဲ့၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၊ မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်ထံသို့ ချက်ချင်း သတင်းပို့ရန်၊
(၁၃) ရောဂါကြိုတင်ကာကွယ်ရေးနှင့် ရောဂါစူးစမ်း ရှာဖွေခြင်းလုပ်ငန်းများတွင် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့် ပူးပေါင်းပါဝင် ဆောင်ရွက်ရန်နှင့် ညွှန်ကြားချက်များအား လိုက်နာဆောင်ရွက်ရန်။

**မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန**
**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**

**ဦးညွန့်မောင်**
**ရေ/ငြိမ်း(မောင်တော)**
**အသက်(၉၅)နှစ်**

မောင်တောမြို့နေ (ဦးကျော်ထွန်းဦး-ဒေါ်မသာနု)တို့၏သားထွေး၊ [ဦးစောဦး(ထွေ/အုပ်)]၊ ဦးဖြူသီး(မြေစာရင်း)၊ ဦးရွှေအေး (မြေစာရင်း)၊ ဦးဘမောင်(လူဝင်မှု)၊ ဦးဘစံ(သစ်တော)၊ ဒေါ်စောရွှေမြ၊ ဦးဦးသာ(သမ/ဦးစီး)၊ ဒေါ်မညွန့်(ကုန်သွယ်ရေး)တို့၏ ညီ/မောင်၊ သမီးလေးယောက်တို့၏ ဖခင်၊ မြေး၄ါးယောက်တို့၏အဘိုးသည် ၁၂-၃-၂၀၂၂(စနေနေ့) ညနေ ၄ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၄-၃-၂၀၂၂(တနင်္လာနေ့) မွန်းလွဲ ၁ နာရီတွင် ကျူချောင်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ [ကွယ်လွန်သူအား ရည်စူး၍ ၁၈-၃-၂၀၂၂(သောကြာနေ့) နံနက် ၁၀နာရီမှ မွန်းတည့် ၁၂နာရီအထိ အမှတ်(၅၅/ခ)၊ လှိုင်းဘွဲ့လမ်း၊ (၁၀)ရပ်ကွက်၊ ရွှေပြည်သာအိမ်၌ ရက်လည် ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**
**စာသင်ကျောင်းအလှူရှင်**
**ဒေါ်ကျင်လှ (လက်ခုပ်ကုန်း)**
**အသက်(၉၈)နှစ်**

ရန်ကုန်မြို့နေ (ဦးအစား- ဒေါ်ပုမ)တို့၏သမီး၊ (ဦးမောင်ခင်-ဒေါ်ငွေရှင်)တို့၏သမီးချွေးမ၊ (ဦးစိန်လှအောင်)၏ ချစ်လှစွာသောဇနီး၊ ဦးကျော်စိန်မြိုင်-ဒေါ်မြင့်မြင့်ဦး၊ ဦးကျော်စိန်လှိုင်- ဒေါ်သွယ်သွယ်ဦး၊ ပါမောက္ခဒေါက်တာချိုမင်းနိုင် (ICU, QUEENSLAND)တို့၏ ချစ်လှစွာသောမွေးသမိခင် ကျေးဇူးရှင်၊ မြေး၄ါးယောက်၊ မြစ်ကိုးယောက်တို့၏ ချစ်လှစွာ သောမေမေကြီးသည် ၁၂-၃-၂၀၂၂ (စနေနေ့) မွန်းလွဲ ၁:၀၈ နာရီတွင် ဝိတိုရိယဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၃-၃-၂၀၂၂ (တနင်္ဂနွေနေ့) တွင် ရေဝေးသုသာန်၌ ကောင်းမွန်စွာ သင်္ဂြိုဟ်ပြီးစီးပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**
**ဦးဖေသန်း**
**အသက်(၈၆)နှစ်**

ညောင်တုန်းမြို့နယ်၊ မဲဇလီအောက်စုကျေးရွာနေ (ဦးဘိုးအို-ဒေါ်မြခင်)တို့၏သား၊ (ဒေါ်အုန်းသင်)၏ခင်ပွန်း၊ ဦးအောင်မြင့်(ညွှန်ကြားရေးမှူးချုပ်၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန)-ဒေါ်စမ်းစမ်းရီ(ကထိက(ငြိမ်း)၊ မြန်မာစာဌာန)၊ (ဒေါ်ကြည်ကြည်မြ)တို့၏ မွေးသဖခင်ကြီး၊ မောင်စွမ်းပြည့်(သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန)၊ မောင်ကောင်းဆက်(ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန)၊ မချို၀တ်ရည်တို့၏ အဘိုးသည် ၁၃-၃-၂၀၂၂ ရက်(တနင်္ဂနွေနေ့)၊ ညနေ ၃ နာရီတွင် နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ်၊ အမှတ်(၅၄၂/၂)၊ ညွှန့်ချုပ်အိမ်ရာ နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၅-၃-၂၀၂၂ ရက် မွန်းလွဲ ၁နာရီတွင် နေပြည်တော် ကေ့ကြီးသုသာန်သို့ ပို့ဆောင်သင်္ဂြိုလ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်း ကြားအပ်ပါသည်။

(နေအိမ်မှကားများ နံနက် ၁၁:၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

**ဒေါ်နှင်းရီ(ဟင်္သာတ)**
**အသက်(၉၄)နှစ်**

အမှတ်(၂၈၁)၊ ဦးအောင်လှလမ်း၊ လက်သမားမြောက်ရပ်ကွက်၊ ဟင်္သာတမြို့နေ(ဦးရန်ပြေ-ဒေါ်ကျင်မေ)တို့၏သမီး၊ (ဦးစံငွေ-ဒေါ်အေးတင်)တို့၏ သမီးချွေးမ၊ [ဦးခင်မြင့် (ရွှေမျှားရွှေဆိုင်)]၏ဇနီး၊ (ဦးမြသန်း-ဒေါ်တင်တင်)၊ (ဒေါက်တာသန်းထိုက်-ဒေါ်ခင်သန်းနွဲ့)၊ ဒေါက်တာစုစုရီ၊ ဦးသန်းနွယ်-(ဒေါ်ခင်အေး)တို့၏အစ်မကြီး၊ ဦးရဲမြင့်-ဒေါ်ခင်ချိုဦး၊ ဦးရဲတင့်-ဒေါ်ဌေးရီမြင့်၊ ဦးရဲဆင့်-ဒေါ်နုနုရီ၊ ဦးရဲဆွေ-ဒေါ်အေးအေးသန့်၊ ဒေါက်တာရဲငွေ-ဒေါက်တာရီရီမြင့်၊ ဦးအောင်ခိုင်-ဒေါ်ရီရီမြင့်တို့၏မိခင်၊ မြေး ၁၃ ယောက်၊ မြစ် ငါးယောက်တို့၏ ဘွားဘွားကြီး ဒေါ်နှင်းရီသည် ၁၃-၃-၂၀၂၂ တနင်္ဂနွေနေ့) နံနက် ၁၁:၄၅နာရီတွင် ဘဝတစ်ပါးသို့ ပြောင်းရွှေ့ကွယ်လွန်သွားပါသဖြင့် ၁၅-၃-၂၀၂၂ (အင်္ဂါနေ့) မွန်းလွဲ ၁နာရီတွင် ဟင်္သာတမြို့၊ မီးသင်္ဂြိုဟ်စက်၌ သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း ဒါယိကာမကြီး**
**ဒေါ်သိန်းသိန်း**
**အသက်(၉၅)နှစ်**

ရန်ကုန်တိုင်းဒေသကြီး၊ ခရမ်းမြို့နေ (ဦးဘထွန်း-ဒေါ်ထွေး)တို့၏သမီး၊ (ဦးထွန်း-ဒေါ်သန်းရင်)တို့၏သမီးချွေးမ၊ သုံးခွမြို့နယ်၊ ကုန်းခလာ ကျေးရွာနေ (ဦးစိုးမြင့်-ဒေါ်အုံးတင်)၊ ခရမ်းမြို့နေ (ဒေါ်ခင်စု)တို့၏ညီမ၊ (ဦးမြင့်စိုး-ဒေါ်မြမြထွန်း)၊ (ဦးတင်မြင့်-ဒေါ်ရင်နု)တို့၏အစ်မ၊ ရန်ကုန်မြို့နေ (ဦးဗကြည်)-ဒေါ်ကြီးမြင့်၊ တွံတေးမြို့နေ ဦးသိန်းသန်း-ဒေါ်နုရင်၊ ပဲခူးမြို့နေ ဦးကျော်ဆန်းဝင်း-ဒေါ်ခင်အုန်းမြင့်၊ လှိုင်သာယာမြို့နယ်နေ (ဦးသောင်းညွန့်)-ဒေါ်သန်းနု၊ မန္တလေးမြို့နေ ဦးတင်မြင့်-ဒေါ်ခင်သန်းဦး၊ သန်လျင်မြို့နေ ဦးမြင့်လှိုင်-(ဒေါ်ဝါဝါမြင့်)၊ အင်းပူမြို့နေ ဦးတင်ယု-ဒေါ်ခင်သန်းဆွေ၊ ပဲခူးမြို့နေ ဦးကျော်တင်ထွဋ်(မူ/အုပ်-ငြိမ်း)-ဒေါ်ခင်ခင်သန်း၊ ခရမ်းမြို့နေ ဒေါ်ခင်သန်းဝင်း၊ ပဲခူးမြို့နေ ဒေါ်ထားထားလှိုင်(မော်ကွန်းထိန်း-ငြိမ်း)၊ ခရမ်းမြို့နေ (ဦးရဲမြတ်)-ဒေါ်ချိုချို၊ ပဲခူးမြို့နေ ဒုတိယဗိုလ်မှူးကြီး သက်နိုင်(ငြိမ်း)-ဒေါ်မူမူလှိုင်(ခ) ဒေါ်အိအိခင်တို့၏မွေးသမိခင်၊ မြေး ၂၇ ယောက်၊ မြစ်လေးယောက်တို့၏ အဘွားသည် ပဲခူးမြို့၊ ဥသာမြို့သစ်၊ (၇/၂)ရပ်ကွက်၊ ဗိုလ်လရောင်လမ်း၊ အမှတ်(၁၇၅)နေ (ဦးချစ်လှိုင်)၏ဇနီး ဒေါ်သိန်းသိန်းသည် ၁၂-၃-၂၀၂၂ (စနေနေ့) မွန်းလွဲ ၁နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၄-၃-၂၀၂၂ (တနင်္လာနေ့) မွန်းတည့် ၁၂နာရီတွင် ပဲခူးမြို့ ဆင်ဖြူကွင်းသုသာန်၌ ဂူသွင်း သင်္ဂြိုဟ်မည်ဖြစ်ပါ၍ လိုက်ပါပို့ဆောင်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**
**ဒေါ်ရင်ရင်မြ**
**အသက်(၉၀)**

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ အမှတ်(109/1)၊ ဓမ္မစေတီလမ်းနေ (ဦးမောင်ခင်-ဒေါ်တင်အေး)တို့၏သမီး၊ (ဦးမောင်စိန်)၏ဇနီး၊ ဦးညီညီ - (ဒေါ်တင်တင်နွယ်)၊ ဦးမျိုးဆွေ- ဒေါ်ခင်သန်းနွယ်၊ (ဦးသန်းထွေး)-ဒေါ်နီနီစိန်၊ ဦးအောင်ဝင်း-ဒေါ်သန်းသန်းမြင့်၊ ဦးထွန်းသုရ-ဒေါ်မူမူသန်း၊ (ဦးကိုကိုအောင်)-Mrs. Naoko Yamada၊ Dr.ထွန်းထွန်းကျော်- ဒေါ်သက်မာထွေးတို့၏ မိခင်၊ မြေး ၁၁ ယောက်တို့၏ အဘွား ဒေါ်ရင်ရင်မြသည် ၁၃-၃-၂၀၂၂ ရက် နံနက် ၁နာရီတွင် ဘဝတစ်ပါးသို့ကူးပြောင်းသွားပါသဖြင့် ၁၅-၃-၂၀၂၂ ရက် နံနက် ၁၁နာရီတွင်ရေဝေးသုသာန်သို့ပို့ဆောင်သင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း။(နေအိမ်မှကားများ နံနက် ၉နာရီထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

**ဘုရား၊ရဟန်း၊သိမ်၊ ကျောင်း၊ ဇရပ် ဒါယကာကြီး**
**ဦးစောလွင်**
**(ဆေးဂွမ်း ပတ်တီး စက်ရုံ၊ မရမ်းကုန်း) (စက်မှု-၁၊ ငြိမ်း)**
**အသက်(၈၇)နှစ်**

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၁၂)ရပ်ကွက်၊ စက်မှုရိပ်သာလမ်း၊ တိုက် ၂၁၊ အခန်း ၇နေ (ဦးဘိုးအို-ဒေါ်စိန်ဥ) တို့၏ သား၊ (ဗိုလ်ကြီး ကြီးမြင့်-ဒေါ်သန်းမြင့်) တို့၏သားသမက်၊ ဦးမင်းလွင်-ဒေါ်ချိုချိုမာ(အားမေ)၊ဦးခင်မောင်လွင်(ဦးစီး အရာရှိ၊ ငွေစာရင်းဌာနခွဲ၊ ပြည်တွင်း အခွန်ဦးစီးဌာန-ရုံးချုပ်၊ နေပြည်တော်)-ဒေါ်ယင်းမာလွင်၊ (ဒေါ်သူဇာလွင်- စက်မှု-၁၊ ငြိမ်း)(UPDCရုံးချုပ်Audit ဌာန-ငြိမ်း)၊ ဦးမြင့်ကြည်(Territory Sales Manager, True Money Myanmar Co.,Ltd)တို့၏ဖခင်၊ မောင်မင်းသုခ(Technical Operator , Unilever E.A.C Co.,Ltd)- မအေးမြတ်မွန်၊ မဖူးမြတ်သွယ်၊ မောင်ရဲထက်တို့၏ အဘိုး၊ မဆုပြည့်ရတနာ၏ ဘိုးဘိုးကြီး၊ ဒေါ်ခင်ခင်သိန်း (ဆေးဂွမ်းပတ်တီးစက်ရုံ၊ မရမ်းကုန်း) (စက်မှု-၁၊ ငြိမ်း)၏ချစ်လှစွာသော ခင်ပွန်းသည် ၁၂-၃-၂၀၂၂ရက်(စနေနေ့) ညနေ ၃ နာရီတွင် (၈၆)ပါးသောရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ ညနေ ၅:၅၀ နာရီတွင် ထိန်ပင်သုသာန်၌ မီးသင်္ဂြိုဟ်ပြီး ဖြစ်ပါကြောင်း။

ကွယ်လွန်သူအား ရည်စူး၍ ၁၈-၃-၂၀၂၂ရက်(သောကြာနေ့)တွင် အထက်ပါ နေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာ ကြွရောက်ပါရန်ဖိတ်ကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

**ဦးကျော်ခင်**
**(လက်ထောက်ညွှန်ကြားရေးမှူး-ငြိမ်း)**
**မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်း**
**အသက်(၇၉)နှစ်**

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ (၁၃)ရပ်ကွက်၊ မဂ္ဂင်လမ်း၊ အမှတ်(၅၂/C)နေ [ဒေါ်စိန်စိန်(MEIC-ငြိမ်း)]၏ခင်ပွန်း၊ (ဦးအောင်ကျော်ဦး ) - ဒေါ်စုစုနွယ်၊ ဦးထွန်းကျော်ဦး (Krungthep Shine Co., Ltd)- ဒေါ်သူဇာမော်(ဓမ္မစကူးလ် ဖောင် ဒေးရှင်းဗဟို-နည်းပြ)၊ ဦးမင်းမင်းဦး- ဒေါ်ဥမ္မာပြုံးတို့၏ဖခင်၊ မြေးခြောက်ယောက်တို့၏အဘိုး ဦးကျော်ခင်သည် ၁၃-၃-၂၀၂၂ (တနင်္ဂနွေနေ့) နံနက် ၁နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ ဆန္ဒအရ ယင်းနေ့တွင်ပင် ထိန်ပင်သုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း။ [ကွယ်လွန်သူအား ရည်စူး၍ ၁၉-၃-၂၀၂၂ (စနေနေ့) နံနက် ၇နာရီမှ ၁၀ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန်ညှိုးငယ်သောစိတ်ထားဖြင့် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**
**ရဲမှူးချုပ် ရဲမြင့်(ငြိမ်း)**
**အသက်(၆၂)နှစ်**

ရန်ကုန်မြို့၊ (၄၅)လမ်း၊ 45 Complex Condo၊ အခန်း (502-B)၊ ဗိုလ်တထောင်မြို့နယ်နေ [ဦးလှမြင့်(ရဲမှူးကြီး-ငြိမ်း)]-ဒေါ်မြင့်မြင့်တို့၏သား၊ (ဦးစံမြင့်-ဒေါ်ခင်တီ)တို့၏သားသမက်၊ ဒေါ်ဖေယျာမြင့်၏ ချစ်လှစွာသော ခင်ပွန်း၊ မောင်သော်ဇေမြင့်၊ မဇီဇဝါရဲမြင့်တို့၏ ချစ်လှစွာသော ဖခင်သည် ၁၃-၃-၂၀၂၂ ရက် နံနက် ၄:၄၅နာရီတွင် (၈၆) ပါးသောရောဂါဖြင့် ပန်းလှိုင်ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၅-၃-၂၀၂၂ (အင်္ဂါနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင် မီးသင်္ဂြိုဟ်မည် ဖြစ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၁နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၉-၃-၂၀၂၂ (စနေနေ့) နံနက် ၉နာရီမှ မွန်းတည့် ၁၂နာရီအထိ (၄၅)လမ်းနေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

**ဒေါ်နော်အေးရွှေ**
**ဦးစီးအရာရှိ(သူနာပြု-ငြိမ်း)**
**အသက်(၇၁)နှစ်**

(ဦးချစ်စိန်-ဒေါ်လှသိန်း) တို့၏သမီး၊ (ဦးဗိုလ်ကျော်-ဒေါ်ကြည်ကြည်သန်း)တို့၏သမီးချွေးမ၊ ရန်ကုန်မြို့၊ ခြံအမှတ်(၃၄)၊ သီရိမင်္ဂလာလမ်း၊ ကမာရွတ်မြို့နယ်နေ ဦးကျော်လင်း၏ချစ်လှစွာသောဇနီး ဒေါ်နော်အေးရွှေသည် ၁၂-၃-၂၀၂၂ရက် မွန်းလွဲ ၂:၀၅ နာရီတွင် (၈၆)ပါးသောရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် ၁၃-၃-၂၀၂၂ရက် ညနေ ၃နာရီတွင် ထိန်ပင်သုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားသိစေအပ်ပါသည်။

ကျန်ရစ်သူမိသားစု

**ကန့်ကွက်နိုင်ပါသည်**

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၈၅)၊ လူနေရပ်ကွက်-ကံဘဲ့၊ မြေကွက်အမှတ်(၅ဘီ/၈)ဟုခေါ်တွင်သော ဧရိယာ(၂၂၃၇)စတုရန်းပေရှိ ပြင်ဆင်ပြီး အဆင့်မြင့် Condo တိုက်ခန်းအား ဒေါ်ယဉ်မင်းခိုင်[၁၂/ဒဂန(နိုင်)၀၀၁၃၂၂]က မူလပိုင်ရှင် Family United Power Co.,Ltd.ထံမှ တရားဝင်ဝယ်ယူပိုင်ဆိုင်ထားပြီး အရှုပ်အရှင်းတစ်စုံတစ်ရာမရှိဘဲ မိမိတစ်ဦးတည်း သဘောဆန္ဒအလျောက် လွတ်လပ်စွာ ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံသဖြင့် ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူမှ အဆိုပါအခန်းအား ပိုင်ရှင်ဖြစ်သူ ဒေါ်ယဉ်မင်းခိုင်ထံမှ အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန်အတွက် တိုက်ခန်းတန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါ တိုက်ခန်းအရောင်းအဝယ်နှင့်ပတ်သက်၍ ပိုင်ရေးပိုင်ခွင့်ရှိသူဟု ဆိုသူမည်သူမဆို ခိုင်လုံသော စာရွက်စာတမ်း အထောက်အထားများနှင့်တကွ ကျွန်ုပ်တို့ထံသို့ ယနေ့မှ (၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အဆိုပါ Condo တိုက်ခန်းအရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးဆုံးအောင် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဒေါ်မြတ်သီတာအောင်(LL.B)** | **ဦးတင်ထွဋ် H.G.P.,LL.B.(Advocate)** |
| **တရားလွှတ်တော်ရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ** |
| **(စဉ်-၁၂၇၅၁/၂၀၁၇)** | **(စဉ်-၅၇၆၀/၁၉၉၁)** |
| **ဒေါ်ထက်ထက်အောင်(LL.B)** | **အမှတ်(၁၃၂)၊ပထမထပ်၊ပန်းဆိုးတန်းလမ်း၊** |
| **အထက်တန်းရှေ့နေ(စဉ်-၅၃၂၈၈/၂၀၂၀)** | **ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။** |
| | **ဖုန်း-၀၉-၄၄၃၁၁၉၂၅၆** |

**ကန့်ကွက်နိုင်ကြောင်းကြော်ငြာ**

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၄/၅ တိုးချဲ့၊ မြေကွက်အမှတ်-၁၁၃/ခ၊ မြေကွက်တည်နေရာအမှတ်(၁၁၃/ခ)၊ ကေတုမာလာရိပ်သာ၊ ၄/၅ တိုးချဲ့ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ် {ဦးမြင့်ရီ[၁၂/ဥပဟန(နိုင်)၀၂၇၀၅]} အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဦးမြင့်ရီ(ခင်ပွန်း)ကွယ်လွန်သဖြင့် ဒေါ်ခင်ခင်အေး[၁၂/ဥပဟန(နိုင်)၀၂၁၄၅၈]မှ တစ်ဦးတည်းသောဇနီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာ(၁၄/၂-၂-၂၀၂၂)၊ သေစာရင်း၊ အိမ်ထောင်စုစာရင်း၊ ဂရန်မူရင်းတို့တင်ပြ၍ ၎င်း၏ကိုယ်စားလှယ်လွှဲစာအမှတ်(၁၀၅၅၇/၈-၁၂-၂၀၂၁) ဖြင့်ရရှိသူ GP ဦးဟန်ဇော်ဝင်း[၁၂/ဥကတ(နိုင်)၁၇၆၇၅၂]မှ ပါဝါပေးသူ သက်ရှိထင်ရှားရှိကြောင်း၊ ပါဝါမရုပ်သိမ်းသေးကြောင်း ကျမ်းကျိန်လွှာ(၁၇/၂-၂-၂၀၂၂) တို့တင်ပြ၍ ပိုင်ဆိုင်ကြောင်းနှင့် အရောင်းမြေပုံကူးလျှောက်ထားလာခြင်းအား တရားဝင် ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

**အထူးဝမ်းနည်းကြေကွဲခြင်း**
**ဒေါ်မာမာဝေ(ခ)နော်ရီစာတင်**
**အသက်(၉၀)**

ချစ်သူငယ်ချင်း ဒေါ်နွယ်နီအေး သိက္ခာတော်ရ ဆရာမကြီး(လွတ်လပ်သော မက်သဒစ် အသင်းတော်)-ဦးဇဏ္ဍာတို့၏ချစ်လှစွာသော မိခင်ကြီး ဒေါ်မာမာဝေ(ခ)နော်ရီစာတင်သည် ၁၀-၃-၂၀၂၂(ကြာသပတေးနေ့) မွန်းလွဲ ၁:၁၅နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားကြောင်း ကြားသိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူဝမ်းနည်းကြေကွဲရပါသည်။

**ဆရာဦးတင်ဌေး၊ ဆရာဦးအောင်မြင့်နှင့်**
**မြစ်ကြီးနားဒေသကောလိပ် မွေးမြူရေးဌာနမိသားစု(၁၉၈၀)သူငယ်ချင်းများ**
**ကိုဒေး၊ ညီ၊ မြတ်၊ ဝင့်၊ မွန်၊ ဆက်၊ ခင်ခင်အေး၊ တင်မောင်အေး၊ ဝင်းတင်၊ ခင်မြင့်၊ ကံမြင့်၊ လာလာ၊ မျိုးမင်းအောင်၊ ကျော်သူ၊ စိုးဗိုလ်**

**“ကန့်ကွက်နိုင်ပါသည်”**

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၁)၊ မြေကွက်အမှတ်(၄၈၀)၊ ဧရိယာ(၀.၀၅၆)ဧကရှိ နှစ်(၆၀)ဂရန်မြေကွက်နှင့် အမှတ်(၄၈၀)၊ ဆရာစံလမ်း၊ (၃၁)ရပ်ကွက်ဟုခေါ်တွင်သော မြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား ဂရန်အမည်ပေါက် ဦးမြင့်မောင်(KYN-၁၅၇၈၂၁) ထံမှ အရပ်စာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားသူ ဒေါ်နန်းငွေခင်[၁၂/ဗဟန(နိုင်)၀၀၇၇၀၅] ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေ ပေးချေထားပြီး ဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက တရားဝင် ခိုင်လုံသောစာချုပ်စာတမ်းမူရင်းများဖြင့် ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဦးဘူမောင်(LL.B)(စဉ်-၂၂၇၄၇)** | **ဒေါ်ရွှေစင်ဝင်း(စဉ်-၁၆၇၀၅)** |
| **(အထက်တန်းရှေ့နေ)** | **(တရားလွှတ်တော်ရှေ့နေ)** |

**အမှတ်(၅/၁၁)၊ မြေညီ၊ ဗျိုင်းရေအိုးစင်လမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၅၁၁၈၀၀၇၊ ၀၉-၅၁၈၃၅၆၉၊ ၀၉-၂၅၄၂၇၈၃၃၆**





**ကမ္ဘာ့အပူချိန် လျှော့ချဖို့ အိုဇုန်းလွှာ**
**ကာကွယ်မှုနဲ့အတူ ဆက်လက်ဆောင်ရွက်စို့**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် ၉ ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှု အပြည့်ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး

(ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကို ကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး “မူ” ကို ဆက်လက်လိုက်နာကျင့်သုံးရေး

၂။ **စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့် မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး

(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး

(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင် အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး

၃။ **လူမှုရေး**

(က) စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်း အစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှုစရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး

(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

## နိုင်ငံတော်တာဝန်ကို ဆက်လက်ထမ်းဆောင်မည့်အခြေအနေ

- နိုင်ငံမငြိမ်မသက်ဖြစ်ခြင်းရဲ့ အကျိုးဆက်များဟာ ကမ္ဘာတစ်ဝန်းမှာ နမူနာပေါင်းများစွာရှိနေပါတယ်။
- တပ်မတော်ဟာ ကိုယ်ကျိုးရှာသည့်အဖွဲ့၊ အဖွဲ့အစည်းတစ်ခုအတွက် တည်ရှိနေသော အဖွဲ့အစည်း မဟုတ်ပါဘူး၊ ပြည်ထောင်စုတိုင်းရင်းသားအားလုံးကို အကာအကွယ်ပေးဖို့ တည်ရှိတဲ့အဖွဲ့အစည်းဖြစ်ပါတယ်။ ခေတ်အဆက်ဆက် နိုင်ငံ့ကာကွယ်ရေးတာဝန်များကို ပြည်သူနဲ့ပူးပေါင်းပြီး ဦးလည်မသုန်ဆောင်ရွက်ခဲ့သလို ယခု ၁၀ နှစ်အတွင်းမှာလည်း ပါတီစုံဒီမိုကရေစီလမ်းကြောင်း ပီပြင်ခိုင်မာရေးအတွက် တတ်စွမ်းသလောက် သစ္စာရှိရှိဆောင်ရွက်ပေးခဲ့ပါတယ်။ ဒီလမ်းစဉ်အတိုင်း ကတိတည်စွာနဲ့ ဆောင်ရွက်သွားမယ်ဆိုတာ ပြောလိုပါတယ်။
- ဖြစ်ပေါ်နေတဲ့ အခြေအနေတွေကို ခြုံငုံသုံးသပ်ကြည့်ပါက ပြည်တွင်း/ပြည်ပ အကြမ်းဖက်သမားတွေနဲ့ ၎င်းတို့ကိုအားပေးနေတဲ့ လူပုဂ္ဂိုလ်အဖွဲ့အစည်းတွေရဲ့ လိုလားချက်မှာ ဒီမိုကရေစီထက် မြန်မာနိုင်ငံအလုံးစုံပျက်သုဉ်းရေးကိုသာ ဦးတည်နေပါတယ်။ နိုင်ငံတော်ကာကွယ်ရေးမှာ ပြည်သူများကို ကာကွယ်ရန်ဖြစ်ပြီး မင်းမဲ့စရိုက်အဖြစ်မခံနိုင်ပါဘူး။ လျစ်လျူရှုလို့လည်း မရပါဘူး။ ဒါကြောင့် အချို့နေရာများမှာ စွန့်စားပြီးပေးဆပ်ကာကွယ်ရခြင်းဖြစ်ပါတယ်။

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ(၁)နှစ်ပြည့် နိုင်ငံတော်တာဝန် ထမ်းဆောင်ခဲ့မှုနှင့်ပတ်သက်၍ ပြောကြားခဲ့သည့်မိန့်ခွန်းမှ ကောက်နုတ်ချက်)



## ကိုးကွေ့တောင်ကြိုးပြင်ကာကွယ်တော သတ်မှတ်ခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာနက ၂၀၁၈ ခုနှစ်၊ စက်တင်ဘာလတွင် ထုတ်ပြန်သည့် သစ်တောဥပဒေပုဒ်မ (၆)၊ ပုဒ်မခွဲ(င)အရ အပ်နှင်းထားသော အခွင့်အာဏာများကို ကျင့်သုံး၍ ရှမ်းပြည်နယ်၊ ကျိုင်းတုံခရိုင်၊ မိုင်းပျဉ်းမြို့နယ်အတွင်း ကျရောက်နေသည့် ဧရိယာအကျယ်အဝန်း ၁၃,၈၀၃ ဧကရှိသော နယ်မြေကို “ကိုးကွေ့တောင်ကြိုးပြင်ကာကွယ်တော” အဖြစ် အမိန့်ကြော်ငြာစာအမှတ်(၅၄/၂၀၂၂) အရ ၁၃၈၃ ခုနှစ်၊ တပေါင်းလဆန်း ၁၀ ရက် (၂၀၂၂ ခုနှစ်၊ မတ်လ ၁၁ ရက်)မှစ၍ သတ်မှတ်ကြောင်း ကြေညာလိုက်သည်။

စာမျက်နှာ ၁၉ ကော်လံ ၁ သို့ ●

**ယနေ့ထုတ် ကြေးမုံသတင်းစာ စာမျက်နှာ ၁၆၊ ၁၇၊ ၁၈၊ ၁၉ တွင် ၂၀၂၂ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အထောက်အကူပြု ပထဝီဝင်ဘာသာရပ်ဆိုင်ရာ သိကောင်းစရာများ ပါရှိပါသည်။**

## တိုက်စစ်မှူး စီရိုနယ်လ်ဒိုရဲ့ ဟက်ထရစ်သွင်းဂိုးနဲ့ စပါးအသင်းကို မန်ယူအသင်းက သုံးဂိုး-နှစ်ဂိုးဖြင့်အနိုင်ရ

မန်ယူအသင်းနဲ့ စပါးအသင်းတို့ မတ် ၁၂ ရက်ညပိုင်းက အိုးထရက်ဖို့ဒ်၌ ယှဉ်ပြိုင်ကစားခဲ့တဲ့ ပရီမီယာလိဂ်ပွဲစဉ် ၂၉ မှာ မန်ယူအသင်းက တိုက်စစ်မှူး စီရိုနယ်လ်ဒိုရဲ့ ဟက်ထရစ်သွင်းဂိုးနဲ့ စပါးအသင်းကို သုံးဂိုး-နှစ်ဂိုးနဲ့ အနိုင်ရရှိခဲ့ပါတယ်။

အဲဒီပွဲစဉ်မှာ မန်ယူအသင်းက ပွဲကစားချိန် ၁၂ မိနစ်၊ ၃၈ မိနစ်နဲ့ ၈၁ မိနစ်တို့မှာ တိုက်စစ်မှူး စီရိုနယ်လ်ဒိုက သွင်းဂိုးသုံးဂိုး သွင်းယူပေးခဲ့တာဖြစ်ပြီး စပါးအသင်းအတွက် ချေပဂိုးနှစ်ဂိုးကိုတော့ ပွဲကစားချိန် ၃၅ မိနစ်မှာ

စာမျက်နှာ ၂၆ ကော်လံ ၁ သို့ ✻



**ယနေ့** ဖတ်စရာ

**ကာကွယ်ဆေးထုတ်လုပ်မှု မှတ်တိုင်အသစ်**
Myancopharm

စာမျက်နှာ » ၁၁




**မန္တလေးတိုင်းဒေသကြီး နွားထိုးကြီးမြို့နယ်၌ အလယ်တန်းပြဆရာမ တစ်ဦးကို အကြမ်းဖက်သမားများက သေနတ်၊ ဓားများဖြင့် အကြောင်းမဲ့ ရက်စက်စွာ ထိုးခုတ်ပစ်ခတ်သတ်ဖြတ်**

စာမျက်နှာ » ၁၅




စာမျက်နှာ » ၂၅